# မာတိကာ


| | စာမျက်နှာ |
|---|---|
| မိတ်ဆက်နိဒါန်း | ၄ |
| **အခန်း–(၁)။ ။ ချဉ်းကပ်စည်းရုံးမှုဟူသည် အဘယ်နည်း** | ၄ |
| ရည်ရွယ်ချက်များ | ၄ |
| ချဉ်းကပ်စည်းရုံးမှုကိုအဓိပ္ပါယ်ဖွင့်ဆိုခြင်း | ၄ |
| ချဉ်းကပ်စည်းရုံးမှုနှင့်ပတ်သက်၍အဖွဲ့အစည်းဆိုင်ရာယေဘူယျသဘောထားတည်ဆောက်ခြင်း | ၅ |
| ချဉ်းကပ်စည်းရုံးခြင်းနှင့်အခြားသောစည်းရုံးလှုံ့ဆော်မှုဆိုင်ရာလုပ်ငန်းများအကြား ကွဲပြားခြားနားမှု | ၈ |
| **အခန်း–(၂)။ ။ ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်** | ၈ |
| ရည်ရွယ်ချက်များ | ၈ |
| ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းအတွက်စီမံချက်ချမှတ်ခြင်း | ၈ |
| ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်တွင်ပါဝင်သည့်လုပ်ငန်းအဆင့်များ | ၉ |
| ထိရောက်သည့်ချဉ်းကပ်စည်းရုံးမှုဆိုင်ရာမဟာဗျူဟာအတွက်မှတ်သားစရာအချက်များ | ၁၂ |
| ချဉ်းကပ်စည်းရုံးမှုဆိုင်ရာစီမံချက်အဆင့်များ (ဒေသဆိုင်ရာမှ ကမ္ဘာ့အတိုင်းအတာ) | ၁၃ |
| အခန်း–(၃)။ ။ ပြဿနာရပ်များအားခွဲခြမ်းစိတ်ဖြာခြင်း | ၁၄ |
| ရည်ရွယ်ချက်များ | ၁၄ |
| ချဉ်းကပ်စည်းရုံးမည့်အကြောင်းအရာရွေးချယ်မှုဖြစ်စဉ် | ၁၄ |
| **အခန်း–(၄)။ ။ ရည်မှန်းချက်ပန်းတိုင်အားသေချာစွာ ချမှတ်ခြင်း** | ၁၆ |
| ရည်ရွယ်ချက်များ | ၁၆ |
| ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက် ရည်မှန်းချက်ပန်းတိုင်ရွေးချယ်မှုဖြစ်စဉ် | ၁၆ |
| အခန်း–(၅)။ ။ စိတ်ဓါတ်အင်အားမြှင့်တင်ပေးခြင်းနှင့်တပ်ပေါင်းစုတည်ဆောက်ခြင်း | ၁၈ |
| ရည်ရွယ်ချက်များ | ၁၈ |
| စိတ်ဓါတ်အင်အားမြှင့်တင်ပေးခြင်းဆိုသည်မှာအဘယ်နည်း | ၁၉ |
| စိတ်ဓါတ်အင်အားမြှင့်တင်ပေးခြင်းနှင့်နိုင်ငံရေး | ၁၉ |
| စိတ်ဓါတ်အင်အားမြှင့်တင်ရန်ချဉ်းကပ်ခြင်း | ၂၀ |
| တပ်ပေါင်းစုတည်ဆောက်ခြင်း | ၂၁ |
| အခန်း–(၆)။ ။ မိမိကိုယ်မိမိပြန်လည်အကဲဖြတ်ခြင်း | ၂၄ |
| ရည်ရွယ်ချက်များ | ၂၄ |
| မိမိကိုယ်မိမိပြန်လည်အကဲဖြတ်ခြင်းနှင့်ပတ်သက်၍အရေးကြီးခြင်း | ၂၄ |
| အားနည်းချက်နှင့်အားသာချက်များအားသုံးသပ်ခြင်း | ၂၄ |
| အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၂၆ |
| အခန်း–(၇)။ ။ ထည့်သွင်းဖော်ပြမည့်အခန်းများအပေါ်ပြန်လည်သုံးသပ်ခြင်း | ၂၆ |
| ရည်ရွယ်ချက်များ | ၂၆ |

ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာပတ်ဝန်းကျင်အခြေအနေ၏ အကျိုးသက်ရောက်မှု ၂၆
ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာပတ်ဝန်းကျင်ကိုတွန်းအားပေးသည့်အကြောင်းအရာများ ၂၇

အခန်း-(၈)။ ။ စည်းရုံးရမည့်ပရိသတ်အားစဉ်းစားရွေးချယ်ခြင်း ၂၈
ရည်ရွယ်ချက်များ ၂၈
မည်သူများသည် စည်းရုံးရမည့်ပရိသတ်ဖြစ်ပါသနည်း ၂၈
စည်းရုံးရန်ဖြစ်နိုင်ချေရှိသောပရိသတ်များ (လက်ခံကြားနာမည့်သူများ) ၂၉
စည်းရုံးရမည့်ပရိသတ်အားခွဲခြမ်းစိတ်ဖြာခြင်း ၃၀
အဓိကစည်းရုံးရမည့်အုပ်စုများကိုစဉ်းစားဆုံးဖြတ်ခြင်း ၃၁

အခန်း-(၉)။ ။ သတင်းအချက်အလက်များတည့်ဆောက်ခြင်း ၃၂
ရည်ရွယ်ချက်များ ၃၂
သတင်းအချက်အလက်များ၏အရေးပါမှု ၃၂
ထည့်သွင်းဖော်ပြမည့်အကြောင်းအရာများပြုစုခြင်း ၃၂
သတင်းအချက်အလက်များထဲမှ ပဏာမတင်ပြမှု ၃၃

အခန်း-(၁၀)။ ။ မဟာဗျူဟာရွေးချယ်ချမှတ်ခြင်း ၃၄
ရည်ရွယ်ချက်များ ၃၄
ချဉ်းကပ်စည်းရုံးမှုဆိုင်ရာမဟာဗျူဟာအား ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့်အစီအစဉ်တကျနေရာချခြင်း ၃၄
ချဉ်းကပ်စည်းရုံးမှုဆိုင်ရာမဟာဗျူဟာများ ၃၅

အခန်း-(၁၁)။ ။ ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ဆောင်မှုအားပြန်လည်သုံးသပ်ခြင်း ၄၃
ရည်ရွယ်ချက်များ ၄၃
ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှုအားပြန်လည်သုံးသပ်မှုဖြစ်စဉ်

နောက်ဆက်တွဲ-(၁)။ ။ အာပြေမျာအားခွဲခြမ်းစိတ်ဖျာခြင်းဆိုင်ရာ လုပ်ငန်းပုံစံချပ် ၄၄

နောက်ဆက်တွဲ-(၂)။ ။ ချဉ်းကပ်စည်းရုံးမည့်ပရိသတ်အာကဲဖြတ် လုပ်ငန်းပုံစံချပ် ၄၅

နောက်ဆက်တွဲ-(၃)။ ။ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းပုံစံချပ် ၄၆

နောက်ဆက်တွဲဇတ်ရန်မှတ်ရန် ၄၇

## မိတ်ဆက်နိဒါန်း

ချဉ်းကပ်စည်းရုံးခြင်းသည် အောင်မြင်သည့် အပြောင်းအလဲအတွက် လက်နက်ကိရိယာတစ်ခုဖြစ်သည်။ လူအများကို စုစည်း၍စနစ်တကျဖွဲ့စည်းခြင်းဖြင့် လူတစ်ယောက်ချင်းစီသည် လူထုနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ကိုယ်စားပြုထုတ်ဖော်ပြောဆိုလာနိုင်သည်သာမက မူဝါဒပုံဖော်ဖွဲ့စည်းမှုကိုပါ ဩဇာလွှမ်းမိုးလာနိုင်ပြီး လူ့အဖွဲ့အစည်းများကိုပါ စည်းရုံးလှုံ့ဆော်လာနိုင်သည်။ ထိရောက်သည့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းအတွက် အဆုံးအရှုံးမရှိနိုင်သည့် ပုံသေနည်းအခိုင်အမာမရှိသော်လည်း ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုအောင်မြင်နိုင်ရန်အတွက် သေချာသည့်အဓိကအရည်အချင်းဆိုင်ရာသတ်မှတ်ချက်များရှိသည်။

ဤလက်စွဲစာအုပ်သည် ထိရောက်သည့် ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုတစ်ရပ်အတွက် လိုအပ်သည့်အခြေခံအဆင့်များကို ပုံစံတကျလုပ်ဆောင်နိုင်ရန်နှင့် ချဉ်းကပ်စည်းရုံးမှုဆိုင်ရာအရည်အချင်းများအတွက်အထောက်အကူရရှိစေရန်ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်သည်။

ဤကျွမ်းကျင်မှုစွမ်းရည်များသည် အရေးကြီးသည်ဆိုသော်ငြားလည်း ပို၍အရေးတကြီးအသိအမှတ်ပြုရမည့်အချက်မှာ ထိရောက်သည့်စည်းရုံးလှုံ့ဆော်သူများသည် ပညာရင့်ကျက်၍ ကျွမ်းကျင်မှုအဆင့်အတန်းမြင့်မားစွာရှိသူဖြစ်ရန်မလိုအပ်ဘဲ အကြောင်းကိစ္စများနှင့် ၎င်းကိစ္စများကြောင့်ထိခိုက်ခံရသူများအပေါ်စာနာထောက်ထား၍ ၎င်းတို့အတွက် တတ်စွမ်းသမျှ တာဝန်ယူဆောင်ရွက်ရန် အာမခံခြင်းကို အသိအမှတ်ပြုရန် ပို၍အရေးကြီးသည်။ ၎င်းသည် အသက်ရှင်နေထိုင်မှုဘဝများအား ထိခိုက်စေသည့်မူဝါများကို ပြောင်းလဲရန်သက်သက်သာမဟုတ်ဘဲ ကမ္ဘာတဝှမ်းဖြစ်ပျက်နေသည့် ဆုံးဖြတ်ချက်ချမှတ်မှုနည်းလမ်းများအား ပြောင်းလဲပြစ်ရန်လည်းဖြစ်သည်၊ ဤသို့ပြောင်းလဲရာတွင် ဆုံးဖြတ်ချက်ချမှတ်သည့်ကဏ္ဍများ၌ လူ့အဖွဲ့အစည်းအသီးသီးဝင် လူသားအားလုံး ပိုမိုပြည့်စုံပါဝင်နိုင်အောင် ပြောင်းလဲပြစ်ရန်ဖြစ်သည်။

ဤလက်စွဲစာအုပ်သည် ကမ္ဘာကြီးပေါ်တွင် ချဉ်းကပ်စည်းရုံးခြင်းဖြင့် အပြောင်းအလဲဖော်ဆောင်ခြင်းကို စိတ်ဝင်တစားနှင့်လိုက်လိုက်လှဲလှဲ တာဝန်ယူဆောင်ရွက်လိုသူများအတွက် လက်တွေ့လမ်းညွှန်အဖြစ်အသုံးချရန်ရည်ရွယ်သကဲ့သို့၊ အာဏာဖွဲ့စည်းတည်ဆောက်ပုံတို့ကိုဖိအားပေးရန်၊ ယခင်ကကိုယ်စားမပြုနိုင်သည့် လူထုအသံများကို အင်အားမြှင့်တင်ပေးရန်နှင့် လူ့အဖွဲ့အစည်းအတွင်း၌ အများစုအတွက်လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများအတွက် လုပ်ကိုင်နေကြသည့် တသီးပုဂ္ဂလများ၊ ခေါင်းဆောင်များ၊ လူမှုအသိုင်းအဝိုင်းများနှင့် အဖွဲ့အစည်းများအတွက် ရည်ရွယ်၍ရေးသားထားသည်။

# အခန်း–(၁)

# ချဉ်းကပ်စည်းရုံးမှုဟူသည် အဘယ်နည်း

### ရည်ရွယ်ချက်များ

- ချဉ်းကပ်စည်းရုံးမှု၏ အမျိုးမျိုးသောအဓိပ္ပါယ် ဖွင့်ဆိုချက်များကို စဉ်းစားသုံးသပ်ရန်၊
- အဖွဲ့အစည်း၏ ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလုပ်ငန်းနှင့်ပတ်သက်၍ ယေဘူယျသဘောထားအား သတ်မှတ်ပြဌာန်းရန်၊
- ဆက်စပ်နေသည့်အယူအဆများမှ ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလုပ်ငန်းအား ကွဲကွဲပြားပြားသိရှိစေရန်။

## ချဉ်းကပ်စည်းရုံးမှုကိုအဓိပ္ပါယ်ဖွင့်ဆိုခြင်း

ချဉ်းကပ်စည်းရုံးမှုဟုဆိုရာတွင် တမျိုးတဘာသာထူးခြားသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ဟူ၍သတ်သတ်မှတ်မှတ်မရှိဘဲ လူတဦးချင်း၏စံချိန်စံနှုန်းများ၊ ယဉ်ကျေးမှုပိုင်းဆိုင်ရာယုံကြည်ချက်များ၊ နိုင်ငံရေးအမြင်နှင့်လုပ်ငန်းအစီအစဉ်တို့အပေါ်တွင် မူတည်ပြီး အဓိပ္ပါယ်ဖွင့်ဆိုချက်အမျိုးမျိုးကွဲပြားနိုင်သည်။ ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှုထောင့်အမြင်အပေါ် အချို့ကအထူးအာရုံစူးစိုက်နေစဉ်တွင် အချို့ကချဉ်းကပ်စည်းရုံးမှုကို မဟာဗျူဟာလုပ်ငန်းစဉ်တခု၏ရလာဒ်အဖြစ်

အဓိပ္ပါယ်ဖွင့်ဆိုကြသည်။ အချို့က ချဉ်းကပ်စည်းရုံးမှုတွင်ပါဝင်ပတ်သက်နေသည့် အာဏာတည်ဆောက်ပုံကိုအာရုံစူးစိုက်လေ့လာကြသည်။ အချို့မှာယခုချိန်တိုင်အောင် ချဉ်းကပ်စည်းရုံးမှုသည် စည်းရုံးလှုံ့ဆော်ရေးသမားများ၏ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်၏ရလာဒ်ဟု အဓိပ္ပါယ်ဖွင့်ဆိုနေကြသည်။

**ချဉ်းကပ်စည်းရုံးမှုဆိုင်ရာနမူနာအမြင်များ**

**ရလာဒ်အပေါ်အာရုံစူးစိုက်မှု ။** ။ လူ့အဖွဲ့အစည်း၏ လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံရေးပတ်ဝန်းကျင်ဆိုင်ရာတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုရှိသည့် မဟာဗျူဟာမြောက်ဆောင်ရွက်ချက်။

**ဖြစ်စဉ်အပေါ်အာရုံစူးစိုက်မှု ။** ။ အကြောင်းအရာများကိုခွဲခြမ်းစစ်ဆေးခြင်းမှတဆင့် အပြောင်းအလဲများတည်ဆောက်ခြင်း၊ ရည်မှန်းချက်ပန်းတိုင်တည်ဆောက်ခြင်း၊ အရင်းအမြစ်များနေရာချခြင်း၊ သီးသန့်မဟာဗျူဟာများရွေးချယ်ချမှတ်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်း။

**ဖြစ်စဉ်နှင့်ရလာဒ်အပေါ်အာရုံစူးစိုက်မှု ။** ။ အကြောင်းအရာများကိုခွဲခြမ်းစစ်ဆေးခြင်းဖြစ်စဉ်များ၊ လူ့အဖွဲ့အစည်း၏ လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံရေးပတ်ဝန်းကျင်ဆိုင်ရာမျက်နှာစာများတွင် အကျိုးရှိသောအပြောင်းအလဲများဖြစ်ထွန်းရန် ရည်မှန်းချက်ပန်းတိုင်တည်ဆောက်ခြင်း၊ အရင်းအမြစ်များနေရာချခြင်း၊ သီးသန့်မဟာဗျူဟာများရွေးချယ်ချမှတ်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်း။

ချဉ်းကပ်စည်းရုံးမှု၏အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလုပ်ရှားမှုတရပ်အပေါ် သဘောထားအမြင်၊ ချဉ်းကပ်ပုံချဉ်းကပ်နည်း၊ မဟာဗျူဟာများနှင့် လက်တွေ့လုပ်ဆောင်ချက်များအခြေခံအပေါ်မှုတည်သကဲ့သို့ အဆိုပါလှုပ်ရှားမှုတွင် အုပ်စုများ၊ တသီးပုဂ္ဂလများပါဝင်မှုနှင့် ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလှုပ်ရှားမှုအပေါ်၎င်းတို့ပါဝင်မှုအခန်းကဏ္ဍများအပေါ်တွင် စဉ်းစားသုံးသပ်နိုင်သည်။

ချဉ်းကပ်စည်းရုံးမှု၏အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အကြောင်းအရာများအပေါ်အဓိပ္ပါယ်ဖွင့်ဆိုမှု၌ ဩဇာလွှမ်းမိုးနိုင်သကဲ့သို့ ရည်မှန်းချက်များတည်ဆောက်ခြင်းနှင့်မဟာဗျူဟာချမှတ်ခြင်းတို့အပေါ်တွင်လည်း ဩဇာသက်ရောက်နိုင်သည်။ ဤသို့သော အကြောင်းများကြောင့် အဖွဲ့အစည်းတခုအနေဖြင့် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းနှင့်ဆက်စပ်လုပ်ဆောင်ခြင်းသည် မည်သို့သောအဓိပ္ပါယ်သက်ရောက်သည်ကို အမြင်ရှုထောင့်အသီးသီးမှစဉ်းစားသုံးသပ်ထားရန်အရေးကြီးသည်။

## ချဉ်းကပ်စည်းရုံးမှုနှင့်ပတ်သက်၍အဖွဲ့အစည်းဆိုင်ရာယေဘူယျသဘောထားတည်ဆောက်ခြင်း

ချဉ်းကပ်စည်းရုံးမှုနှင့်ပတ်သက်၍ ပြည့်စုံတိကျသည့် အဓိပ္ပါယ်သတ်မှတ်ချက်အား ပုံသေဖော်ထုတ်ရန် မဆောင်ရွက်ရသေးမီ အဖွဲ့အစည်းတစ်ခုရှိ အဖွဲ့ဝင်များအား ချဉ်းကပ်စည်းရုံးမှုနှင့်ပတ်သက်၍ ဆွေးနွေးကြည့်ပါက အဖွဲ့အစည်းတခုအတွင်းမှာပင် ထင်မြင်ယူဆချက်အမျိုးမျိုး ရရှိလိမ့်မည်ဖြစ်သည်။ ဤသို့ဖြင့်မိမိ၏အဖွဲ့ဝင်များအကြားနှင့် မိမိတို့ဆောင်ရွက်မည့်လှုပ်ရှားမှုအတွက် ချဉ်းကပ်စည်းရုံးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရန်အခွင့်အလမ်းတရပ်ကို ရရှိစေမည်ဖြစ်သည်။ ချဉ်းကပ်စည်းရုံးမှု၏အဓိပ္ပါယ်နှင့်ပတ်သက်၍ အားလုံးပါဝင်သည့်သဘောတူညီမှုတစုံတရာတည်ဆောက်နိုင်ခြင်းသည် အဖွဲ့အစည်းတခုတွင် ခိုင်မာသည့် ချဉ်းကပ်စည်းရုံးရေးအသင်းတခုတည်ဆောက်နိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။

## ချဉ်းကပ်စည်းရုံးမှုနှင့်ပတ်သက်၍အဖွဲ့အစည်းများ၏အဓိပ္ပါယ်ဖွင့်ဆိုချက်များ

အောက်ဖော်ပြပါတို့သည် ချဉ်းကပ်စည်းရုံးမှုနှင့်ပတ်သက်၍ အခြားအဖွဲ့အစည်းများ မည်သို့အဓိပ္ပါယ်ဖွင့်ဆိုထားကြသည်ကို ဖော်ပြထားသည့် ဥပမာအချို့ဖြစ်သည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်တို့သည် ချဉ်းကပ်စည်းရုံးမှုနှင့်ပတ်သက်၍တဦးခြင်းယူဆထားသည့် အဓိပ္ပါယ်ဖွင့်ဆိုမှုများအပေါ် စံနှုန်းသတ်မှတ်ချက်များနှင့်လမ်းညွှန်ချက်များရရှိစေရန်အထောက်အကူပြုမည်ဖြစ်သည်။

"ချဉ်းကပ်စည်းရုံးခြင်း (advocacy) သည် အကြောင်းရင်း သို့မဟုတ် ကိစ္စရပ်တစ်ခုအပေါ်အထောက်အပံ့ပြုသည့် လုပ်ငန်းစဉ် သို့မဟုတ် လုပ်ဆောင်ချက်တခုဖြစ်သည်။ ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှု (advocacy campaign) သည် အကြောင်းရင်း သို့မဟုတ် ကိစ္စရပ်တစ်ခုကို အထောက်အပံ့ပြုရန်ရည်ရွယ်၍ ဦးတည်ဆောင်ရွက်သည့် လုပ်ဆောင်ချက်တရပ်ဖြစ်သည်။ ကျွန်ုပ်တို့သည် အကြောင်းအရာ သို့မဟုတ် ကိစ္စတရပ်အပေါ်ချဉ်းကပ်စည်းရုံးကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် –

၁။ ထိုအကြောင်းကိစ္စရပ်အတွက် ထောက်ခံအားပေးမှုကို တည်ဆောက်ချင်ကြသည်။

၂။ ထိုအကြောင်းကိစ္စရပ်ကို ထောက်ပံ့ကူညီရန် အခြားသူများကို တိုက်တွန်းချင်သည် သို့မဟုတ်

၃။ အဆိုပါကိစ္စရပ်အပေါ် ထိခိုက်နစ်နာစေသည့် ပြဌာန်းဥပဒေတို့ကို ပြောင်းလဲရန် သို့မဟုတ် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းချင်ကြသည်။"

*- International Planned Parenthood Federation: IPPF Advocacy guide 1995*

"ချဉ်းကပ်စည်းရုံးခြင်းသည် အာဏာဆက်နွယ်မှုများကို ပြုပြင်ပြောင်းလဲရန် စည်းရုံးစုစည်းထားသည့် နိုင်ငံသားတို့မှ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုအစီအစဉ်များဖြင့်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ချဉ်းကပ်စည်းရုံးခြင်း၏ရည်ရွယ်ချက်သည် ဤလုပ်ငန်းစဉ်၌ပါဝင်သည့် ပြည်သူလူထုကိုအကျိုးဖြစ်ထွန်းစေမည့် သီးသန့်မူဝါဒအပြောင်းအလဲများကို အောင်မြင်မှုရရှိစေရန်ဖြစ်သည်။ ထိုအပြောင်းအလဲများသည် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍ၌ ဖြစ်ပျက်နိုင်သည်။ ထိရောက်သည့်ချဉ်းကပ်စည်းရုံးမှုကိုကျိုးကြောင်းဆီလျော်သည့် အချိန်ကာလဘောင်တစ်ခုအတွင်းနှင့် မဟာဗျူဟာမြောက် အစီအမံတရပ်အရ အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။"

*The Arias Foundation (Costa Rica)*

"ချဉ်းကပ်စည်းရုံးခြင်းသည် မကွယ်မဝှက်ပြောဆိုခြင်း၊ အရေးကြီးသည့်အကြောင်းကိစ္စရပ်တခုကို လူထုအာရုံစူးစိုက်မှုကိုဆွဲဆောင်ခြင်းနှင့် အဖြေတခုရရန် ဆုံးဖြတ်ချက်ချမှတ်သူများထံ တိုက်ရိုက်ချဉ်းကပ်ခြင်း စသည်တို့ဖြစ်သည်။ ချဉ်းကပ်စည်းရုံးခြင်းသည် သီးသန့်ခြားနားသည့်အရာတစ်ခုကိုပြုလုပ်ရန် အခြားသောလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အတူတကွလုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်သည်။"

*CEDPA: Cairo, Beijing and Beyond: A Handbook on Advocacy for Women Leaders*

"ချဉ်းကပ်စည်းရုံးခြင်းသည် အကြောင်းကိစ္စတခုအား တိုးတက်အောင်ဆောင်ရွက်ခြင်း သို့မဟုတ် မူဝါဒများအပေါ် ဩဇာလွှမ်းမိုးခြင်း၊ ငွေကြေးရံပုံငွေစီးကြောင်းများ (funding streams) သို့မဟုတ် အခြားနိုင်ငံရေးအရ သတ်မှတ်ထားသည့်လှုပ်ရှားမှု စသည်ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။"

*Advocates for Youth: Advocacy 101*

“အိန္ဒိယမှလုပ်ဖော်ကိုင်ဘက်များက ချဉ်းကပ်စည်းရုံးခြင်းနှင့်ပတ်သက်၍ စည်းရုံးခြင်း၊ အစီအစဉ်ကျနခြင်း၊ လူထုစိတ်ဝင်စားသည့်အကြောင်းအရာများအပေါ် တွန်းအားပေးရန်ရည်ရွယ်၍ပြုလုပ်သည့်ဖြစ်စဉ်ဖြစ်ပြီး နိုင်ငံသားအခွင့်အရေးဆုံးရှုံးခံနေရသည့်ဘဝအခြေအနေများကို တိုးတက်ကောင်းမွန်စေရန် အာဏာဆက်နွယ်မှုတို့ကို ပြောင်းလဲစေသည့်လုပ်ငန်းစဉ်ဟု အလေးထားဖော်ပြကြသည်။

လက်တင်အမေရိကရှိရဲဘော်ရဲဘက်များကမူ လမ်းညွှန်အစီအမံ၊ မူဝါဒများအပြင် ကန့်သတ်ခံနေရသည့် လူ့အခွင့်အရေးထောက်ခံအားပေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကို အကျိုးဖြစ်ထွန်းစေမည့်အစီအစဉ်တို့အား အကောင်အထည်ဖော်ခြင်းကိုရည်ရွယ်သည့် လူမှုဘဝပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တရပ်အဖြစ် ဖွင့်ဆိုသတ်မှတ်ကြသည်။

အာဖရိကန်လုပ်ဖော်ကိုင်ဘက်များက ချဉ်းကပ်စည်းရုံးခြင်းနှင့်ပတ်သက်၍ အောက်ခြေဆင်းရဲသား လူတန်းစားကို ကိုယ်စားပြုခြင်း၊ အောက်ခြေလူတန်းစားတို့အား လုပ်ပိုင်ခွင့်အာဏာအပ်နှင်းရေးနှင့်ပတ်သက်၍ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် အပြန်အလှန်လေးစားမှုစသည့် အနှစ်သာရစံတန်ဖိုးများကို ရောင်ပြန်ထင်ဟပ်ခြင်းနှင့် ၎င်းတို့အပေါ် တာဝန်ယူနိုင်ခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုကြသည်။”

*Institude for Development Research: Advocacy sourcebook*

“ချဉ်းကပ်စည်းရုံးခြင်း (advocacy) သည် ဒေသန္တရအဆင့်၊ ပြည်နယ်အဆင့်၊ အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့်များ၌ဆုံးဖြတ်ချက်ချမှတ်မှုကို ဩဇာသက်ရောက်ရန်ရည်ရွယ်သည့် မဟာဗျူဟာအမျိုးမျိုးပါဝင်သည့်လုပ်ဆောင်မှုတရပ်ဖြစ်သည်၊ တိတိကျကျဆိုရလျှင် –

- ရွေးကောက်ပွဲများ၊ မူဝါဒချမှတ်ရေးဆွဲသူများ၊ တရားသူကြီးများ၊ ဝန်ကြီးများ၊ အကြံပေးဘုတ်အဖွဲ့များ၊ မန်နေဂျင်းဒါရိုက်တာများနှင့် စီမံအုပ်ချုပ်သူများအားရွေးချယ်ခြင်းနှင့်ခန့်အပ်ခြင်းတို့ကို မည်သူဆုံးဖြတ်သည်၊
- မူဝါဒပေါ်လစီများ၊ ဥပဒေများ၊ နိုင်ငံတော်ဦးစားပေးလျာထားချက်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ စီမံကိန်းများ၊ အဖွဲ့အစည်းကြီးများ၊ ဘက်ဂျက်ငွေများကို မည်သည့်အရေးကိစ္စများကိုဆုံးဖြတ်ချမှတ်သည်၊
- နိုင်ငံသားများ၏သတင်းအချက်အလက်များနှင့်ဖြစ်စဉ်အကြောင်းအရာများကို လက်ခံရရှိနိုင်မှု၊ ဆက်လက်တိုးချဲ့ဆောင်ရွက်မည့်ဆွေးနွေးပွဲများ၊ အကျိုးရလာဒ်နှင့်သက်ဆိုင်သူများနှင့်နိုင်ငံသားများအပေါ် တာဝန်ခံမှုနှင့် တာဝန်ယူမှုကိစ္စများအပေါ် မည်သို့ဆုံးဖြတ်သည်၊

မူဝါဒများနှင့် ဆုံးဖြတ်ချက်တို့သည် အမြစ်တွယ်နေသည့်ပြဿနာများအတွက် ဖြေရှင်းချက်များဖြစ်သည်။ ထိရောက်သည့်ချဉ်းကပ်စည်းရုံးမှုသည် အမြစ်တွယ်နေသည့်ပြဿနာအပေါ် နက်နက်ရှိုင်းရှိုင်းနားလည်ခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့် အားလုံးကျေနပ်လက်ခံသည့် ဖြေရှင်းချက်တစုံတရာကို စုပေါင်းအဆိုပြုမှုများရှိရန်လိုအပ်သည်။”

*- Inter Action: Women's Workshop materials*

“ချဉ်းကပ်စည်းရုံးခြင်းသည် နိုင်ငံသားများ၏ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပြည်သူ့ရေးရာမူဝါဒများ၊ နိုင်ငံတော်အာဏာပိုင်များ၏ ဆွဲဆောင်သိမ်းသွင်းမှုနှင့်ဖိအားပေးမှုများကြောင့်ဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်များ၊ အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့အစည်းများနှင့် အခြားဩဇာတိက္ကမကြီးများသည့် အင်အားစုများ ဩဇာတစုံတရာသက်ရောက်ရန်အစီအစဉ်ချမှတ်ဆောင်ရွက်မှုဖြစ်သည်။

ချဉ်းကပ်စည်းရုံးခြင်းသည် ယေဘူယျအားဖြင့် လူ့အဖွဲ့အစည်းတရပ် သို့မဟုတ် သီးသန့်အုပ်စုတစုနှင့်ပတ်သက်၍ အရေးပါသောကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်ချမှတ်သူများကို ဩဇာလွှမ်းမိုးရန်တာဝန်ယူဆောင်ရွက်သည့် လှုပ်ရှားမှုအမျိုးမျိုးအကျုံးဝင်သည်။”

*-Washington Office on Latin America*

ချဉ်းကပ်စည်းရုံးခြင်း၏အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်ပတ်သက်၍ မည်သို့သောအမြင်တူညီမှုများကို တည်ဆောက်နိုင်သည်ဖြစ်စေ အဓိပ္ပါယ်သတ်မှတ်ချက်တို့သည် မည်သည့်အခါမျှတသမတ်တည်းမရှိသည်ကို သတိပြုရန်အရေးကြီးသည်။ ဝန်ထမ်းများ၏ရှုထောင့်အမြင်များကိုပြောင်းလဲစေခြင်း၊ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာတိုးတက်ဖြစ်ပေါ်မှုများနှင့် အမျိုးမျိုးထွေပြားသည့် ကျိုး

ကြောင်းဆက်နွယ်မှုများသည် ယခင်ကဖွင့်ဆိုခဲ့သောအဓိပ္ပါယ်သတ်မှတ်ချက်တို့ကို ပြုပြင်ပြောင်းလဲရန်အစဉ်သဖြင့်လိုအပ်ကောင်း လိုအပ်နေစေမည်ဖြစ်သည်။

### ချဉ်းကပ်စည်းရုံးခြင်းနှင့်အခြားသောစည်းရုံးလှုံ့ဆော်မှုဆိုင်ရာလုပ်ငန်းများအကြား ကွဲပြားခြားနားမှု

မကြာခဏဆိုသလို ချဉ်းကပ်စည်းရုံးခြင်းကို သာမန်အခြေခံလုပ်ငန်းဆောင်တာများသာဖြစ်သည့် လူမှုဈေးကွက်ရောင်းဝယ်ရေး၊ လူထုဆက်ဆံရေး၊ လူထုအသိပညာပေးစည်းရုံးလှုံ့ဆော်မှုများဖြင့် ရောထွေးမှားယွင်းတတ်ကြသည်။ ချဉ်းကပ်စည်းရုံးခြင်းသည် အခြားချဉ်းကပ်မှုနည်းလမ်းတို့မှ သီးခြားရပ်တည်နေလေ့ရှိသည်၊ အဘယ်ကြောင့်ဆိုသော် ချဉ်းကပ်စည်းရုံးခြင်း၏အဓိကရပ်တည်မှုသည် မူဝါဒတရပ်၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ရှားမှုကဏ္ဍများ၌ အပြောင်းအလဲဖြစ်ထွန်းရန် အစဉ်သဖြင့် ရှာဖွေဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်။ ချဉ်းကပ်စည်းရုံးခြင်းသည် လူထုအသိအမြင်မြှင့်တင်ရေးလုပ်ငန်းတခုတည်း၌ သာရပ်တန့်၍မနေပါ။ ပြည်သူလူထုသည် ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှု၏ ဦးတည်ရည်မှန်းချက် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ကိစ္စရပ်အတော်များများတွင် မူဝါဒချမှတ်သူများအား အပြောင်းအလဲအတွက် ဖိအားပေးနိုင်ရန် လူထု၏ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍကိုမြှင့်တင်ပေးကြသည်။ သတ်မှတ်ထားသည့် မျှော်မှန်းချက်အကျိုးသက်ရောက်မှုတစ်ခုကို အောင်မြင်စွာပြီးစီးသည့်အခါမှသာချဉ်းကပ်စည်းရုံးမှုလုပ်ငန်းပြီးပြည့်စုံပြီဟုဆိုနိုင်သည်။ အခြားလုပ်ရှားမှုများမှချဉ်းကပ်စည်းရုံးမှုမဟာဗျူဟာတရပ်ကို ခွဲခြားသိသာစေရန် ရည်မှန်းချက်များကို အာရုံစူးစိုက်လေ့လာရမည်။

## အခန်း-(၂)

# ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်

**ရည်ရွယ်ချက်များ**

- ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်၏ လုပ်ဆောင်ချက်အဆင့်များကို ဖော်ထုတ်တင်ပြရန်၊
- ထိရောက်သည့် ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်စီမံချက်အတွက် အကြံဉာဏ်များ မျှဝေထောက်ပံ့ရန်၊
- စီမံကိန်းအဆင့်များကို မူကြမ်းရေးဆွဲရန်၊

### ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းအတွက်စီမံချက်ချမှတ်ခြင်း

ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်သည် သင်တို့ဘယ်မှာနေသည်၊ သင်တို့မည်သည့်နေရာကိုသွားလိုသည်၊ မည်သို့သောနည်းလမ်းဖြင့်ရောက်ရှိနိုင်မည် စသည့်သဘောတရားများအပေါ် အခြေခံ၍ရေးဆွဲထားသော ရေရှည်စီမံကိန်းတရပ်ဖြစ်သည်။ စီမံကိန်းသည် ထိရောက်ပြီးလက်တွေ့ဆန်၍ အသေးစိတ်တိကျသည့်အဆင့်များဖြင့် ရည်မှန်းချက်ပန်းတိုင်တရပ် ရောက်ရှိအောင်မြင်ရေးကိုရှေ့ရှုသည့် ပူးပေါင်းပါဝင်မှုကို တိုက်တွန်းသည့်လုပ်ဆောင်ချက်များဖြင့် ချမှတ်ဆောင်ရွက်ရမည်။

စည်းရုံးရေးသမားတဦးအဖို့ အရင်းအမြစ်ချို့တဲ့မှု၊ အချိန်ကာလသတ်မှတ်ချက် အကန့်အသတ်ရှိသည့်ရည်မှန်းချက်ပန်းတိုင်နှင့် သက်ဆိုင်ရာလူထု၊ လုပ်ဖော်ကိုင်ဖက်များနှင့် အလှူရှင်များကိုတာဝန်ခံရန်လိုအပ်မှုရှိနေသေးသည့် အဖွဲ့အစည်းများနှင့်ပတ်သက်၍ ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းအတွက်စီမံချက်ချမှတ်ခြင်းသည် အောင်မြင်သည့်ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုဆိုင်ရာလုပ်ငန်းအား စတင်ထိတွေ့ခြင်းနှင့်အကောင်အထည်ဖော်ခြင်းအတွက် လိုအပ်သည့်လုပ်ဆောင်ရမည့်အစိတ်အပိုင်းတခုဖြစ်သည်။

ချဉ်းကပ်စည်းရုံးမှုဆိုင်ရာစီမံချက်သည် မဟာဗျူဟာဆန်ပြီး ၎င်း၌၊ အမြဲပြောင်းလဲနေသည့်သံသရာတွင် အကန့်အသတ်နှင့်ရှိနေသည့်အရင်းအမြစ်များနှင့် စဉ်ဆက်မပြတ်ဆန့်ကျင်ဖက်ဖြစ်နေသည့်သဘာဝပတ်ဝန်းကျင်တွင် လူမှုအဖွဲ့အစည်း

အတွက် ကာလရှည်ရည်မှန်းချက်များမည်ကဲ့သို့အောင်မြင်အောင်ချမှတ်မည် ဟူသည့်စဉ်းစားချက်များပါဝင်သည်။ မကြာခဏဆိုသလိုလူစုလူဝေးခြင်းကို ကန့်သတ်ချုပ်ချယ်ခြင်း၊ အကျပ်အတည်းများသည် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတိုးတက်မှု၏နောက်ကွယ်တွင်ရှိနေသည့် အတားအဆီးများဖြစ်သည်။ ထို့ထက်ပို၍ချဉ်းကပ်စည်းရုံးမှုဆိုင်ရာစီမံချက်တွင် ပါဝင်ဆောင်ရွက်သူများပြားသောကြောင့် လုပ်ငန်းခွင်၌ အစီအစဉ်များ၊ ရှုထောင့်အမြင်များ၊ စံတန်ဖိုးများနှင့် သဘောတရားအမြင် အမျိုးမျိုးကိုတွေ့ကြုံရမည်ဖြစ်သည်။ စီမံချက်ချမှတ်ခြင်းနှင့် ချမှတ်ထားသည့်စီမံချက်များအပေါ်မကြာခဏ ညှိနှိုင်းယူခြင်းသည် လုပ်ငန်း၏ဝန်ထုပ်ဝန်ပိုးများကိုလျော့နည်းစေပြီး စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအပေါ် ပိုမိုအာရုံစူးစိုက်နိုင်စေမည်ဖြစ်သည်။

ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလုပ်ငန်းသည် အမိန့်နာခံမှုစနစ်နှင့် တန်းစီပုံစံစနစ်မျိုးဖြင့် ဆောင်ရွက်ရန်အလွန်ခက်ခဲမည်ဖြစ်သော်လည်း ကောင်းစွာစဉ်းစားပြင်ဆင်ထားသည့် ချဉ်းကပ်စည်းရုံးမှုဆိုင်ရာစီမံချက်သည် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းဆိုင်ရာအစိတ်အပိုင်းများတွင် လမ်းညွှန်မှုရရှိရန်အထောက်အကူပြုသည်။ ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလှုပ်ရှားမှုသည် စဉ်ဆက်မပြတ်ပြုပြင်ပြောင်းလဲမှုနှင့် ပြန်လည်နှိုင်းယှဉ်ဖော်ပြမှုတို့ကိုဆန့်ကျင်သည့် လုပ်ငန်းစီမံချက်ဘောင်ကိုစနစ်တကျချမှတ်ထားသောအခါမျိုးတွင် အမြဲလိုလိုပင်ကောင်းစွာအလုပ်ဖြစ်သည်၊ သို့ရာတွင် စည်းရုံးလှုံ့ဆော်ရေးသမားများကို မမျှော်လင့်နိုင်သည့်အခက်အခဲအတားအဆီးများအတွင်း ကောင်းစွာသွားလာလှုပ်ရှားမှုကိုခွင့်ပြုရန်နှင့် ၎င်းတို့ဆောင်ရွက်နေသည့်စည်းရုံးလှုံ့ဆော်လှုပ်ရှားမှုဆိုင်ရာအခွင့်အလမ်းများကို ဆက်လက်ဆုပ်ကိုင်ခွင့်ပြုရန်လိုအပ်သည်။

ချဉ်းကပ်စည်းရုံးမှုဆိုင်ရာစီမံချက်၏ ဖွဲ့စည်းတည်ဆောက်ပုံကို ခွဲခြမ်းစိတ်ဖြာလေ့လာရာတွင် အဆိုပါစီမံကိန်းသည်ပူးပေါင်းပါဝင်မှုအပြည့်အဝရှိသော လုပ်ငန်းစဉ်တစ်ရပ်အဖြစ်အာမခံမှုရှိရန်အရေးကြီးသည်။ နောက်ခံသမိုင်းအမျိုးမျိုးရှိသောလူများပါဝင်မှု၊ အတွေ့အကြုံဗဟုသုတအခြေခံရှိသည့် လူထုများကိုပိုမိုအသိပေးခြင်း၊ စိတ်ဝင်စားမှုရှိလာအောင်လှုံ့ဆော်ပေးခြင်းနှင့်စည်းရုံးလှုံ့ဆော်မှုဆိုင်ရာလှုပ်ရှားမှုအား ကူညီထောက်ပံ့လိုသည့်ဆန္ဒဖြစ်ပေါ်လာစေရန်လိုအပ်မည်ဖြစ်သည်။ ချဉ်းကပ်စည်းရုံးမည့်အကြောင်းအရာနှင့်ပတ်သက်၍တိုက်ရိုက်ထိခိုက်ခံစားမှုရှိသူများဖြစ်သည့် ကွင်းဆင်းကျွမ်းကျင်လုပ်သားများ၊ အဆင့်မြင့်စည်းရုံးရေးသမားများနှင့်အခြားလူမှုအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များအား တတ်နိုင်သမျှပူးပေါင်းပါဝင်လာအောင်စည်းရုံးပါ။ အများစုပေါင်းပါဝင်မှုနှင့်စတင်သောစည်းရုံးလှုပ်ရှားမှုသည် စည်းရုံးလှုပ်ရှားမှု၏ရည်မှန်းချက်ပန်းတိုင် တရားဝင်ဖြစ်မှုကို ပို၍ခိုင်မာစေသည်။ သို့ရာတွင် အဓိကပုဂ္ဂိုလ်အချို့ အစီအစဉ်ချမှတ်မှုကာလအတွင်း ကျန်နေခဲ့လျှင် ထိုသူများအားပြန်လည်ပါဝင်လာစေရန်အချိန်မနှောင်းသေးပါ။ ချဉ်းကပ်စည်းရုံးမှုဆိုင်ရာစီမံချက်သည် တသမတ်တည်းထားရှိရမည့် ပုံသေစီမံချက်မျိုးမဟုတ်ပါ၊ စီမံချက်များကို အဆက်မပြတ် ပြန်လည်သုံးသပ်မွမ်းမံပြီး ခေတ်မီအောင်ဆောင်ရွက်နေရမည်ဖြစ်သည်။

## ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်တွင်ပါဝင်သည့်လုပ်ငန်းအဆင့်များ

အောက်ဖော်ပြပါအဆင့်များသည် ထိရောက်သည့် ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလှုပ်ရှားမှုတရပ်အား ပုံဖော်ရန်လိုအပ်သောအဆင့်များဖြစ်သည်၊ အဆိုပါလုပ်ဆောင်ချက်အဆင့်များနှင့်ပတ်သက်၍ အသေးစိတ်အချက်များအား ဤလက်စွဲစာစောင်၏နောက်လာမည့်အခန်းများတွင် ဖော်ပြထားသည်။

### ဆောင်ရွက်ချက်အဆင့်–(၁)။ ။ ပြဿနာကို အသေးစိတ်ဆန်းစစ် ထုတ်ဖော်တင်ပြခြင်း၊

**မည်သည့်အရာသည်အထူးပြဿနာများဖြစ်ပါသလဲ?** ပထမအဆင့်လုပ်ဆောင်ချက်သည် မည်သည့်အကြောင်းအရာအား ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလှုပ်ရှားမှုတရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းမည်ကို စဉ်းစားဆုံးဖြတ်ခြင်းဖြစ်သည်။ အဓိကအားဖြင့် တောင်းဆိုသည့် အကြောင်းကိစ္စများအပေါ်အာရုံစူးစိုက်လာအောင် လုပ်ဆောင်မှုသည် ကျယ်ပြန့်ပြီး တောင်းဆိုသည့်ကိစ္စများသည်အလွန်များပြားသည်။

ပထမအဆင့်လုပ်ဆောင်ချက်၏ရည်မှန်းချက်ပန်းတိုင်သည် ဖြစ်နိုင်ခြေရှိသည့် ပြဿနာအားလုံးကို ဦးစားပေးအဆင့်နှင့် အခြေအနေအဆင့်ကိုဖော်ပြသတ်မှတ်ပြီးနောက် ပြဿနာတစ်ခု သို့မဟုတ် အကြောင်းအရာအချို့ကိုရွေးချယ်၍ ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလှုပ်ရှားမှု၏ အဓိကအာရုံစူးစိုက်ဆောင်ရွက်မည့်ကဏ္ဍများအဖြစ် ရွေးချယ်သတ်မှတ်ရန်ဖြစ်သည်။ ရွေးချယ်ထားသည့်အကြောင်းအရာတို့သည် တိကျ၍ဖြေရှင်းရလွယ်ပြီး လှုပ်ရှားမှုတွင်ပါဝင်သူများအားလုံးနှင့် အကျယ်တဝင့် ပက်သက်ဆက်

နွယ်မှုရှိသင့်သည်။ ပြဿနာတစ်ခု၏ အရင်းခံသဘာဝကိုနားလည်အောင် ပြဿနာ၏ဖြစ်စဉ်ကိစ္စရပ်များနှင့် အကြောင်းရင်းကို အပြည့်အဝအချိန်ယူ၍ ဆန်းစစ်လေ့လာရန်အရေးကြီးသည်။

ဆောင်ရွက်ချက်အဆင့်–(၂)။ ။ ချဉ်းကပ်စည်းရုံးမှု၏ရည်ရွယ်ချက်နှင့် ပန်းတိုင်များကို ချမှတ်ဖော်ထုတ်ခြင်း

**ပြဿနာများအတွက်ဖြေရှင်းချက်သည် အဘယ်နည်း?** အကြောင်းအရာတစ်ခု၏ အသေးစိတ်တိကျသည့် အတိုင်းအတာ ပမာဏတို့ကို အပြည့်အဝဆန်းစစ်လေ့လာပြီးသောအခါ ပြဿနာဖြေရှင်းချက်ကို အလျင်ဦးစားပေးထည့်သွင်းစဉ်းစားရမည်။ ရွေးချယ်ထားသည့်ရည်မှန်းချက်ပန်းတိုင်သည် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှုသည်မည်သည့်ကဏ္ဍများတွင် အောင်မြင်မှု ရရှိအောင်မျှော်လင့်ထားသည်ကိုချမှတ်ရမည်။ ထို့အပြင် ရည်မှန်းချက်ပန်းတိုင်သည် အဆက်မပြတ် ပြန်လည်ပြင်ဆင်ချမှတ် နိုင်ခွင့်လည်းရှိရမည်။ ဖြစ်နိုင်ဖွယ်ရာဖြေရှင်းချက်တို့ကို ထည့်သွင်းစဉ်းစားရာ၌ ၎င်းတို့အနေဖြင့် နိုင်ငံရေးအရဖြစ်စေ၊ နည်းပညာ ရပ်ဆိုင်ရာအရဖြစ်စေ အောင်မြင်မှုရရှိနိုင်သည်ကို အသေးစိတ်ဆန်းစစ်လေ့လာရန် အရေးကြီးသည့်အပြင် ကာလရှည်အကျိုး သက်ရောက်မှုကို ထည့်သွင်းစဉ်းစားရန်လည်း အထူးအရေးကြီးသည်။

ဆောင်ရွက်ချက်အဆင့်–(၃)။ ။ စိတ်ဓါတ်မြှင့်တင်ပေးခြင်းနှင့် ပေါင်းစည်းမှုတည်ဆောက်ခြင်း

**ချဉ်းကပ်စည်းရုံးမှုဆိုင်ရာကြိုးပမ်းအားထုတ်မှုများအား မည်သူထောက်ခံမည်နည်း?** စိတ်ဓါတ်မြှင့်တင်ပေးခြင်းနှင့် ပေါင်းစည်းမှု တည်ဆောက်ခြင်းသည် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှု ထိရောက်အောင်မြင်မှုကိုတိုးတက်စေသည့် အဓိကအဆင့်များ ဖြစ်သည်။ စိတ်ဓါတ်မြှင့်တင်ပေးခြင်းနှင့်ပူးပေါင်းပါဝင်ခြင်းသည် အခွင့်အာဏာတည်ဆောက်ခြင်း၊ ပတ်ဝန်းကျင်၏အာရုံနိုးကြား စေခြင်းနှင့်လှုပ်ရှားမှုတွင်ပါဝင်သူများ၏ ချဉ်းကပ်စည်းရုံးနိုင်မှုအရည်အသွေးတို့ကို မြှင့်တင်ပေးရန်အရေးကြီးသည်။
၎င်းတို့သည် ပြဿနာအားတိုက်ရိုက်ထိတွေ့ခံစားရသူများ၏ ကိုယ်စားပြုအသံများကိုကြားစေရန် သေချာလုပ်ဆောင်ရပြီး၊ ဆုံး ဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်တွင် ပါဝင်မှုသေချာစေရမည်ဖြစ်သည်။ ထိုအတောအတွင်း စုပေါင်းအဖွဲ့များနှင့်မဟာမိတ်များသည် အပြောင်းအလဲအတွက် ပိုမိုအားကောင်းသည့် အင်အားစုတစ်ရပ်ပေါ်ထွန်းစေရန် အရောင်အသွေးစုံအုပ်စုများ၏ အင်အားနှင့် အရင်းအမြစ်တို့ကိုပေါင်းစည်းစေခြင်းဖြင့် အပြောင်းအလဲတရပ်ကိုဖော်ဆောင်နိုင်ရန် ချဉ်းကပ်စည်းရုံးလှုပ်ရှားမှုအရှိန်အဟုန်ကို အကြီးအကျယ် တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။

ဆောင်ရွက်ချက်အဆင့်–(၄)။ ။ ကိုယ်တိုင်အကဲဖြတ်ဆန်းစစ်မှုဆောင်ရွက်ခြင်း

**စည်းရုံးရေးသမားများ၏အားနည်းချက်များနှင့်အားသာချက်များသည်အဘယ်နည်း?** ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းတွင် ပါဝင်လုပ် ဆောင်နေကြသည့် အဖွဲ့အစည်းများကိုယ်တိုင် မိမိကိုယ်ကိုပြင်းပြင်းထန်ထန် ပြန်လည်၍ဆန်းစစ်အကဲဖြတ်မှုများပြုလုပ်ရန်လို အပ်ပါသည်။ ဤသို့ကိုယ်တိုင်အကဲဖြတ်ဆန်းစစ်မှုကို ဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းတို့သည် မိမိတို့၏အားသာချက်များကို မည်သို့ချဲ့ထွင်ရန်နှင့်ကြုံတွေ့နိုင်စရာ အဓိကအားနည်းချက်များအား မည်သို့လက်ဦးမှုရရှိအောင်ဆောင်ရွက်မည်စသည်ဖြင့် စီမံ ချမှတ်နိုင်သည်။ အကဲဖြတ်ဆန်းစစ်မှုသည် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းအားထိခိုက်နိုင်သည့် အဖွဲ့အစည်းရေးရာလုပ်ကိုင်ဆောင် ရွက်မှုပကတိအခြေအနေများ၊ အားနည်းချက်များနှင့်အားသာချက်များ ခြိမ်းခြောက်မှုနှင့် အခွင့်အလမ်းများအပေါ် ပြန်လည် ဝေဖန်သုံးသပ်ရန်အခွင့်အလမ်းကိုရရှိစေသည်။ အကဲဖြတ်ဆန်းစစ်မှုသည် အဖွဲ့အစည်း၏ရည်မှန်းချက်ပန်းတိုင်အောင်မြင်ရန် အခွင့်အလမ်းများပိုမိုမြင့်မားလာစေရန် မည်သို့ဆောင်ရွက်ရမည်ကို စဉ်းစားဆုံးဖြတ်ရာတွင်လည်း အထောက်အကူရမည်ဖြစ် သည်။

ဆောင်ရွက်ချက်အဆင့်–(၅)။ ။ ပါဝင်သည့်အကြောင်းအရာများအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

**မည်သည့်ပြင်ပအခင်အခြေအနေများသည် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းတွင် ဩဇာလွှမ်းမိုးနိုင်မည်နည်း?** ဤလုပ်ဆောင်ချက်အဆင့်တွင် စည်းရုံးလှုံ့ဆော်မှုတခုတွင် ပါဝင်သည့်အကြောင်းအရာနှင့် ဆက်စပ်နေသည့်ပတ်ဝန်းကျင်အခြေအနေအပေါ် ပြည့်ပြည့်စုံစုံခြုံငုံမိရန် ဆန်းစစ်လေ့လာမှုအပြန်ပြန်အလှန်လှန်ပြုလုပ်ရန်လိုအပ်သည်။ စည်းရုံးလှုံ့ဆော်မှုတခုအပေါ် အကျိုးသက်ရောက်စေသည့် ပြင်ပအခြေအနေများအားလုံးကို ကြည့်ရှုလေ့လာခြင်းဖြင့် စည်းရုံးရေးသမားများသည် မဟာဗျူဟာအချို့အား လက်တွေ့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့နိုင်သည့် အကျိုးသက်ရောက်မှုများကို နားလည်သဘောပေါက်လာစေသည်။

ဆောင်ရွက်ချက်အဆင့်–(၆)။ ။ ချဉ်းကပ်စည်းရုံးမည့်ပရိသတ်နှင့်ပတ်သက်၍စဉ်းစားဆုံးဖြတ်ခြင်း

**မည်သူများသည် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်း၏ ဦးတည်ချက်ပစ်မှတ်များဖြစ်ပါသနည်း?** ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းတရပ်လုပ်ဆောင်ရာတွင် ချဉ်းကပ်စည်းရုံးရမည့်ပရိသတ်အမျိုးမျိုးရှိနိုင်သည်၊ အစိုးရအရာရှိများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာရေးရာဆုံးဖြတ်ချက်ချမှတ်သူများ စသည်တို့ဖြစ်သည်။ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းနှင့်ပတ်သက်၍ အပြုသဘောနှင့် အပျက်သဘောနှစ်ရပ်လုံးတွင် ပါဝင်လာနိုင်သူများရှိရာ စည်းရုံးမည့်ပရိသတ်၏အခြေအနေကို သုံးသပ်ဆန်းစစ်ကြည့်၍ ဘက်နှစ်ဘက်လုံးတွင် ပါဝင်လာနိုင်သူများအား မည်သို့ပြေလည်အောင်ညှိနှိုင်းယူမည်ကို စဉ်းစားထားရန် အရေးကြီးသည်။ ချဉ်းကပ်စည်းရုံးရမည့်ပရိသတ်အား ဆန်းစစ်လေ့လာမှုဆောင်ရွက်ထားခြင်းဖြင့် မဟာမိတ်များအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်မည့်သူများ၊ သဘောပေါက်နားလည်လက်ခံလာသူများနှင့် ဘက်မလိုက်သူများကို ဦးတည်ပစ်မှတ်ထား၍ချဉ်းကပ်စည်းရုံးနိုင်ကြောင်းသိလာမည်ဖြစ်သည်။

ဆောင်ရွက်ချက်အဆင့်–(၇)။ ။ ချဉ်းကပ်စည်းရုံးမှုဆိုင်ရာ သတင်းအချက်အလက်များတည်ဆောက်ခြင်း

**စည်းရုံးမည့်ပရိတ်သတတ်များအနေဖြင့် မည်သည့်သတင်းအချက်အလက်များကို တုန့်ပြန်ဖြေကြားမည်နည်း?** စည်းရုံးရမည့်ပရိသတ်များကိုစဉ်းစားရွေးချယ်ထားပြီးဖြစ်သော်လည်း တသီးတသန့်ရှိနေသည့်ပရိသတ်တို့၏ စိတ်ဝင်စားမှုကိုရရှိရန် ပဏာမသတင်းအချက်အလက်များကြိုတင်ဖြန့်ချီရန်လိုအပ်သည်။ ရွေးချယ်ထားသည့်ပရိသတ်အတွက် အထိရောက်ဆုံး သတင်းအချက်အလက်များအားရွေးချယ်ရာတွင် စည်းရုံးလှုံ့ဆော်မှု၏ရည်မှန်းချက်ပန်းတိုင်များနှင့်ပတ်သက်၍ ၎င်းတို့၏သဘောထားရှုထောင့်အမြင်များကို ထည့်သွင်းစဉ်းစားရန်အရေးကြီးသည်။ မည်သို့သောပရိသတ်အတွက်ပင်ဖြစ်စေ သတင်းအချက်အလက်များသည် ရှင်းလင်းပြီးတိကျမှန်ကန်၍ ယုံကြည်လောက်သည့် သတင်းများဖြစ်ရမည်။

ဆောင်ရွက်ချက်အဆင့်–(၈) ။ ။ မဟာဗျူဟာတစ်ရပ် ရွေးချယ်ချမှတ်ခြင်း

**ချဉ်းကပ်စည်းရုံးမှုမဟာဗျူဟာဟူသည် အဘယ်နည်း?** ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းတရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်နည်းလမ်းပေါင်းများစွာရှိသည်။ ချဉ်းကပ်စည်းရုံးမှုမဟာဗျူဟာများကို ဆုံးဖြတ်ချက်ချမှတ်သူတို့အား တိုက်ရိုက်စည်းရုံးခြင်းမှသည် လူထုစည်းရုံးလှုပ်ရှားရေးပုံစံဖြင့် တာဝန်ရှိသည့်အသင်းအဖွဲ့များကိုအကာအကွယ်ပေးသည့်အနေအထားအထိ အဆင့်အလိုက်ချမှတ်နိုင်သည်။ အစီအစဉ်မစတင်မီ အသုံးချနိုင်သည့်နည်းဗျူဟာတို့ကို ဆန်းစစ်လေ့လာရန်နှင့် မည်သည့်နည်းဗျူဟာသည်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း၏ ရည်မှန်းချက်ပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်ရာ၌ အထိရောက်ဆုံးဖြစ်မည်ကို စဉ်းစားဆုံးဖြတ်ရန်အရေးကြီးသည်။ အကောင်းဆုံးမဟာဗျူဟာရွေးချယ်ရာတွင် လက်ရှိအခြေအနေများနှင့်ပတ်သက်သည့်အချက်အလက်များ၊ ချဉ်းကပ်ရမည့်ပရိသတ်အသီးသီး၏စိတ်ဝင်စားမှု၊ နိုင်ငံရေးပတ်ဝန်းကျင်အခြေအနေနှင့် အဖွဲ့အစည်း၏စွမ်းဆောင်ရည်တို့ကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ချဉ်းကပ်စည်းရုံးမှုနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များအား ဖြန့်ချီပေးပို့ရာတွင် မဟာဗျူဟာအရ ပိုမိုသင့်တော်မည့်သူများကိုလည်း စဉ်းစားရွေးချယ်ရန်အရေးကြီးသည်။

## ဆောင်ရွက်ချက်အဆင့်–(၉)။ ။ ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာကြိုးပမ်းအားထုတ်မှုကို ပြန်လည်သုံးသပ်ခြင်း

**ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုမဟာဗျူဟာသည် အလုပ်ဖြစ်ပါသလား?** ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းသည် စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲရန်လိုအပ်သည်။ လှုပ်ရှားမှုများကိုလက်တွေ့အကောင်အထည်ဖော်ခြင်း၊ အထူးရွေးချယ်ချမှတ်ထားသည့်ရည်မှန်းချက်ပန်းတိုင်များအောင်မြင်ရေးအပေါ်အကျိုးသက်ရောက်မှုနှင့် ထိခိုက်ခံရသည့်လူ့အဖွဲ့အစည်းတို့၏ ပူးပေါင်းပါဝင်မှုပမာဏ စသည်တို့ကို အချိန်ကာလအတိုင်းအတာတခုအတွင်း အကဲဖြတ်ဆန်းစစ်ချက်ပြုလုပ်ရန် အလေးအနက်စဉ်းစားသင့်သည်။ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ချက်များကို အချိန်မှန်မှန်ပြန်လည်သုံးသပ်ရန်နှင့်မည်သည့်တိုးတက်မှုများရရှိခဲ့သည်ကို ပြန်လည်ဆန်းစစ်ကြည့်ရန်လည်းအရေးကြီးသည်။ ထိရောက်သည့်ပြန်လည်သုံးသပ်မှုမျိုးဖြစ်ရန် မဟာဗျူဟာ၊ စည်းရုံးလှုံ့ဆော်မှုနှင့်လှုပ်ရှားမှုတို့၏ထိရောက်မှုတိုးတက်လာစေရန် အထောက်အကူဖြစ်စေမည့် သင့်တော်သည့်အပြောင်းအလဲများကို ပြုလုပ်ရမည်။

အထက်ပါအဆင့်များသည် ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတရပ်အား ပြီးမြောက်အောင်မြင်စေမည့် အခြေခံလုပ်ဆောင်ချက်အဆင့်များဖြစ်သည်၊ သို့ရာတွင်အစဉ်သဖြင့်မတည်ငြိမ်ဘဲအပြောင်းအလဲဖြစ်နေတတ်သည့် ပတ်ဝန်းကျင်အခြေအနေသည် စည်းရုံးလှုံ့ဆော်သူများအဖို့ လုပ်ဆောင်ချက်တဆင့်ချင်းစီအား စနစ်တကျဆောင်ရွက်နိုင်ရန်အခွင့်အလမ်းကိုများသောအားဖြင့် အားစိုက်ကြိုးပမ်း၍မရဘဲရှိနေသည်။ ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းသည် အပြန်အလှန်အမှီပြုသောစနစ်ဖြင့်ဆက်၍တိုးတက်နေမည် သို့မဟုတ် ဖရိုဖရဲအခြေအနေကို ပြန်လည်ပြုပြင်ဖွဲ့စည်းရန်လိုကောင်းလိုလာမည်။ ဆွေးနွေးဆုံးဖြတ်ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ်များသည် အလျော့အတင်းအပြောင်းအလဲပြုလုပ်ရန်ခက်ခဲသောကြောင့် လွတ်လပ်စွာအထောက်အပံ့ပြုရန်နှင့်ပြင်ဆင်မွမ်းမံရန်အခွင့်မသာပေ။ လုပ်ငန်းစဉ်၏ အခြေခံအစိတ်အပိုင်းများကိုစုစည်း၍ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း၏ရည်မှန်းချက်ပန်းတိုင်များ သို့မဟုတ် အဖွဲ့အစည်းအတွက်အံ့ဝင်ခွင်ကျဖြစ်အောင် ပေါင်းစပ်ပေးရမည်။ အတူတကွဆက်စပ်လုပ်ဆောင်ရန်အကြောင်းမရှိသည့် ကဏ္ဍများမှလွဲ၍ လုပ်ငန်းစဉ်ကို သဘောပေါက်နားလည်ခြင်းသည် ပူးပေါင်းပါဝင်မှုအတွက် လုပ်ထုံးလုပ်နည်းသစ်များတိုးပွားစေရန်၊ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းစီမံချက်များတည်ဆောက်ရန်၊ အရင်းအမြစ်များအား အကျိုးရှိစွာအသုံးချမည့် မဟာဗျူဟာချမှတ်ရန်နှင့် အွန္တိမရည်မှန်းချက်များပြီးပြည့်အောင်မြင်စေရန်စသည့်အထောက်အကူများရရှိနိုင်သည်။

## ထိရောက်သည့်ချဉ်းကပ်စည်းရုံးမှုဆိုင်ရာမဟာဗျူဟာအတွက်မှတ်သားစရာအချက်များ

ချဉ်းကပ်စည်းရုံးမှုစီမံချက်ချမှတ်ခြင်းသည့် အချိန်ယူရပြီး အကြိမ်ကြိမ်အခါခါ စိတ်အနှောက်အယှက်ဖြစ်ရသည့် လုပ်ငန်းစဉ်ဖြစ်သည်။ အထူးသဖြင့် အကန့်အသတ်သာရှိသည့်အရင်းအမြစ်များဖြင့် လူအမျိုးမျိုးရောပြွမ်း လုပ်ကိုင်နေသည့်အဖွဲ့အစည်းများတွင် ဤချဉ်းကပ်စည်းရုံးမှုလုပ်ငန်းသည် အလွန်အခြေခံကျသည့် လုပ်ငန်းတခုဖြစ်သည်။

အောက်ဖော်ပြပါအချက်များသည် ချဉ်းကပ်စည်းရုံးမှုစီမံချက်ချမှတ်ခြင်းလုပ်ငန်းများတွင် ခက်ခဲရှုပ်ထွေးမှုများကိုလျော့နည်းသွားစေပြီး အဆင်ပြေချောမွေ့သည့် အစီအစဉ်ချမှတ်နိုင်ရန်အတွက် အကြံပြုချက်များဖြစ်သည်။

- **အစီအစဉ်ချမှတ်ဆောင်ရွက်ခြင်းအတွက် အချိန်အတိအကျခွဲဝေသတ်မှတ်ခြင်း ။** ။ အဖွဲ့အစည်း၏ သာမန်လုပ်ငန်းအချိန်ဇယားအား ပြည့်ဝစုံလင်သည့် ချဉ်းကပ်စည်းရုံးမှုစီမံချက်အစီအစဉ်တရပ် ရေးဆွဲချမှတ်ရန်နှင့် အဆိုပါစီမံချက်အပေါ် အချိန်ကာလသတ်မှတ်ချက်ဖြင့် ပြန်လည်သုံးသပ်မှုအစီအစဉ်များပြုလုပ်မည့် အချိန်ဇယားအဖြစ်ပြောင်းလဲရေးဆွဲပါ။ ဤစီမံချက်ကာလသည် ချဉ်းကပ်စည်းရုံးမှုရည်မှန်းချက်များ လမ်းကြောင်းမှန်ပေါ်ရောက်လာသည့်အခါတွင် အဖွဲ့အစည်းအား လမ်းညွှန်ပေးခြင်းဖြင့်ကူညီလိမ့်မည်ဖြစ်သည်။

- **သဘောထားရှုထောင့်အမျိုးမျိုးကို တစ်ခုတည်းဖြစ်အောင်ပေါင်းစည်းခြင်း။** ။ ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းကိုလုပ်ကိုင်သည့်အဖွဲ့အစည်းများစွာသည် ရှုထောင့်အမျိုးမျိုး၊ နောက်ခံသမိုင်းအဖုံဖုံ၊ စံတန်ဖိုးအမျိုးမျိုးနှင့် စိတ်ဝင်စားမှုအသွယ်သွယ်ရှိသည့်လူများဖြင့် ပေါင်းစည်းထားတတ်သည်။ ဤကွဲပြားခြားနားမှုတို့သည် ထိရောက်သည့် ချဉ်းကပ်စည်းရုံးမှု

လုပ်ငန်းကိုပြီးပြည့်စုံစေသည့်အင်အားစုများအဖြစ်မှတ်ယူရမည်၊ ကွဲပြားခြားနားမှုများကို လေးစားသမှုပြုရန်လိုအပ်ပြီး ဖွင့်ဟပြောဆိုသမျှအသံအားလုံးသည် စီမံချက်ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ခွင့်ကို အာမခံရန်အရေးကြီးသည်။ အချို့အဖွဲ့အစည်းများသည် အာဏာအဆင့်ဆင့်တည်ဆောက်ပုံ မထားရှိလျှင် အဖွဲ့အစည်းသည် လွယ်လွယ်ကူကူ ထိခိုက်ပျက်စီးနိုင်သည်ဟုထင်ကြသည်။ ဤကဲ့သို့ဖွဲ့စည်းတည်ဆောက်ပုံများတွင် အရေးပါသောအချက်အနည်းငယ် ကိုရွေးချယ်ချုပ်ကိုင်ထားရုံဖြင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတခုလုံးကို ထိခိုက်နစ်နာစေသည်။ လုပ်ငန်းစဉ်တစ်ရပ်၏ လုပ်ဆောင်ချက်အဆင့်ချင်းစီတွင် ရှုထောင့်အမြင်အမျိုးမျိုးကို လေးစားမှုဖြင့်ပေါင်းစည်းပေးခြင်းဖြင့် ဤသို့သောထိ ခိုက်ပျက်စီးမှုကို တားဆီးကာကွယ်ရန်အရေးကြီးသည်။

- **ဦးစီးဆောင်ရွက်သူကိုရွေးချယ်တာဝန်ပေးအပ်ခြင်း ။** ။ စီမံချက်ချမှတ်ခြင်းဖြစ်စဉ်တွင် ပြဿနာအထွေထွေကို ကျော်လွှားအလုပ်လုပ်ရန်နှင့် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အကျိုးဖြစ်ထွန်းအောင် ကူညီနိုင်ရန်အတွက် ဦးစီးဆောင်ရွက်သူတစ်ဦး ငှားရမ်းရန်လိုအပ်သည်။ အထူးသဖြင့် အဖွဲ့အစည်းဆိုင်ရာအကြောင်းကိစ္စများနှင့်ပတ် သက်၍ အဟန့်အတားဖြစ်နေမှုများနှင့် အဖွဲ့အစည်းပေါင်းစုံပါဝင်သည့် ရှုပ်ထွေးသောညွန့်ပေါင်းအဖွဲ့တစ်ခုကဲ့သို့ သောအဖွဲ့အစည်းများအတွက် ပြင်ပမှကျွမ်းကျင်ပုဂ္ဂိုလ်တစ်ဦးဦးသည် စိတ်ဝင်စားမှုရေိယာအသီးသီး၌ရပ်တည်နေသူ များအား အတူတကွပါဝင်နိုင်အောင်စုစည်းလျှက် စီမံချက်ချမှတ်ခြင်းလုပ်ငန်းစဉ်၌ စုစုစည်းစည်းဆောင်ရွက်လုပ်ကိုင် နိုင်အောင် ကူညီနိုင်မည်ဖြစ်သည်။

- **လုပ်ငန်းစဉ်ကို ရိုးရိုးစင်းစင်းထားရှိခြင်း ။** ။ စီမံချက်ချမှတ်ခြင်းလုပ်ငန်းစဉ်မစတင်မီ အထူးသဖြင့်ခက်ခဲရှုပ်ထွေး သောအကြောင်းအရာများကို အများသုံးနေသည့် အသုံးအနှုန်းများဖြင့်ပြောင်းလဲမှုပြုလုပ်ရန်လိုအပ်ပါမည်။ ဥပမာ အားဖြင့် အင်အားမြှင့်တင်ပေးခြင်း၊ အမျိုးသမီးအခွင့်အရေးများနှင့် ဒီမိုကရေစီ စာသားများသည် ကွဲပြားခြားနား သည့် ခံစားချက်များ၊ သဘောထားခံယူချက်များနှင့် တာဝန်ယူမှုများ လူအသီးသီးတွင်ဖြစ်ပေါ်စေနိုင်ပါသည်။ ဤသို့ သောအသုံးအနှုန်းများကို တိုးတက်ဖြစ်ပေါ်မှုအဆင့်တစ်ဆင့်စတင်ချိန်တွင် ရှင်းလင်းပြတ်သားအောင်တင်ပြခြင်းသည် အထင်အမြင်လွဲမှားမှုများကို တားဆီးနိုင်အောင် ကူညီရာရောက်လိမ့်မည်။

## ချဉ်းကပ်စည်းရုံးမှုဆိုင်ရာစီမံချက်အဆင့်များ (ဒေသဆိုင်ရာမှ ကမ္ဘာ့အတိုင်းအတာ)

ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအများစုသည် ဒေသတွင်းသာမက အမျိုးသားအဆင့်၊ ဒေသတွင်း နိုင်ငံများအဆင့်၊ ကမ္ဘာလုံးဆိုင်ရာအဆင့်သို့တိုင် စည်းရုံးဆောင်ရွက်မည့် စည်းရုံးလှုံ့ဆော်ရေးသမားများလိုအပ်သည်။ ချဉ်းကပ်စည်းရုံးမှုစီမံကိန်း သည် ဆောင်ရွက်မည့်အဆင့်အတိုင်းအတာအပေါ်မူတည်ပြီး အမှီပြုမှုအမျိုးမျိုးကွဲပြားနိုင်သည်။ သွင်ပြင်လက္ခဏာအားဖြင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းသည် ရှုပ်ထွေးနက်နဲလာပြီး ပိုမိုကျယ်ပြန့်သည်နယ်ပယ်များထဲသို့ ထိုးဖေါက်ချဲ့ထွင်နိုင်ရန် ပိုမိုနက်နဲ သည့် စီမံချက်ချမှတ်ခြင်းဖြစ်စဉ်များလိုအပ်လာသည်။ ချဉ်းကပ်စည်းရုံးရေးစီမံချက်များအား ချမှတ်ဖော်ထုတ်ချိန်တွင် ချဉ်းကပ် စည်းရုံးခြင်းလုပ်ငန်း၏စုစည်းဆောင်ရွက်မှုအတိုင်းအတာကိုထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။

အောက်ပါအချက်များသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်း၏ အဆင့်အတိုင်းအတာအမျိုးမျိုးနှင့်စပ်လျဉ်း၍ မှတ်သား နိုင်ရန် ဖော်ပြထားခြင်းဖြစ်သည်။

- **ဒေသန္တရဆိုင်ရာ ။ ။** ချဉ်းကပ်စည်းရုံးရေးစီမံချက်သည် အသွင်သဏ္ဍာန်အားဖြင့် ဒေသန္တရအဆင့်တွင် ပိုမိုလွယ်ကူ သည်၊ အကြောင်းမှာတိုက်ရိုက်ပြန်ကြားဆက်သွယ်ရေးနိုင်ခြင်းနှင့် မျက်နှာစုံညီအပြန်အလှန်ပူးပေါင်းလုပ်ဆောင်ချက် များဆောင်ရွက်နိုင်သည့်အတွက်ကြောင့်ဖြစ်သည်။ ဒေသတွင်း ချဉ်းကပ်စည်းရုံးရေးစီမံချက်ချမှတ်ခြင်းကို လူ့အဖွဲ့အ စည်း၊ အိမ်နီးနားချင်း၊ ကျေးရွာ သို့မဟုတ် မြို့နယ်အဆင့်၌ တွေ့ရှိရသည်။
- **အမျိုးသားအဆင့် ။** ။ အမျိုးသားအဆင့်စီမံချက်ချမှတ်ခြင်းသည် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ဒေသခံ အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန်လိုအပ်သည်။ စည်းရုံးရေးသမားများသည်ဒေသခံအုပ်စုများ၏လုပ်ရှား

မှုများ၊ အကြောင်းကိစ္စများနှင့်တိုးတက်မှုများဆိုင်ရာနောက်ဆုံးအခြေအနေသတင်းရရှိရန် ဒေသခံကိုယ်စားလှယ်များ အပေါ်မှီခိုအားထားရမည်။ အမျိုးသားအဆင့်တွင်စီမံချက်ချမှတ်ခြင်းသည် ပုံစံအားဖြင့် ကွဲပြားခြားနားသည့်ဒေသခံ အုပ်စုများကို ဆက်စပ်ပေးရန်လိုအပ်သည့်အတွက် နှေးကွေးသည့် လုပ်ငန်းစဉ်တရပ်ဖြစ်သည်။

- **ဒေသတွင်းနိုင်ငံများအဆင့်** ။ ။ ဒေသတွင်းနိုင်ငံများအဆင့်စီမံချက်ချမှတ်ခြင်းတွင် ဒေသန္တရနှင့်အမျိုးသားအဆင့်တွင် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့်စုပေါင်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ပူးပေါင်းပါဝင်ရမည်။ ဒေသတွင်း ရေးရာ အစီအစဉ်ချမှတ်ခြင်းအဆင့်တစ်ရပ်အပေါ် အုပ်စုအမျိုးမျိုးနှင့် စိတ်ဝင်စားမှုအမျိုးမျိုးတိုးမြင့်လာသည်နှင့်အမျှ အလားတူစွာ အစီအစဉ်ချမှတ်ရန်အတွက် လိုအပ်သည့် အချိန်အတိုင်းအတာပမာဏသည်လည်း တိုးမြင့်လာသည်။

- **ကမ္ဘာ့အဆင့်** ။ ။ ဒေသတွင်းနိုင်ငံတကာအဆင့် စီမံချက်ချမှတ်ခြင်းနှင့်အလားတူစွာ ကမ္ဘာလုံးဆိုင်ရာအတိုင်း အတာဖြင့်ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းစဉ်သည် စီမံချက်အဆင့်တိုင်းတွင်ပါဝင်သူများအားလုံးပါဝင်သည့် ဖြစ်စဉ်တရပ် တည်ဆောက်ရန်နှင့် ၄င်းတို့၏အဆိုပြုတင်သွင်းချက်များလက်ခံမှုနှင့် ၄င်းတို့အားတာဝန်ခံမှုဖြင့် တိုးချဲ့လုပ်ဆောင် ရန် အရေးကြီးသည်။ ထို့အပြင်ဤကဲ့သို့သောဆက်စပ်ဆောင်ရွက်မှုလုပ်ငန်းများအတွက် အချိန်ပမာဏအတော်အသင့် လိုအပ်မည်ဖြစ်သည်။

# အခန်း-(၃)

## ပြဿနာရပ်များအားခွဲခြမ်းစိတ်ဖျာခြင်း

**ရည်ရွယ်ချက်များ**

- ဖြစ်နိုင်ခြေရှိသည့် ချဉ်းကပ်စည်းရုံးမှုအတွက် ပြဿနာများကိုထုတ်ဖော်တင်ပြရန်။
- အကြောင်းအရာများကို ဦးစားပေးအဆင့်သတ်မှတ်ရန်။
- ဖြေရှင်းရမည့်အကြောင်းအရာများကို အပြည့်အဝခွဲခြမ်းစိတ်ဖျာသုံးသပ်ရန်။

### ချဉ်းကပ်စည်းရုံးမည့်အကြောင်းအရာရွေးချယ်မှုဖြစ်စဉ်

မည်သည့်ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းမဆို မစတင်မီ ပမာဏထိတွေ့ဆက်ဆံမှုများဆောင်ရွက်ရမည်၊ စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းတွင် အဓိကအာရုံစူးစိုက်ရမည့်ပြဿနာအား ရှင်းရှင်းလင်းလင်း ထုတ်ဖော်တင်ပြရန်နှင့် အပြည့်အဝခွဲခြမ်းစိတ်ဖြာသုံး သပ်ရမည်။ အများအားဖြင့် စည်းရုံးလှုံ့ဆော်ရေးသမားတို့သည် အကြောင်းကိစ္စများတွင် နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသည့် ပြဿနာတသီတတန်းကြီးကို ရင်ဆိုင်ကြုံတွေ့ရတတ်သည်။ တခါတရံ ပြဿနာသည် ထင်သာမြင်သာ၍ ပင်ကိုယ်သဘာဝအား ဖြင့်ရိုးစင်းရှင်းလင်းသည်။ အခြားအချိန်များတွင် ပြဿနာအစစ်အမှန်ကို ဆုံးဖြတ်သတ်မှတ်ရန်ခက်ခဲပြီး အကြောင်းအရာများ ကိုယ်၌က ရှုပ်ထွေးလွန်းလှသည်။ ပြဿနာများအနက်မှ အဓိကအာရုံစူးစိုက်ဆောင်ရွက်ရမည့်ပြဿနာတရပ်အား ရွေးချယ်ရ သည်ကပင် စိတ်အနှောင့်အယှက်ဖြစ်စေသည့်လုပ်ငန်းတရပ် ဖြစ်သွားနိုင်သည်။ မည်သို့သောအခက်အခဲများရှိစေကာမူ ထိ ရောက်သည့်ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းကို ကနဦးစတင်ဆောင်ရွက်ရာတွင် ပြဿနာရပ်အားသရုပ်ခွဲခြင်းနှင့်ဆန်းစစ် လေ့လာခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းသည် အလွန်အရေးပါအရာရောက်သည့် လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ ဤအခန်း သည် အဓိကအာရုံစူးစိုက်ရမည့် အကြောင်းအရာများအားမည်သို့စဉ်းစားရွေးချယ်ရမည်ကိုလမ်းညွှန်မှုပေးပြီး ပြဿနာများ၏ အတိမ်အနက်ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များကို မည်သို့ရွေးချယ်ဆုံးဖြတ်မည်ဆိုခြင်း နှင့်ပတ်သက်၍ ရှေ့ဆောင်လမ်းပြပေးလိမ့်မည်။

## ၁။ ပြဿနာများကို ထုတ်ဖော်တင်ပြခြင်း

မည်သည့်ပြဿနာသည် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်း၏ အဓိကပစ်မှတ်ဖြစ်သင့်သည်ကိုဆုံးဖြတ်သတ်မှတ်ရာ၌ ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းစဉ်တွင် အဓိကပွိုင့်များအဖြစ်ရပ်တည်နေသည့် ပြဿနာအသီးအသီးအား သတ်မှတ်ထုတ်ဖော်ရန် ပထမအဆင့်အနေဖြင့်လုပ်ဆောင်ရမည်။ ၎င်းတွင် သက်ဆိုင်ရာသိမ်မွေ့နက်နဲ၍ ပိုမိုကျယ်ပြန့်သောအကြောင်းအရာများကိုအခြေပြုသက်ဆင်းလာသည့် ပိုမိုသေးငယ်ပြီး အလွန်အနုစိတ်သည့် ပြဿနာများစွာလည်းရှိနိုင်သည်။

ပြဿနာများဆိုင်ရာ စာရင်းဇယားများပြုစုရာ၌ ခက်ခဲရှုပ်ထွေးမှုကင်းရှင်းရန်နှင့် သက်ဆိုင်ရာအကြောင်းအရာများအား အကြိမ်ကြိမ်အပ်ကြောင်းထပ်တင်ပြခြင်းမပြုရန်လိုအပ်ပြီး တိကျသေချာသည့်ပြဿနာများကိုအဓိကအာရုံစူးစိုက်ရန် ကြိုးစားပါ။ လက်တွေ့ထိခိုက်ခံစားခဲ့ရသည့်လူမှုအဖွဲ့အစည်း၏ အဖွဲ့ဝင်များသည် အနီးကပ်ဆုံးအကြောင်းအရာများနှင့် ရေရှည်အကြောင်းအရာများဆက်နွယ်မှုတို့အား ထုတ်ဖော်တင်ပြရန် အကောင်းဆုံးအခြေအနေကို ပိုင်ဆိုင်သူများဖြစ်ကြသည်။ ထိုသူများအား ၎င်းတို့ရင်ဆိုင်ရသည့် ပြဿနာများကို ဖြစ်နိုင်သမျှတိတိကျကျ ထုတ်ဖော်တင်ပြရန် အားပေးတိုက်တွန်းရမည်။

## ၂။ ပြဿနာများ၏ဦးစားပေးအဆင့်သတ်မှတ်ခြင်း

ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းအပေါ်အာရုံစူးစိုက်မှုကိုရရှိရန် ရည်ရွယ်၍ ပြဿနာများစွာကို စာရင်းပြုစုထားဖွယ်ရှိသည်။ မည်သို့ပင်ဖြစ်စေ ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်ကို အဓိကအာရုံစူးစိုက်ခြင်းဖြင့် ပြဿနာများကိုကျဉ်းမြောင်းသွားအောင် ဆောင်ရွက်ရန်အရေးကြီးသည်။

ရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို ထိခိုက်ခံရသည့်လူ့အဖွဲ့အစည်း၏ ပူးပေါင်းပါဝင်မှုများနိုင်သမျှများများဖြင့် ဆုံးဖြတ်သတ်မှတ်သင့်သည်။ အချို့သောအကြောင်းကိစ္စများတွင် ပြဿနာအလုံးစုံကို အပြည့်အဝနားလည်စေရန် လုံလောက်သည့်သတင်းအချက်အလက်မရရှိသည်ကိုတွေ့ရသည်။ ဤသို့ဖြစ်ပျက်ခဲ့လျှင် ပြဿနာ၏အခြေအနေအရပ်ရပ်ကို စုံစမ်းစစ်ဆေးမှုပြုရန် သို့မဟုတ် သုတေသနပြုဆောင်ရွက်ရန် မဖြစ်မနေလိုအပ်သည်။

ဦးစားပေးအဆင့်သတ်မှတ်ခြင်းလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရန် ပြဿနာများ၏ဦးစားပေးအဆင့်သတ်မှတ်မည့် စံနှုန်းသတ်မှတ်ချက်များ ချမှတ်ထားရှိရန် လိုအပ်ကောင်းလိုအပ်သည်။ ပြဿနာများအား မည်ကဲ့သို့ဦးစားပေးအဆင့်သတ်မှတ်မည်ဆိုခြင်းသည် ပါဝင်သည့်အုပ်စုအားလုံး၏ သဘောတူညီချက်အပေါ်တွင် မူတည်ပေလိမ့်မည်။ သို့ရာတွင်ဦးစားပေးအဆင့်သတ်မှတ်မှုဖြစ်စဉ်တွင် အောက်အကြောင်းအရာပါကိစ္စရပ်များ ထည့်သွင်းစဉ်းစားရမှုတွင်ပါဝင်သည်။

- ပြဿနာသည် မည်သူတို့အား ထိခိုက်နစ်နာစေသနည်း။ ၎င်းတို့မည်ကဲ့သို့ထိခိုက်ခံစားရသနည်း။
- ပြဿနာ၏ အရင်းခံအကြောင်းအရာသည် မည်သည်များဖြစ်ပါသလည်း။
- ပြဿနာအတွက် မည်သူတာဝန်ယူဆောင်ရွက်နိုင်သလည်း။
- ပြဿနာကို အောင်မြင်နိုင်သည့် ဖြေရှင်းချက်များရှိပါသလား။
- ဖြေရှင်းချက်များသည် အထိခိုက်ခံလူထုသို့ မည်သို့အဓိပ္ပါယ်သက်ရောက်စေပါသနည်း၊ ပြဿနာအပေါ်ဤဖြေရှင်းချက်သည် ပို၍ကြီးမားသောပြဿနာများကိုဖြေရှင်းနိုင်ပါမည်လား။

ရွေးချယ်ထားသည့်ပြဿနာသည် မည်သို့ပင်ဖြစ်စေ အကြောင်းအရာသည် အဖွဲ့၏ပြင်းပြသည့်ခံစားချက်အပေါ်အခြေခံမှု၊ အဖွဲ့၏တစ်ခုလုံး၏ ဦးတည်ချက်တာဝန် (Mission)နှင့် ရပ်တည်ချက်အမြင် (Vision) များနှင့် ဆက်စပ်ပတ်သက်မှုရှိနေပြီး ဖြေရှင်း၍နိုင်လောက်သည့် အကြောင်းအရာဖြစ်သင့်သည်။

**ပြဿနာရွေးချယ်ခြင်းဆိုင်ရာ သိမှတ်စရာ။** ။ ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းတစ်ရပ်တွင် အဓိကအာရုံစူးစိုက်ရမည့် ပြဿနာကိုရွေးချယ်ရာတွင် မဟာဗျူဟာအရ အဆင်သင့်ဖြေရှင်းနိုင်ဖွယ်မရှိသည့် ပိုမိုခိုင်မာသည့်ပြဿနာရပ်ကို ရွေးချယ်မည့်အစား ရေတိုကာလ၌ဖြေရှင်းရနိုင်သည့်ပြဿနာတခုကို ရွေးချယ်ရမည်။ အထူးသဖြင့် အကြောင်းအရာကြီးကြီးမားမားကို ကိုင်တွယ်

မဖြေရှင်းမီ ရေတိုပြဿနာများကိုကိုင်တွယ်နေသည့် စုပေါင်းအုပ်စုတစု သို့မဟုတ် အတွေ့အကြုံနုနယ်သေးသည့် ချဉ်းကပ်စည်း ရုံးရေးသမားများအဖို့ တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံကောင်းများကို ရရှိနိုင်မည်ဖြစ်သည်။ အသေးအမွှားအောင်မြင်မှုများ သည်လည်း ထောက်ခံအားပေးသူများကို အားတက်စေပြီးဆက်လက်တည်တံ့နေစေသည်။ ထို့ပြင် ရေတိုအောင်ပွဲများသည် ပိုမိုကျယ်ပြန့်သည့် ရေရှည်ပြဿနာများကိုတဖြည်းဖြည်းမှေးမှိန်သွားစေသည်။

### ၃။ ပြဿနာကို ဆန်းစစ်လေ့လာခြင်း

တချိန်ချိန်တွင် သီးသန့်အသေးစိတ်ပြဿနာတစ်ရပ်ကို ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း၏ အဓိကပစ်မှတ်အဖြစ် ရွေးချယ်ခဲ့လျှင် ဤပြဿနာကို အသေးစိတ်စစ်ဆေးလေ့လာသင့်သည်။ ပြဿနာတွင် အမြစ်တွယ်နေသည့် အခြေခံအကြောင်း အရာများ၏ကွင်းဆက် (range)၊ ပြသနာများကို ဖြစ်ပျက်စေသည့် အဓိကအင်အားစုများနှင့် ဖြစ်နိုင်ခြေဖြေရှင်းချက်တို့ကို အပြည့်အစုံ ဆန်းစစ်လေ့လာရန် အရေးကြီးသည်။

## အခန်း-(၄)

# ရည်မှန်းချက်ပန်းတိုင်အားသေချာစွာ ချမှတ်ခြင်း

**ရည်ရွယ်ချက်များ**

၁) ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက် ရည်မှန်းချက်ပန်းတိုင်ကိုချမှတ်ခြင်း၊
၂) ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ၏ ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊
၃) စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း၏ရည်မှန်းချက်များအား သေချာစွာ စီစစ်သုံးသပ်ခြင်း၊

### ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက် ရည်မှန်းချက်ပန်းတိုင်ရွေးချယ်မှုဖြစ်စဉ်

ပြဿနာတစ်စုံတရာကို ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုပြုခြင်းဖြင့်ဖြေရှင်းနိုင်ရန် သေချာစွာလေ့လာသုံးသပ်ဆုံးဖြတ်အပြီး တွင် နောက်ထပ်အဆင့်အားဖြင့် ၄င်းပြဿနာနှင့်သင့်လျော်ဟပ်စပ်သည့်အဖြေရှာမှုကို စဉ်းစားသုံးသပ်ရန်ဖြစ်သည်။ ဤ အဆင့်သည် ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှု၏အဓိကရည်မှန်းချက်က ပြဿနာတရပ်ကိုဖြေရှင်းနိုင်ရန် ဖိအားပေးမှုများရှိမည်ဖြစ် သောကြောင့် အရေးကြီးသောအဆင့်ဖြစ်သည်။ ထို့ကြောင့် ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင် ရည်မှန်းချက်ချမှတ်ခြင်း သည် အခြေခံကျကျလုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်သည်။

စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတစ်ခုကို အကောင်အထည်ဖေါ်နေစဉ်တွင် စည်းရုံးရေးသမားများအနေဖြင့် မည်သည့်ရည် မှန်းချက်များကို အောင်မြင်မှုရရှိအောင်မိမိတို့ အဖြေရှာနေသည်ကိုရှင်းလင်းစွာ ခွဲခြားနားလည်ရန်လိုအပ်သည်။ တခါတရံတွင် ရင်ဆိုင်နေရသည့်ပြဿနာရပ်ကို ဖြေရှင်းနိုင်ရန်အတွက် ရွေးချယ်စရာနည်းလမ်းများစွာရှိနေနိုင်သည်။ အချို့သောနည်းလမ်း များသည် အခြားနည်းလမ်းများထက်ပိုမိုပြည့်စုံသော နည်းလမ်းများလည်းဖြစ်နိုင်သည်။ ဤနေရာတွင် မိမိချမှတ်ထားသော ရည်မှန်းချက်က စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတစ်ခုလုံးအား ခြုံငုံမိစေရန်အရေးပါလှပြီး၊ တချိန်ထဲတွင် အဆိုပါရည်မှန်းချက်အား အောင်မြင်အောင်အကောင်အထည်ဖေါ်စေနိုင်မည့် ထိရောက်သောနည်းနာနိဿယများ ပေါ်ပေါက်လာနိုင်ရန်လည်း ဦးတည် ထားနိုင်ရပါမည်။ ရည်မှန်းချက်အစဉ်အဖြင့် ရေတိုနှင့်ရေရှည်ကာလနှစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းနိုင်စေရပါမည်။ စည်းရုံးလှုံ့ ဆော်မှုလုပ်ငန်းတခု၏ ကာလရှည်ရည်မှန်းချက်၌ ကြီးမားသောရည်ရွယ်ချက်များဖြင့်ဝန်းရံထားချိန်တွင် ကာလတိုရည်မှန်းချက် အား စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတစ်ခုလုံး၏ အမြင့်ဆုံးသောရည်ရွယ်ချက်များအား တဆင့်ပြီးတဆင့်ပြီးချဉ်းကပ်၍ အောင်မြင် စွာအကောင်အထည်ဖေါ်နိုင်ရန် ချမှတ်ရပါမည်။

ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းတစ်ခုအတွက် အသေးစိတ်ကျသောရည်မှန်းချက်ကိုချမှတ်ရေးသားရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်အလက်ပေါင်းများစွာရှိနိုင်ပါသည်။ အောက်ပါစံနှုန်းသတ်မှတ်ချက်များသည် အဓိကထားချမှတ်ရမည့် ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်သည့်ရာတွင် အထောက်အကူဖြစ်စေရန်ဖော်ပြထားခြင်းဖြစ်ပါသည်။ *(နောက်ဆက်တွဲ–၁၊ အခြေမျာ်းအားခွဲခြမ်းစိတ်ဖြာခြင်းဆိုင်ရာလုပ်ငန်းပုံစံချပ်တွင်ရှု)*။ ချမှတ်ထားသောရည်ရွယ်ချက်တရပ်သည် စံနှုန်းသက်မှတ်ချက်တိုင်းနှင့် ကိုက်ညီရန်မလိုအပ်သော်လည်း၊ ဤအချက်အလက်များကို အသုံးပြု၍ ရည်ရွယ်ချက်တခုစီတိုင်းအား ပြန်လည်သုံးသပ်စစ်ဆေး၍ ရွေးချယ်မှုဖြစ်စဉ်လွယ်ကူချောမွေ့စေရန် အထောက်အကူပြုနိုင်သည်။ ထို့ထက်ပို၍ ရည်မှန်းချက်နှင့်ရည်ရွယ်ချက်များချမှတ်ခြင်းလုပ်ငန်းစဉ်သည် တဖြည်းဖြည်းချင်းအချိန်ယူဆောင်ရွက်ရသည့်လုပ်ငန်းမျိုးဖြစ်ပြီး အချိန်ကာလအလိုက် ပြန်လည်သုံးသပ်မှုများပြုလုပ်ပေးရန်အရေးကြီးသည် ဟူသောအချက်ကိုခေါင်းထဲထည့်ထားရန်ဖြစ်သည်။

## ၁။ မိမိချမှတ်ထားသောရည်မှန်းချက်က ပြဿနာအား အမှန်တကယ် ဖြေရှင်းနိုင်ပါမည်လား။

ကျွန်ုပ်တို့မျှော်မှန်းလုပ်ဆောင်နိုင်သည်ထက်များစွာ အလှမ်းကွာဝေးသော ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းမျိုးကို မရွေးချယ်မိစေရန်အရေးကြီးသည်။ ကြီးမားကျယ်ပြန့်လွန်းပြီး လက်တွေ့သိပ်မကျသော ရည်မှန်းချက်များသည် ပူးပေါင်းပါဝင်လုပ်ဆောင်သူများအား တွေဝေသွားစေတတ်ပြီးနောက်ထပ်သော ပါဝင်ကူညီမည့်သူများကိုလည်း ပါဝင်လာအောင်စည်းရုံးရာတွင် အခက်အခဲရှိစေနိုင်သည်။ အကျိုးသက်ရောက်မှုမရှိသည့် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းတွင် လူတို့ကပါဝင်ရန်ဆန္ဒရှိမည်မဟုတ်ပေ။ ထို့ကြောင့်ရည်မှန်းချက်သည် ဖြစ်နိုင်ခြေရှိရမည်။ ဖြစ်နိုင်ခြေရှိသော ရည်မှန်းချက်ဖြစ်၊ မဖြစ် ဆိုသည်ကို နိုင်ငံရေးအခြေအနေ၊ လူထုစိတ်ဝင်စားရန်သေချာသော အကြောင်းအရာ၊ လုပ်ငန်းလုပ်ဆောင်ရန်အတွက် ရရှိနိုင်သောအရင်းအမြစ် အခြေအနေ၊ အကောင်အထည်ဖေါ်မည့်အဖွဲ့အစည်း၏ လုပ်ကိုင်နိုင်စွမ်းရည် စသည့်အချက်များနှင့်ဆက်စပ်စဉ်းစား၍အဖြေထုတ်နိုင်သည်။ သတင်းအချက်အလက်များစုဆောင်းထားနိုင်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းများက ချမှတ်ခဲ့သောရည်မှန်းချက်များသည် ပြဿနာကို ဖြေရှင်းပေးနိုင်ခြင်းရှိ၊ မရှိကို စဉ်းစားသုံးသပ်ရန်အထောက်အကူပြုမည်ဖြစ်ပါသည်။ ချမှတ်ထားသည့်ရည်မှန်းချက်သည် စဉ်းစားရွေးချယ်သည့်ပြဿနာကို ဖြေရှင်းပေးနိုင်ရမည်ဖြစ်ပြီး အခြားသောပြဿနာများကိုသာ ဖြေရှင်းနိုင်ခြင်းမျိုးမဖြစ်စေရပါ။

## ၂။ ရည်မှန်းချက်က လူထုအား ပူးပေါင်းပါဝင်မှုရှိလာအောင် ဆွဲဆောင်စည်းရုံးနိုင်မှုရှိပါမည်လား။

ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းအများစုသည် လူထု၏ပူးပေါင်းပါဝင်ပံ့ပိုးမှုနှင့်ကြိုးပမ်းမှုပေါ်တွင်များစွာမူတည်သည်။ ချဉ်းကပ်စည်းရုံးမှုလုပ်ငန်း၏ရည်ရွယ်ချက်များအပေါ် လူအများပူးပေါင်းပါဝင်ပြီး၊ လုပ်ကိုင်ချင်စိတ်ရှိလေလေ စည်းရုံးမှုလုပ်ငန်းအောင်မြင်ရန်အခွင့်အလမ်းများလေလေဖြစ်သည်။ ထို့ကြောင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း၏ရည်မှန်းချက်သည်လူထုအားပါဝင်လှုပ်ရှားချင်စိတ်ရှိလာအောင် တွန်းအားပေးဆွဲဆောင်နိုင်မှုရှိမရှိဆိုသည်မှာ အလွန်အရေးကြီးသည်။ လူတိုင်းသည် ပြဿနာရပ်များ၏ အဖြေရရှိသည့်တိုင်အောင် ဦးတည်ဆောင်ရွက်ရန် ဆန္ဒရှိကြပါသလား?။

## ၃။ ရည်မှန်းချက်ပန်းတိုင်သည်အလွယ်တကူနားလည်နိုင်ပါသလား။

ကျွန်ုပ်တို့ ချမှတ်ထားသော ပန်းတိုင်ရည်မှန်းချက်သည် ရှုပ်ထွေးလွန်းခြင်း သို့မဟုတ် လက်တွေ့နှင့်ဝေးကွာလွန်းပြီး ယေဘူယျနေပါသလား?။ အကယ်၍ရည်မှန်းချက်ကို လူအများနားလည်အောင် အသေးစိတ်ထပ်မံရှင်းလင်းတင်ပြနေရမည်ဆိုပါက ရည်မှန်းချက်ပြည့်ဝအောင် လုပ်ငန်းများကိုအကောင်အထည်ဖေါ်ရာတွင် ရှုပ်ထွေးသွားနိုင်ပြီး ရှင်းလင်းထင်ရှားသည့် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းတစ်ခုဖြစ်မလာနိုင်ပေ။ ဤသို့ဆိုခြင်းသည် ရှုပ်ထွေးသောရည်မှန်းချက်ပန်းတိုင်မျိုးဖြင့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းကို အကောင်အထည်ဖေါ်ရန်မသင့်ဟု ဆိုလိုသည်မဟုတ်ပေ။ ရှုပ်ထွေးလှသောရည်မှန်းချက်မျိုးကိုပင် ရှင်းရှင်းလင်းလင်းဖြစ်အောင် တင်ပြနိုင်ဖို့လိုအပ်သည်ကို ဆိုလိုခြင်းဖြစ်သည်။ စကားအလှတန်ဆာဆင်ထားသော အဖွဲ့အနွဲ့စကားလုံးများသုံးစွဲခြင်းနှင့် မရေမရာဖြင့်အဓိပ္ပါယ်မပြတ်သားသော အရေးအသားများရေးသားခြင်းသည် ဖတ်သူကိုမြောက်များစွာအား ဆိုလိုရင်းအဓိပ္ပါယ်အပေါ် ကွဲပြားနားလည်သွားစေနိုင်သည်။ ပန်းတိုင်ကိုဖေါ်ပြရာတွင် အသေးစိတ်ကျနိုင်သမျှကျအောင်တင်ပြ

ပါ။ စည်းရုံးလှုံ့ဆော်မှုအတွက် ရှင်းလင်းသောရည်မှန်းချက်များကိုတင်ပြနိုင်လေလေ၊ အကောင်အထည်ဖေါ်လိုသည့်အချက်များကို လူအများအလွယ်တကူနားလည်သွားလေလေဖြစ်သည်။

### ၄။ ရည်မှန်းချက်များပြည့်ဝအောင်ဆောင်ရွက်နိုင်ရန် တိကျသောအချိန်ကာလ သတ်မှတ်ချက်ရှိပါသလား။

ရည်မှန်းချက်အချို့အတွက် အချိန်ကာလအထူးသတ်မှတ်ချက်များရှိနေချိန်တွင်အချို့သောရည်မှန်းချက်များကို အချိန်ကာလအလျဉ်းသင့်သလိုသတ်မှတ်ထားရှိနေကြသည်။ အချို့သောရည်မှန်းချက်ကို အချိန်ကာလတိုအတွင်း အကောင်အထည်ဖေါ်နိုင်ရန်ချမှတ်ထားလည်း အချို့ကိုမူ အချိန်ကာလရှည်တွင် အကောင်အထည်ဖေါ်ရန်သတ်မှတ်ထားသည်။ အချို့သောရည်မှန်းချက်များ၏ အချိန်ကာလအကန့်အသတ်ကိုမူ ပြင်ပမှတွန်းအားများကထိန်းချုပ်ထားတတ်သည်။ ဥပမာ–ရေကာတာတခုအား အပြီးသတ်တည်ဆောက်ရမည့်နေ့ရက်ကို အစိုးရကမိမိတို့မူဝါဒအရဆုံးဖြတ်ချက်ချမှုရှိလာခြင်းမျိုးဖြစ်သည်။ အချို့သောရည်မှန်းချက်များကိုမူ မိမိတို့လုပ်ငန်းဆောင်တာနှင့် အဖွဲ့၏လုပ်ကိုင်ဆောင်ရွက်နိုင်မှုအပေါ်မူတည်၍ အချိန်ကာလသတ်မှတ်ရသည်။ မည်သို့ပင်ဆိုစေ ရည်မှန်းချက်အားအကောင်အထည်ဖေါ်ရန် ရှင်းလင်းတိကျ၍ လက်တွေ့ကျသော အချိန်ကာလသတ်မှတ်မှုမျိုး ထားရှိရေးဆွဲနိုင်ပါက ပို၍ကောင်းမွန်ပါသည်။

### ၅။ ရည်မှန်းချက်သည် မဟာမိတ်များနှင့် တပ်ပေါင်းစုများစုစည်းတည်ဆောက်မှုကိုကူညီနိုင်ပါမည်လား။

ဩဇာအာဏာရှိသောမဟာမိတ်အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများသည် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းစဉ် အောင်မြင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်သည်။ ဩဇာတက္ကိမရှိသူများ၏ စိတ်ဝင်စားမှုကိုဆွဲဆောင်နိုင်သည့် ရည်မှန်းချက်မျိုးထားရှိနိုင်ခြင်းသည် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအောင်မြင်ရန် အထောက်အကူများစွာရရှိနိုင်သည်။ တခုရှိသည်မှာ မိမိတို့၏ရည်မှန်းချက်ပန်းတိုင်သည် မတူကွဲပြားသောအဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလတို့၏ပေါင်းစည်းညီညွတ်မှုကို ဖေါ်ဆောင်ပေးနိုင်ခြင်းရှိ၊ မရှိ ဆိုသည်ကို ထည့်သွင်းစဉ်းစားရန်အရေးကြီးသည်။

> ***ရည်မှန်းချက်ပန်းတိုင်ရွေးချယ်ခြင်းဆိုင်ရာသိကောင်းစရာ***
>
> *ဤဆုံးဖြတ်ချက်သည် အရေးကြီးသည့်အပိုင်းဖြစ်သည့်အားလျော်စွာ ရည်မှန်းချက်တရပ်အားမချမှတ်မီ ပြဿနာများကြောင့်လက်တွေ့ထိခိုက်ခံစားနေရသည့် ပို၍အတွေ့အကြုံရှိနိုင်သောရပ်ရွာလူထုအသိုင်းအဝိုင်း သို့မဟုတ်၊ အလားတူပြဿနာများကို ကိုင်တွယ်ဖြေရှင်းခဲ့ဖူးသောအဖွဲ့အစည်းများ၊ ပြဿနာရပ်ဆိုင်ရာကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ရှေးဦးစွာတွေ့ဆုံဆွေးနွေးအကြံဉာဏ်ရယူခြင်းသည် ပို၍ကောင်းမွန်သောရည်မှန်းချက်ချမှတ်နိုင်ရေး အတွက် ထောက်အကူပြုနိုင်ပါသည်။*

# အခန်း–(၅)

# စိတ်ဓါတ်မြှင့်တင်ပေးခြင်းနှင့်တပ်ပေါင်းစုတည်ဆောက်ခြင်း

**ရည်ရွယ်ချက်များ**

- ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်တွင် စိတ်ဓါတ်မြှင့်တင်မှု စုစည်းတည်ဆောက်ရန်၊
- ပူးပေါင်းပါဝင်မှုကိုမြှင့်တင်ရန် နိုင်ငံရေးဆိုင်ရာအကန့်အသတ်များကိုဖယ်ရှားရန်၊
- တပ်ပေါင်းစုတည်ဆောက်ရေးအတွက်လိုအပ်သည့် လက်နက်ကိရိယာများတပ်ဆင်ပေးရန်၊

## စိတ်ဓါတ်မြှင့်တင်ပေးခြင်းဆိုသည်မှာ အဘယ်နည်း။

စိတ်ဓါတ်မြှင့်တင်ပေးမှုသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ရည်မှန်းချက်များကို တိုးတက်အောင်မြင်စေရန် သာမက သက်တမ်းရှည်အာဏာယန္တရားနှင့်အင်အားစုများကိုပါ ရင်ဆိုင်ရပ်တည်ရန် အလုပ်အကျွေးပြုသည်။ လူထုသည် အင်အားစုတခုအားဖယ်ရှားပစ်ရန် အသိအမှတ်ပြုခံရသောအချိန်မျိုးတွင် စိတ်ဓါတ်တက်ကြွလာတတ်ပြီး ထိုအင်အားစုကိုအပြောင်းအလဲဖြစ်အောင် အရေးယူဆောင်ရွက်ရန်အဆင်သင့်ဖြစ်လာသည်။ ဤဖြစ်ရပ်မျိုးသည် တသီးပုဂ္ဂလများအနေဖြင့်တိုက်ရိုက်သို့မဟုတ် စုစည်းတောင်းဆိုခြင်းများပြုလုပ်သည့်အခါမျိုးတွင်ဖြစ်လာတတ်သည်။ ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်များတွင် ထိရောက်သည့်အပြောင်းအလဲတစုံတရာဖြစ်ရန် သို့မဟုတ် မိမိတို့၏အရေးကိစ္စများကို လူအများကရပ်တည်တောင်းဆိုမှုပြုချိန်များတွင် စိတ်ဓါတ်မြှင့်တင်မှုသည်အောင်မြင်မှုရတတ်သည်။ ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းသည် လုပ်ငန်း၏ရည်မှန်းချက်များမှတိုက်ရိုက်အကျိုးခံစားခွင့်ရရှိသည့် လူထုအားစိတ်ဓါတ်မြှင့်တင်ထားပေးပြီး ၎င်းတို့ကိုယ်တိုင်၎င်းတို့ဘဝအပြောင်းအလဲအတွက်ယုံကြည်မှုအပြည့်အဝဖြင့် တောင်းဆိုသည့်အခါမျိုးတွင် အထိရောက်ဆုံးဖြစ်သည်။ စိတ်ဓါတ်မြှင့်တင်ပေးမှုများမှတဆင့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းသည် ကြီးထွားတိုးတက်၍အားကောင်းလာစေနိုင်သည်။

## စိတ်ဓါတ်မြှင့်တင်ပေးခြင်းနှင့်နိုင်ငံရေး။

လူအများစုအဖို့၊ ချဉ်းကပ်စည်းရုံးမှုသည် နိုင်ငံရေးနှင့်အစဉ်သဖြင့် အပြန်အလှန်ဆက်စပ်နေသည်ဟုယုံကြည်ကြသည်။ ဖိနှိပ်အုပ်ချုပ်သည့်အစိုးရများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အခြားသောနိုင်ငံရေးမတည်ငြိမ်မှုများအောက်တွင် ရှင်သန်နေထိုင်ခဲ့ရသူများသည် အများအားဖြင့်နိုင်ငံရေးကို ကြောက်ရွံ့ကြသည်။ ရလာဒ်အားဖြင့် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းတွင် ပါဝင်ရန်သဘောတူညီမှုမရှိနိုင်ဘဲ ဆုံးဖြတ်ချက်မချမှတ်နိုင်ဘဲဖြစ်နေတတ်သည်။ ထိရောက်သည့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်တရပ်ကိုတည်ဆောက်နိုင်ရန်မှာ အခက်အခဲအကျပ်အတည်းများနှင့် စိတ်ဓါတ်အင်အားပြည့်ဝနေသည့်တသီးပုဂ္ဂလများကို လွှမ်းမိုးထိန်းချုပ်ထားရန်လိုအပ်သည်။

မည်သူမျှနိုင်ငံရေးနှင့်မလွတ်ကင်းနိုင်ပေ၊ နိုင်ငံရေးဖြစ်စဉ်များသည် နေအိမ်များတွင်၊ ကျောင်းများတွင်၊ လူမှုအသိုင်းအဝိုင်းထဲတွင်နှင့် အစိုးရဖွဲ့စည်းပုံယန္တရားများတွင်စသည်ဖြင့်နေရာအနှံ့တွင်ရှိနေကြသည်။ ဆက်စပ်မှုအားလုံးသည် တစုံတရာအတိုင်းအတာအထိ နိုင်ငံရေးနှင့်အကျုံးဝင်နေသည်။ နိုင်ငံရေး၏ပရိယာယ်သဘောသဘာဝအရ လူမှုအတန်းအစား၊ ပညာရှင်များ၊ လူမှုအသိုင်းအဝိုင်းများသည် မည်သူကမျှနိုင်ငံရေးကို ပိုင်ဆိုင်သည်ဟု ကြေငြာ၍မရနိုင်ပါ။ နိုင်ငံရေးသည် လူမှုအသိုင်းအဝိုင်းရှိလူတဦးခြင်းစီနှင့်သက်ဆိုင်ပါသည်။ ချွင်းချက်အနေဖြင့် နိုင်ငံရေးသည် အလယ်အလတ်တန်းလွှာလူတန်းစားများအတွက်ပိုမိုအားဖြည့်စေပြီး အလယ်အလတ်တန်းလွှာလူတန်းစားမဟုတ်သူများကို ပို၍အခွင့်အလမ်းနည်းပါးစေခြင်းဖြစ်ပါသည်။ ဤဖြစ်ရပ်သည် အင်အားမဲ့သူများအဖို့ မျှော်လင့်ချက်ကင်းမဲ့သည့်ခံစားမှုကို ဖြစ်ပေါ်စေပြီး ထိရောက်သည့်အပြောင်းအလဲတရပ်ဖြစ်ပေါ်အောင်ကျိုးပမ်းမှုတွင် ၎င်းတို့၏စိတ်ပါဝင်စားမှုကိုလျော့ကျစေသည်။

ဤသည်မှာအမှန်တရားဖြစ်သည် နိုင်ငံအတော်များများတွင် အဓိကနိုင်ငံရေးတည်ဆောက်ပုံယန္တရားအား ပိုမိုကျယ်ပြန့်သောလူ့အသိုင်းအဝိုင်း၏အရေးကိစ္စများကိုကိုယ်စားပြုရန်ပျက်ကွက်သည့် ရွေးချယ်ခံလူတစုက အခြေခံအားဖြင့်ကိုင်တွယ်ထိန်းချုပ်ထားကြသည်။ လူထုအသိုင်းအဝိုင်းနှင့်လူမှုအဖွဲ့အစည်းများက လူထု၏အခွင့်အာဏာနှင့်အရင်းအမြစ်များအပေါ် သြဇာသက်ရောက်ရန်ကြိုးပမ်းမှုများသည် အမြဲလိုလို အလယ်အလတ်တန်းလွှာလူတန်းစားတစု၏ မျက်ကွယ်ပြုချန်လှပ်ထားမှုကို ခံနေရသည်။ ရလာဒ်အားဖြင့်အမျိုးသမီးများ၊ လူနည်းစုတိုင်းရင်းသားများ၊ ဆင်းရဲသားများနှင့်အခြားဖွံ့ဖြိုးမှုအဆင့်နိမ့်ကျသောလူမှုအသိုင်းဝင်မိသားစုများသည် အမြဲလိုလိုနိုင်ငံရေးဖြစ်စဉ်များမှ ဘေးဖယ်ထားမှုကိုခံနေကြရသည်။

မည်သို့ပင်ဖြစ်စေ ဘေးဖယ်ချန်လှပ်ထားခြင်းသည် အာဏာမဲ့တသီးပုဂ္ဂလများအား ကူညီရာမရောက်ပေ၊ ထိရောက်သည့်ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်၏စိန်ခေါ်ချက်တရပ်မှာ ချမှတ်ထားသည့်ရည်မှန်းချက်များပြည့်မီအောင် ဆုံးဖြတ်ချက်ချမှတ်သည့်အပိုင်းတွင်တွန်းအားပေးရန်တခုတည်းမဟုတ်ဘဲ ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်နှင့်ပါတ်သက်၍ တတ်နိုင်သမျှလူထုအဆင့်အလွှာအသီးသီးမှပါဝင်ခွင့်ရရှိစေရန် ဖွဲ့စည်းပုံအားပြန်လည်ပြုပြင်ရေးဆွဲခြင်းလည်းပါဝင်သည်။ ဤသို့ဆောင်ရွက်ရန်လိုအပ်သောလူမှုအသိုင်းအဝိုင်းသည် ၎င်းတို့တွင်ရှိနေသည့်ခြားနားသော အင်အားများကိုစုစည်း၍ နိုင်ငံရေးနှင့်လူမှုရေးမညီမျှမှုများ

အတွက်ရင်ဆိုင်တိုက်ပွဲဝင်ရမည်။ အာဏာသည် ပြောင်းလဲရွေ့လျားနိုင်သည့် အဓိပ္ပါယ်သက်ရောက်မှုမျိုးရှိပြီး အပြောင်းအလဲများမကြာခဏဖြစ်တတ်သည့်နည်းတူ လက်ပြောင်းလက်လွှဲမှုများရှိတတ်သည်။ လူမှုရေးအဖွဲ့အစည်းများ၊ မဟာမိတ်တည်ဆောက်ခြင်း၊ ခေါင်းဆောင်မှုပိုင်းဆိုင်ရာတည်ဆောက်ခြင်းနှင့် အမျိုးသားနှင့်အပြည်ပြည်ဆိုင်ရာအဆင့်ကဏ္ဍများတွင်တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ချဉ်းကပ်စည်းရုံးမှုဖြစ်စဉ်သည် ပိုမိုအားကောင်း၍စိတ်ဓါတ်အင်အားမြှင့်တက်လာခြင်းဖြင့် ဘေးဖယ်ခံထားရသည့်အုပ်စုများ၏စုပေါင်းအသံကို ကိုယ်စားပြုနိုင်ခြင်းဖြင့် နောက်ဆုံးၡင်းတို့အားလက်ခံလာသည့်အထိအောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။

## စိတ်ဓါတ်မြှင့်တင်ရန်ချဉ်းကပ်ခြင်း

### ၁။ ကွဲပြားခြားနားမှုကိုအပြည့်အစုံဖော်ပြခြင်း

ကွဲပြားခြားနားမှုသည် အမြင်သဘောထားရေိယာပိုမိုကျယ်ပြန့်စေခြင်း၊ အရည်အချင်းများ၊ ကျွမ်းကျင်တတ်မြောက်မှုများ၊ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင်ပါဝင်သူများ၏ဆက်သွယ်မှုကွန်ယက်ကျယ်ပြန့်ခြင်း စသည်တို့တိုးတက်ဖြစ်ပေါ်စေသောကြောင့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းကို ပို၍အကျိုးရှိစေသည်။ စည်းရုံးလှုံ့ဆော်မှု၏သြဇာသက်ရောက်မှုနယ်ပယ်ကို ချဲ့ထွင်စေခြင်းဖြင့် စည်းရုံးခံပရိသတ် အမျိုးမျိုးနှင့်တွေ့ဆုံနိုင်သည့်အခွင့်အရေးရရှိစေနိုင်သည်။ ဤကွဲပြားမှုသည် သဘာမတူညီမှုများကိုလည်းဖြစ်ပျက်စေနိုင်သည် သို့ရာတွင် ဤကွဲပြားခြားနားမှုများကို အပြုသဘောဖြင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင်အသုံးချနိုင်သည်၊ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင် ကွဲပြားခြားနားမှုများကို တိုက်တွန်းအားဖြည့်နိုင်ရန် လူတိုင်းကဆုံးဖြတ်ချက်ချမှတ်သည့်အပိုင်းနှင့်လှုပ်ရှားမှုများတွင် တရားမျှတစွာပါဝင်ချိတ်ဆက်နိုင်သော လိုက်လျောညီထွေမှုရှိသည့် သဘာဝပတ်ဝန်းကျင်တရပ်ကို တည်ဆောက်နိုင်ရန်လိုအပ်သည်။

### ၂။ ပူးပေါင်းပါဝင်မှုကိုတိုးမြှင့်စေခြင်း

စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင်တသီးပုဂ္ဂလများ တိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများတိုးမြင့်လာစေရန်နှင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း၏ရည်မှန်းချက်များတိုးတက်အောင်မြင်စေရန် လူများနိုင်သမျှများများ တက်တက်ကြွကြွပူးပေါင်းပါဝင်လာစေမှုကို တွန်းအားပေးရမည်။ လူထု၏ပူးပေါင်းပါဝင်မှုအခွင့်အလမ်းများကိုတိုးမြှင့်ရန် နည်းနာအမျိုးမျိုးရှာဖွေဖော်ထုတ်ချမှတ်ရမည်။ မည်သူတဦးတယောက်မဆို စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းသို့ တစုံတရာထည့်ဝင်နိုင်မှုကို အသိအမှတ်ပြုရန်အရေးကြီးသည်။ ဥပမာအားဖြင့် အထိခိုက်ခံလူထုသည် အကြောင်းအရာများနှင့်ပတ်သက်၍ ပထမဆုံးအတွေ့အကြုံရှိနိုင်သော်လည်း သီအိုရီအမြင်ရှုထောင့်မှ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း၏ အစီအစဉ်ချမှတ်ခြင်းကို နားလည်နိုင်မည်မဟုတ်ပေ။ ဤအတောအတွင်း ပညာရှင်များနှင့်စည်းရုံးရေးသမားများသည်စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်း၏ မဟာဗျူဟာဆိုင်ရာသဘောတရားနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများကို နားလည်ကောင်းနားလည်နိုင်ပါသည် သို့ရာတွင်ၡင်းတို့အနေဖြင့် အကြောင်းကိစ္စများ၏အတိမ်အနက်အပေါ်အလုံးစုံခြုံငုံနားလည်စွမ်းရှိမည်မဟုတ်ပါ။

### ၃။ မိမိကိုယ်ကိုယုံကြည်မှုတည်ဆောက်ခြင်း

ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင် ပူးပေါင်းပါဝင်ကြသူများအကြား မိမိကိုယ်ကိုယုံကြည်မှုတည်ဆောက်ရန်အတွက် ၡင်းတို့၏ ကွဲပြားခြားနားသည့်အမြင်ရှုထောင့်အမျိုးမျိုး၊ စိတ်ဝင်စားမှုအမျိုးမျိုးနှင့်ထည့်ဝင်သည့်အကူအညီများနှင့်ပတ်သက်၍ လေးစားရန်နှင့်တန်ဖိုးထားရန်၊လူအများကိုတာဝန်ယူရဲလာအောင်တိုက်တွန်းပါ၊ ထိုသို့ပြုလုပ်ရာတွင်ပါဝင်သူများ၏ မိမိကိုယ်ကိုယုံကြည်မှုရရှိလာစေရန်အတွက် လုပ်ရှားမှုအားလုံးနှင့်ပတ်သက်၍ သက်ဆိုင်ခွင့်အား အပြည့်အဝအပ်နှင်းထားကြောင်းသေခြာစေရန်ဆောင်ရွက်ပါ။ ချမှတ်ထားသည့်ရည်မှန်းချက်ပန်းတိုင် အောင်မြင်မှုရသည့်အခါမျိုးတွင် ပါဝင်လုပ်ဆောင်ခဲ့သူများ၏ လုပ်ဆောင်မှုများအား တလေးတစားအာရုံစိုက်ပါ၊ ဆောင်ရွက်ချက်များအပေါ်အမှတ်ပေးပါ။

## ၄။ အပြန်အလှန်ဆွေးနွေးမှုမျိုးဖြစ်လာစေရန်တွန်းအားပေးပါ

လူထုစိတ်ဓါတ်မြှင့်တင်ရေးအတွက် ဆက်သွယ်ရန်နည်းလမ်းစနစ်ဖွင့်လှစ်ထားရှိပေးကြောင်းသေချာအောင်ဆောင်ရွက်ပါ၊ လူတိုင်းလူတိုင်းကမိမိတို့၏အမြင်သဘောထားကို လွတ်လပ်စွာတင်ပြနိုင်ခွင့်ရှိကြောင်းသေချာအောင်ပြုလုပ်ပါ၊ ဤအချက်သည် အခြေအနေကောင်းများကိုဖန်တီးနိုင်သည့်ပတ်ဝန်းကျင်ကိုဖန်တီးရန်၊ မယုံကြည်သည့်အနေအထားမှကင်းရှင်းစေရန်၊ ဒေါသနှင့်မခန့်မငြားပြုသည့်အခြေအနေများမရှိကြောင်းပြသရန်ကောင်းမွန်သည့်အချက်ဖြစ်သည်။ ကောင်းစွာနားထောင်ခြင်းသည် အထောက်အကူပြုသည့်သဘာဝပတ်ဝန်းကျင်တရပ်ဖန်တီးနိုင်ရန်–လူတိုင်းသည် မိမိတို့ပြောကြားမှုပြုလုပ်တိုင်းမိမိတို့ပြန်ကြားသည့်ခံစားမှုမျိုးကိုခံစားစေရမည်။ ပွင့်လင်းသည့်အပြန်အလှန်ဆက်သွယ်မှုအတွက် အပြန်အလှန်လေးစားအသိအမှတ်ပြုမှုလိုအပ်သည်။ လူတိုင်းသည် မိမိတို့၏အမြင်နှင့်ပူပင်သောကဖြစ်မှုများကို အရေးပေါ်စိန်ခေါ်မှုများမဟုတ်သည်ဖြစ်စေ၊ မှန်သည်ဟုတထစ်ချဆုံးဖြတ်ရန်ခက်ခဲသည်ဖြစ်စေ တင်ပြနိုင်ခွင့်ရှိရမည်။ တခါတရံအပြန်အလှန်ပြောဆိုမှုများ၌ တဦးတယောက်တည်းကဖြစ်စေ၊ အုပ်စုတစုကဖြစ်စေတဖက်သတ် ပြောဆိုတတ်သည်ကို နားလည်ပေးပါ။ ဤအခြေအနေတွင်အခြားသူများက ကြားဝင်ဖြတ်ပြောရန်အခက်အခဲရှိတတ်ပါသည်။ လူအနည်းငယ်က စကားဝိုင်းကိုလွှမ်းမိုးထားခြင်းမှ ကာကွယ်ရန် အကြမ်းဖျဉ်းသဘောတူညီမှုကို ချမှတ်ပါ။

## တပ်ပေါင်းစုတည်ဆောက်ခြင်း

စည်းရုံးလှုံ့ဆော်မှုအားကောင်းလာစေရန် တိုးချဲ့လာနိုင်ရန် တသီးပုဂ္ဂလများအားစိတ်ဓါတ်အင်အားမြှင့်တင်ပေးသည့်နည်းသာမက အခြားအဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလကွန်ယက်များကို စိတ်ဓါတ်အင်အားမြှင့်တင်ပေးခြင်းများဆောင်ရွက်နိုင်သည်။ တပ်ပေါင်းစုများသည် သာမန်အားဖြင့် တပ်ပေါင်းစုအတွင်းအဖွဲ့ဝင်တဦးချင်းက ပြီးပြည့်စုံအောင်ဆောင်ရွက်နိုင်ခြင်းမရှိသသော ရည်မှန်းချက်များကို ပြီးပြည့်စုံစေသည်။

## တပ်ပေါင်းစုဆိုတာဘာလည်း

ဘုံရည်မှန်းချက်များကို အောင်မြင်အောင် အဖွဲ့အစည်းများက လုပ်ငန်းစဉ်များကို အတူတကွစုပေါင်းဆောင်ရွက်ရန်ဖွဲ့စည်းခြင်းကိုတပ်ပေါင်းစုဟုခေါ်သည်။တပ်ပေါင်းစုအဖွဲ့ဝင်များသည် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းတခုအတွက် ဆက်သွယ်မှု၊ ကျွမ်းကျင်မှုနှင့်အရင်းအမြစ်များကိုစုပေါင်းထည့်ဝင်ကြသည်။ တပ်ပေါင်းစုများအနေဖြင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းရပ်တခု၏ရည်မှန်းချက်များကို အောင်မြင်စွာချမှတ်ပြီးလျှင် အဖွဲ့ဝင်တဖွဲ့ခြင်း၏ လိုအပ်ချက်များကို ပြန်လည်အစားထိုးဖော်ပြလေ့မရှိပေ။

## တပ်ပေါင်းစုဖွဲ့စည်းမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ

ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင်ပါဝင်မည့်အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးရန်အဖွဲ့အစည်းတခုသည် အစည်းအဝေးဆင့်ခေါ်ခြင်းမှတဆင့် တပ်ပေါင်းစုကိုဖွဲ့စည်းနိုင်သည်။ ထို့နောက်တက်ရောက်လာသောအဖွဲ့အစည်းများအနက် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းစဉ်တွင်ပူးပေါင်းပါဝင်ရန်စိတ်ဝင်စားသော အဖွဲ့အစည်းများ၏ကျွမ်းကျင်မှုအပေါ်အခြေခံ၍ တပ်ပေါင်းစုကိုဖွဲ့စည်းသည်။ ဤသို့ဖွဲ့စည်းရာ၌ တပ်ပေါင်းစုများတွင်ရောပြွမ်းနေသည့်စိတ်ဝင်စားမှုများပါဝင်သဖြင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအသေးစိတ်အစီအစဉ်ကို သေချာစွာပြင်ဆင်ရန်အရေးကြီးသည်။

တပ်ပေါင်းစုများဖွဲ့စည်းသည့် အခြားပုံစံတခုမှာ သီးခြားအရည်အသွေးများရှိသည့် အဖွဲ့အစည်းများကို စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက် သီးသန့်ဖိတ်ခေါ်စည်းခြင်းဖြစ်သည်။ ဤပုံစံတွင် သတိပြုရမည့်အချက်မှာ တပ်ပေါင်းစုသည် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအပေါ် စိတ်ဝင်စားမှုအခြေခံအပေါ် ဖွဲ့စည်းရန်ဖြစ်ပြီး အခြားနည်းလမ်းပုံစံများဖြင့်ဖွဲ့စည်းမှုမဖြစ်စေရပါ။ အခြားအခြေအနေတရပ်မှာ အရေအတွက်ကိုနည်းပါးစေပြီး ပါဝင်သည့်အဖွဲ့ အမျိုးအစားကွဲပြားမှုကိုဦးစားပေးရန်ဖြစ်သည်။

## တပ်ပေါင်းစုနှင့်အလုပ်လုပ်ရာတွင် တိုးတက်မှုနှင့်ဆုတ်ယုတ်မှုများ

တပ်ပေါင်းစုတခုကိုဖွဲ့စည်းခြင်းဖြင့်များစွာသော တိုးတက်မှုအခြေအနေများရရှိနိုင်သကဲ့သို့ ဆုတ်ယုတ်မှုများစွာကိုလည်းကြုံတွေ့နိုင်သည်။ တပ်ပေါင်းစုတခုသို့ဝင်ရောက်ရန် သို့မဟုတ် ဖွဲ့စည်းရန်ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုမီ အောက်ပါအချက်များကို ကြိုတင်စဉ်းစားရန်အရေးကြီးသည်။

| တိုးတက်မှု | ဆုတ်ယုတ်မှု |
|---|---|
| တပ်ပေါင်းစုတွင်ပါဝင်လုပ်ဆောင်ခြင်းဖြင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း၏ရည်မှန်းချက်များ အောင်မြင်ရန်အဓိကအာရုံစူးစိုက်သူအရေအတွက်သည် အလိုအလျောက်တိုးပွားလာပြီးဖြစ်သည်။ ဤသို့အရေအတွက်တိုးပွားလာခြင်းဖြင့် စည်းရုံးမှုလုပ်ငန်းသည် လူအများယုံကြည်ကိုးစားမှုနှင့် တရားဝင်ဖြစ်မှုအကျိုးကျေးဇူးကိုရရှိမည်ဖြစ်သည်။ ဤအချက်တခုတည်းကပင် ဆုံးဖြတ်ချက်ချမှတ်သူများအား အပြောင်းအလဲအဆောတလျင်ပြုလုပ်ရန် တွန်းအားပေးနိုင်မည်ဖြစ်သည်။ | တပ်ပေါင်းစုအားဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းသည် အချိန်အလွန်ပေးရသောအလုပ်ဖြစ်သဖြင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက် တိုက်ရိုက်အချိန်ယူဆောင်ရွက်ခြင်းနှင့် အဖွဲ့အစည်း၏တာဝန်ဆောင်ရွက်သည့် အချိန်များကို ဖဲ့ယူလိုက်ရာရောက်မည်ဖြစ်သည်။ |
| တပ်ပေါင်းစုသည် အဖွဲ့အစည်းများ၏ အမျိုးမျိုးသောစိတ်ဝင်စားမှုနှင့်အဖွဲ့ဝင်များကို ဆွဲယူ၍စုစည်းစေသည်။ အမျိုးမျိုးသောကွဲပြားခြားနားမှုများသည် ကျယ်ပြန့်သည့်အမြင်အမျိုးမျိုးကိုဖြစ်စေပြီး စည်းရုံးမှုနှင့်သက်ဆိုင်သည့်အကြောင်းအရာများကို ပိုမိုနားလည်မှုများဖြစ်စေနိုင်သည်။ အမျိုးမျိုးသောကွဲပြားခြားနားမှုသည် ပိုမိုကျယ်ပြန့်သောလူထု၏ ကျိုးပမ်းဆောင်ရွက်မှုကိုရရှိစေသည်။ | တပ်ပေါင်းစုသည် အမျိုးမျိုးကွဲပြားသော အဖွဲ့ဝင်များဖြင့်ဖွဲ့စည်းရသည်ဖြစ်၍ အဖွဲ့ဝင်အဖွဲ့အစည်းတဖွဲ့အနေဖြင့် အကြောင်းအရာနှင့်နည်းဗျူဟာများတွင် အပေးအယူလုပ်ရန်လိုအပ်ကောင်းလိုအပ်မည်ဖြစ်သည်။ ထို့ထက်ပို၍တပ်ပေါင်းစုများတွင် အာဏာခွဲဝေမှုသည် မညီမျှတတ်သောကြောင့် အဖွဲ့ငယ်အဖွဲ့များ၏လိုအင်ဆန္ဒ သို့မဟုတ် ရပ်တည်မှုအနေအထားသည် ပို၍ကြီးသော သို့မဟုတ် ပို၍ချမ်းသာသောအဖွဲ့အစည်းကိုအလျှော့ပေးကြရသည်။ |
| အဖွဲ့အစည်းအသီးသီး၏ ရံပုံငွေနှင့်လူအရင်းအမြစ်များကိုပေါင်းစည်းဆောင်ရွက်ရသည်ဖြစ်၍ တပ်ပေါင်းစုသည် အဖွဲ့အစည်းတခုချင်းစီ၏ ဝန်ထုတ်ဝန်ပိုးများကို ပုခုံးပြောင်းယူကြရသည်။ | သာမာန်အားဖြင့် အလုပ်တာဝန်များကို ညီတူညီမျှလွှဲပြောင်းယူခြင်းမရှိသည်ဖြစ်၍ အချို့အဖွဲ့ဝင်အဖွဲ့အစည်းများသည် အရင်းအမြစ်များကို ပိုမိုသုံးစွဲ၍ အလုပ်လုပ်ကြရသည်။ ထို့ထက်ပို၍ ဆုံးဖြတ်ချက်များကို မျှဝေချမှတ်ရာတွင်မညီမျှမှုဖြစ်စေပြီး အချို့အဖွဲ့အစည်းများသည် ဘေးဖယ်ခံကြရမည်ဖြစ်သည်။ |
| ရန်လိုမှုများနှင့် တင်းကျပ်သည့်ပတ်ဝန်းကျင်အခြေအနေတွင် အလုပ်လုပ်နေရသောအဖွဲ့အစည်းများအား တပ်ပေါင်းစုက အကာအကွယ်ပေးနိုင်ပြီး အဖွဲ့အစည်းများနှင့်အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ရေးတွင် လုံခြုံရေးအစီအမံများဆောင်ရွက်ပေးခြင်းနှင့် လုံခြုံမှုကိုတာဝန်ခံပေးနိုင်သည်။ | တသီးပုဂ္ဂလအဖွဲ့အစည်းများအနေဖြင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင် ၎င်းတို့၏ထည့်ဝင်ကူညီမှုအတွက် ထိုက်သင့်သည့် အသိအမှတ်ပြုမှုမျိုးခံရရန် အလားအလာသိတ်မရှိပေ။ ဤအနေအထားသည် ၎င်းအဖွဲ့အစည်းများအတွက် တပ်ပေါင်းစုဝင်အဖြစ်မှထွက်ပြီး သီးသန့်လွတ်လပ်စွာရပ်တည်လုပ်ငန်းလည်ပတ်ရန်ပင်အခက်အခဲရှိနိုင်သည်။ |
| တပ်ပေါင်းစုအဖွဲ့ဝင်ဖြစ်ခြင်းသည် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက် အခြားဆက်သွယ်မှုကွန်ယက်များထပ်မံဖွင့်လှစ်နိုင်ပြီး အဆိုပါအဖွဲ့အစည်းများအား တပ်ပေါင်းစုအဖွဲ့ဝင်ဖြစ်အောင်စည်းရုံးနိုင်သည်။ အဆိုပါအဆက်အသွယ်များသည် ဆုံးဖြတ်ချက်ချမှတ်သူများအား ဩဇာသက်ရောက်အောင်ကျိုးပမ်းရာတွင် အသုံးဝင်နိုင်သည်။ | တပ်ပေါင်းစုလုပ်ငန်းစဉ်များဖျက်သိမ်းလိုက်ရလျှင် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာထိခိုက်နိုင်သည်၊ အများအားဖြင့်တပ်ပေါင်းစုဖျက်သိမ်းရသည့်အနေအထားသည် တပ်ပေါင်းစုဝင် အဖွဲ့ဝင်များအချင်းချင်း အပြန်အလှန်တိုက်ခိုက်မှုအကြောင်းကြောင့်ဖြစ်တတ်သည်။ |

## တပ်ပေါင်းစုဖွဲ့စည်းခြင်းနှင့်စီမံခန့်ခွဲအုပ်ချုပ်မှုအကြောင်းသိကောင်းစရာ

တပ်ပေါင်းစုတခုတွင် အမြင့်ဆုံးတိုးတက်မှုနှင့်အနိမ့်ဆုံးချွတ်ယွင်းအားနည်းချက်များရှိရန် တပ်ပေါင်းစုတခုဖွဲ့စည်းခြင်း သို့မဟုတ် တပ်ပေါင်းစုသို့ဝင်ရောက်ခြင်းမပြုမီအောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ရန်ပါက အထောက်အပံ့ဖြစ်စေမည်ဟုယုံကြည်ပါသည်။ ထို့အပြင်ဤအချက်များသည် တပ်ပေါင်းစုထိရောက်စွာနှင့်ချောမွေ့စွာဆက်လက် လည်ပတ်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။

- တပ်ပေါင်းစု၏ပုံမှန်အခြေအနေအရ ဖြစ်ပေါ်တိုးတက်မှုများနှင့်အပြောင်းအလဲများကို အဖွဲ့ဝင်အဖွဲ့အစည်းများက စိတ်လိုလက်ရ ရှိရပါမည်။
- တပ်ပေါင်းစုအဖွဲ့ဝင်များသည် မျှဝေလက်ခံထားသည့်ခံယူချက်အမြင်များနှင့်ဘုံရည်မှန်းချက်ရှိရပါမည်။ ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတရပ်အတွက် တပ်ပေါင်းစုအဖွဲ့ဝင်များအကြား အားလုံးတညီတညွတ်တည်းလက်ခံနိုင်သည့် ကာလရှည်နှင့်ကာလတိုရည်မှန်းချက်များ ရရှိရန်အခက်အခဲရှိနိုင်သည်၊ သို့ဖြစ်၍တပ်ပေါင်းစုအနေဖြင့် စည်းရုံးရေးလုပ်ငန်း၏ ရည်မှန်းချက်များကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရှင်းလင်းသည့်လုပ်ငန်းစီမံချက်များကို စနစ်တကျချမှတ်ထားရန်လိုအပ်သည်။
- တပ်ပေါင်းစုအဖွဲ့ဝင်တိုင်းသည် ဆုံးဖြတ်ချက်ချမှတ်သည့်အပိုင်းတွင် ပါဝင်ရမည်၊ အဓိကအားဖြင့်အရေးကြီးသည့် ဆုံးဖြတ်ချက်များတွင် အဖွဲ့တစုံတဦးကိုမျှ ချန်လှပ်ခဲ့ခြင်းမရှိစေရ။
- အထူးတာဝန်များနှင့်လှုပ်ရှားမှုများအဖြစ် သေချာစွာရွေးချယ်ထားသည့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အုပ်စုခွဲများဖွဲ့၍ဆောင်ရွက်ခြင်းသည် အကျိုးသက်ရောက်မှုရှိနိုင်သည်။ အုပ်စုခွဲများသည် တပ်ပေါင်းစုသို့ တာဝန်ခံမှုနှင့်အစီရင်ခံမှုများပြုလုပ်ရမည်။
- တပ်ပေါင်းစုအတွင်း ပဋိပက္ခနှင့်သဘောထားမတိုက်ဆိုင်မှုများဖြစ်ပွားခဲ့သော် ဆောလျှင်စွာတိုက်ရိုက်ဖြေရှင်းရန် အရေးကြီးသည်။ တပ်ပေါင်းစုအတွင်း အကျယ်အကျယ်မငြိမ်းဖွယ်ဖြစ်နေသော ပြဿနာများအတွက် ဦးဆောင်စေ့စပ်ပေးသူတဦးကိုရွေးချယ် တာဝန်ပေးဖြေရှင်းရန်လိုအပ်မည်။
- လုပ်ငန်းစီမံချက်ပုံစံကို ရှင်းရှင်းလင်းလင်းချမှတ်ထားရန်လည်း လိုအပ်မည်၊ တပ်ပေါင်းစုအားချောမွေ့စွာစီမံအုပ်ချုပ်နိုင်ရန်အတွက် သိသာမြင်သာသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုချမှတ်ပေးထားရမည်။ တပ်ပေါင်းစုကိုမည်သူက စီမံအုပ်ချုပ်မည်၊ အဖွဲ့ဝင်များကမည်သို့ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်၊ အရင်းအမြစ်များကို အဖွဲ့ဝင်များအကြားမည်သို့ခွဲဝေဖြန့်ဖြူးမည်၊ ရုံပုံငွေဝန်ထုပ်ဝန်ပိုးကိုမည်ကဲ့သို့ခွဲဝေတာဝန်ယူကြမည်၊ ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်များတွင်အဖွဲ့ဝင်များကမည်သို့ပါဝင်ကြမည်၊ တပ်ပေါင်းစုသို့ ကတိကဝတ်ပြုထားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်အဖွဲ့ဝင်များအတွက် နောက်ဆက်တွဲအကျိုးဆက်များကိုမည်သို့သတ်မှတ်မည် စသည့်တာဝန်များကို ဖော်ထုတ်သတ်မှတ်ရန် အရေးကြီးသည်။
- တပ်ပေါင်းစု၏အကန့်အသတ်အတိုင်းအတာကိုလည်း ဖော်ထုတ်သတ်မှတ်ရန်အရေးကြီးသည်။ တပ်ပေါင်းစုအဖွဲ့ဝင်များသည် တပ်ပေါင်းစု၏ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် မည်သည့်အရင်းအမြစ်များထည့်ဝင်နိုင်သည်၊ မည်သည့်အရင်းအမြစ်များကို အဖွဲ့အစည်းအတွက်ချပ်လှပ်ထားမည်ကို ရှင်းလင်းစွာညွှန်းဆိုရမည်။လုံခြုံရေးအခြေအနေသို့မဟုတ် အခြားသောအကြောင်းတစုံတရာကြောင့် ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်သည့် လှုပ်ရှားမှုနှင့်အကြောင်းကိစ္စများကိုလည်း အဖွဲ့ဝင်အဖွဲ့အစည်းများက ကြိုတင်ညွှန်းဆိုဖော်ပြရမည်။
- အဖွဲ့ဝင်အဖွဲ့အစည်း စုံလင်သည့်တပ်ပေါင်းစုတရပ်တွင် ဘာသာစကားအသုံးပြုမှုအမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိနိုင်သည်၊ ထို့အတူဘာသာစကားစုံတပ်ပေါင်းစုအား သေချာသည့်စိန်ခေါ်မှုများလည်းရှိနေနိုင်ပြီး အဆိုပါစိန်ခေါ်မှုများသည် တပ်ပေါင်းစုအပေါ်လွှမ်းမိုးလာနိုင်သည်၊ ဤအခြေအနေတွင် တပ်ပေါင်းစုသည် ကွဲပြားမှုများမှသင့်တင့်သည့်အကျိုးအမြတ်များရရန် ကိုင်တွယ်ဆောင်ရွက်ရမည်။ တပ်ပေါင်းစုသည် အစည်းအဝေးများတွင် စကားပြန်များကိုခေါ်ယူပေးရမည်။ အများသုံးဘာသာစကားကိုပြောဆိုရန်အခက်အခဲရှိသူများအား ၎င်းတို့၏မိခင်ဘာသာစကားကို

အသုံးပြုခွင့်ပေးပြီး စကားပြန်ကကျန်သည့်အုပ်စုသို့ ပြန်လည်တင်ပြရမည်။ တပ်ပေါင်းစုမှထုတ်ဝေမည့် စာရွက်စာတမ်းအထောက်အထားများအားလုံးသည် အဖွဲ့ဝင်များ၏ဘာသာစကားစုံလင်စွာဖြင့် ထုတ်လုပ်ဖြန့်ချီရမည်။

## အခန်း-(၆)

# မိမိကိုယ်မိမိပြန်လည်အကဲဖြတ်ခြင်း

**ရည်ရွယ်ချက်များ**

- ရည်မှန်းချက်တခုချမှတ်နိုင်ရန်နှင့် မိမိကိုယ်ကိုမိမိထဲထဲဝင်ဝင်ပြန်လည်အကဲဖြတ်နိုင်ရန် လိုအပ်သည့်နည်းလမ်းများကို ချမှတ်ဖော်ထုတ်ရန်။
- အဖွဲ့အစည်း၏အားနည်းချက်နှင့် အားသာချက်များကိုပြန်လည်ဆန်းစစ်ရန်။

**မိမိကိုယ်မိမိပြန်လည်အကဲဖြတ်ခြင်းနှင့်ပတ်သက်၍အရေးကြီးခြင်း**

ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်ကို အစီအစဉ်တခုအဖြစ်ချမှတ်ဆောင်ရွက်ရာတွင် ကနဦးစတင်ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်းစဉ်တွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခြင်းပြုမည့် မည်သည့်အဖွဲ့ သို့မဟုတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အဖွဲ့များမဆို မိမိကိုယ်ကိုပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်းကိုစဉ်ဆက်မပြတ်ပြုလုပ်နေရန် အထူးအရေးကြီးသည်။

မိမိအဖွဲ့အစည်းအတွင်း အားသာချက်များနှင့်ပတ်သက်၍ အထူးပြုဖော်ပြခြင်း သို့မဟုတ် ဆန်းစစ်ခြင်းပြုရာတွင် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းစဉ် အားအကျိုးရှိစေရန် အသုံးပြုမည့်ဖြစ်စဉ်များနှင့်ပတ်သက်၍ ပါဝင်ရမည့်အချက်များကို အဖွဲ့အစည်းကိုယ်၌က ထဲထဲဝင်ဝင်နားလည်ထားရန်အရေးကြီးသည်။ ထိုနည်းတူပင်အားနည်းချက်များကို အသိအမှတ်ပြုခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့နှင့်ပတ်သက်၍ အဖွဲ့အစည်းများသည် အနုတ်သဘောဆောင်သည့် သွင်ပြင်လက္ခဏာများ၏ သဘောသဘာဝအားနားလည်ရန်နှင့် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများဖြင့် ရှေ့ဆက်ဆောင်ရွက်နိုင်ရန်လည်းလိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် အစုအဖွဲ့၏ဖွဲ့စည်းပုံသည် အမြဲလိုလိုအပြောင်းအလဲဖြစ်ပေါ်လျက်ရှိသဖြင့် မိမိကိုယ်ကိုမိမိပြန်လည်အကဲဖြတ်ခြင်းနှင့်ပတ်သက်သည့် အခန်းကဏ္ဍအား ပုံမှန်လုပ်ဆောင်နေရန်အရေးကြီးသည်။ ဤကဲ့သို့အကဲဖြတ်ဆန်းစစ်မှုများ ပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာအဖွဲ့အစည်း၏ လုပ်ငန်းလည်ပတ်မှုစနစ်အားပိုမိုတိုးတက်ကောင်းမွန်စေနိုင်သကဲ့သို့ ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်ကို အစီအစဉ်တခုအဖြစ်ချမှတ်ဆောင်ရွက်ရာတွင် အောင်မြင်မှုကိုပိုမိုရရှိစေမည်ဖြစ်သည်။

**အားနည်းချက်နှင့်အားသာချက်များအားသုံးသပ်ခြင်း**

အားနည်းချက်နှင့်အားသာချက်များကို သုံးသပ်တင်ပြရာတွင် အဆိုပါအဖွဲ့အစည်း၏ တုန့်ပြန်မှုသည် ပူးပေါင်းဆောင်ရွက်မှုနှင့်ရိုးသားမှုရှိရန်လိုအပ်သည်။ အကဲဖြတ်ဆန်းစစ်မှုလုပ်ငန်း၏အကျိုးကျေးဇူးကို လက်ခံရယူသောအဖွဲ့အစည်းသည် ယုံကြည်မှုကို ပိုမိုရရှိမည်သာဖြစ်သည်။

အကဲဖြတ်ဆန်းစစ်မှုဆောင်ရွက်နေစဉ် အစုအဖွဲ့ သို့မဟုတ် ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့များသည် မိမိတို့အဖွဲ့အစည်းအတွင်း ပူးပေါင်းဆောင်ရွက်မှုအဆင့်များသာမက ပိုမိုကြီးလေးသည့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်များတွင် ချမှတ်မည့် ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်းများ စသည်ဖြင့်ဇရိယာထောင့်စုံအောင် စဉ်းစားဆောင်ရွက်ရမည်။ အဘယ်ကြောင့်ဆိုသော် အဖွဲ့အစည်းတဖွဲ့စီသည် ဖွဲ့စည်းမှုပုံသဏ္ဍာန်နှင့် လုပ်ငန်းလည်ပတ်မှုဖြစ်စဉ်ခြားနားသည့်အပြင် လုပ်ငန်းပြန်လည်သုံးသပ်ခြင်းဖြစ်စဉ်တွင် ဦးစားပေးလုပ်ဆောင်ရမည့်ကဏ္ဍများကို အဖွဲ့အစည်းများကိုယ်တိုင်ကရွေးချယ်ချမှတ်ရန် လိုအပ်သောကြောင့်ဖြစ်သည်။

အကဲဖြတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် ဦးစားပေးအဆင့်များ အတိအကျသတ်မှတ်ထားရခြင်းမရှိသေးသောအဖွဲ့အစည်းများအတွက် အောက်ပါဇယားသည် ကနဦးဆောင်ရွက်ရန်အထောက်အကူပြုမည်ဟုယုံကြည်ပါသည်။

| အဖွဲ့အစည်း၏စွမ်းဆောင်နိုင်အား | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| ဆောင်ရွက်ရမည့်တာဝန် (Mission) နှင့် ပုံဖော်လိုသည့်မျှော်လင့်ချက် (Vision) ကို ကောင်းစွာနားလည်ခြင်း၊ | | |
| ပြဿနာရပ်များ သို့မဟုတ် အကြောင်းအရာများနှင့်ပတ်သက်၍ အတွေ့အကြုံရင့်ကျက်ခြင်း၊ | | |
| အဖွဲ့၏ အခွန်မပန်းတိုင် ကိုကောင်းစွာနားလည်ခြင်း၊ | | |
| ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်း သဘောသဘာဝနှင့်ပါဝင်သင့်သည့် အခန်းကဏ္ဍများကို ကောင်းစွာနားလည်ခြင်း၊ | | |
| ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းနှင့် သက်ဆိုင်သည့် သဘောထားများကို ချမှတ်နိုင်သည့် စွမ်းရည်ရှိခြင်း၊ | | |
| ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းနှင့် သက်ဆိုင်သည့် သဘောထားများကို လွှဲပြောင်းပေးနိုင်သည့် စွမ်းရည်ရှိခြင်း၊ | | |
| ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍများတွင် တိုးတက်ပါဝင်လာနိုင်အောင်ဆောင်ရွက်ခြင်း၊ | | |
| ခေါင်းဆောင်နိုင်သည့် အရည်အသွေးနှင့်ပြည့်စုံခြင်း၊ | | |
| အဖွဲ့ဝင် အဖွဲ့အစည်းပေါ်များစုံလင်ခြင်း၊ | | |
| | | |
| **အပြင်စည်း ဆက်ဆံရေးအနေအထား** | **အားသာချက်များ** | **အားနည်းချက်များ** |
| အဓိကဆုံးဖြတ်ချက်ချမှတ်နိုင်သူများအား သဘောထားယူဆချက်များတင်ပြနိုင်သည့် စွမ်းရည်ရှိခြင်း၊ | | |
| လူထုများအား စည်းရုံးလှုံ့ဆော်နိုင်သည့် အရည်အသွေးရှိခြင်း၊ | | |
| ပူးပေါင်းဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းများတည်ဆောက်နိုင်သည့် စွမ်းရည်ရှိခြင်း၊ | | |
| သတင်းအချက်အလက်များကို လက်ခံရယူနိုင်သည့် အရည်အသွေးရှိခြင်း၊ | | |

| | | |
|---|---|---|
| အရင်းအမြစ်များ | အားသာချက်များ | အားနည်းချက်များ |
| လုသား စွမ်းဆောင်ရည်များ၊ | | |
| ရုပ်ဝတ္ထုအရင်းအမြစ်များ၊ | | |
| နည်းပညာ အရင်းအမြစ်များ၊ | | |
| ဘဏ္ဍာရေး အရင်းအမြစ်များ၊ | | |

၂၀၀၁–ခုနှစ်၊ လက်တင်အမေရိကဆိုင်ရာ ဝါရှင်တန်ရုံးခွဲမှထုတ်ဝေသည့် *ချဉ်းကပ်စည်းရုံးမှုသင်တန်းဆိုင်ရာ သင်တန်းမှူးလက်စွဲ* စာအုပ်မှကောက်နုတ်ဖော်ပြသည်။

## အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

အားနည်းချက်နှင့်အားသာချက်များအား ပြန်လည်သုံးသပ်ပြီးပါက အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့များသည် အားသာချက်များအားမိမိတို့တိုးတက်ရာတိုးတက်ကြောင်းအတွက် မည်သို့အသုံးချဆောင်ရွက်မည်ကိုစဉ်းစားဆုံးဖြတ်ရန်နှင့် အားနည်းချက်များအား ပြန်လည်သုံးသပ်ရန် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရန်လိုအပ်သည်။ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ခြင်းနှင့် အဆောက်အအုံပြောင်းလဲရန်ဆောင်ရွက်ခြင်းသည် အဖွဲ့အစည်းများအပေါ်သို့သာမက ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်အား အစီအစဉ်ချမှတ်ဆောင်ရွက်မှုကိုပါ အကျိုးသက်ရောက်မှုရှိစေသည်။

# **အခန်း–(၇)**

# ထည့်သွင်းဖော်ပြမည့်အခန်းများအပေါ်ပြန်လည်သုံးသပ်ခြင်း

**ရည်ရွယ်ချက်များ**

- ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်အား အစီအစဉ်ချမှတ်ဆောင်ရွက်မှုတွင် ပြင်ပမှတွန်းအားများအား ထုတ်ဖော်ရန်နှင့် သရုပ်ခွဲဆန်းစစ်ရန်၊

## ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာပတ်ဝန်းကျင်အခြေအနေ၏ အကျိုးသက်ရောက်မှု

ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်သည် စိတ်ကူးယဉ်ဘဝတွင်အလုပ်မဖြစ်ပါ၊ အောင်မြင်သည့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်တခုသည် ပြင်ပပတ်ဝန်းကျင်မှတွန်းအားများ အကောင်းဖက်မှဖြစ်စေ၊ အဆိုးဖက်မှဖြစ်စေ ကြီးကြီးမားမားသက်ရောက်မှုကြောင့်ဖြစ်တတ်ပါသည်။

ဤသို့သောအကြောင်းများကို လေ့လာဆန်းစစ်၍ ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်တွင် ပါဝင်မည့်အခန်းကဏ္ဍများသည် ပြင်ပပတ်ဝန်းကျင်၏တွန်းအားများအပေါ်ခွဲခြမ်းစိတ်ဖျာသုံးသပ်၍ ထည့်သွင်းဖော်ပြရန်စဉ်းစားကြသည်။ ပြင်ပမှမမြင်နိုင်သည့်အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများကို ကြိုတင်ခန့်မှန်းတွက်ချက်ခြင်းဖြင့် စည်းရုံးလှုံ့ဆော်သူများသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်၏ အကျိုးရလာဒ်နှင့်ပတ်သက်၍ အခွင့်အလမ်းကောင်းများဖန်တီးနိုင်ခြင်း သို့မဟုတ် ရှောင်ရှားခြင်းတို့အတွက် ကြိုတင်ပြင်ဆင်နိုင်သည်။

## ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာပတ်ဝန်းကျင်အခြေအနေကို တွန်းအားပေးသည့် အကြောင်း အရာများ

ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာသဘောသဘာဝအခြေအနေများသည် အကြောင်းအရာအပေါ်မူတည်၍ ကွဲပြားခြားနားနိုင်သကဲ့သို့ အမြဲတစေပြောင်းလဲနေနိုင်သည်။ ဤအချက်များကြောင့်ပင် အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းများကို တဦး၊ တဖွဲ့ခြင်း အနေဖြင့်စဉ်ဆက်မပြတ် လုပ်ဆောင်နေရန်လိုအပ်နေခြင်းဖြစ်သည်။

ခွဲခြမ်းစိတ်ဖျာသုံးသပ်ခြင်းကိုလည်း တဦး၊ တဖွဲ့ခြင်း လုပ်ဆောင်ရမည့်အပြင် ချဉ်းကပ်စည်းရုံးမှုကိုလုပ်ဆောင်မည့် ဖြစ်စဉ်တွင်ပါဝင်သည့်အခန်းကဏ္ဍများနှင့်ပတ်သက်၍ တိကျ၍အရေးကြီးသည့်တိုင်းတာမှုစံနှုန်းများ (Indicators) ကို ထည့်သွင်းစဉ်းစားရမည်။ အောက်ဖော်ပြပါအချက်များသည် ချဉ်းကပ်စည်းရုံးမှုကိုလုပ်ဆောင်မည့်ဖြစ်စဉ်တွင် ပါဝင်သင့်သည့် အခန်းကဏ္ဍများအနေဖြင့် စဉ်းစားနိုင်ရန်ဖော်ပြထားခြင်းဖြစ်သည်။

### ၁။ နိုင်ငံရေးအရပွင့်လင်းမှု

ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်၊ အထူးသဖြင့်မူဝါဒရေးရာအပြောင်းအလဲတစုံတရာဖြစ်စေရန် လှုံ့ဆော်မှုသည် နိုင်ငံတွင်းမှီတင်းနေထိုင်သည့် လူထုများနှင့်ပတ်သက်၍ အမြင့်ဆုံးတာဝန်ရှိသည့် နိုင်ငံရေးစနစ်အပြောင်းအလဲဖြစ်စေမှုအပေါ် ပို၍ အကျိုးသက်ရောက်မှုရှိသည်။ သို့ဖြစ်၍ပိုမိုပူးပေါင်းပါဝင်မှုရှိပြီး ဒီမိုကရေစီစနစ်ပိုမိုထွန်းကားသည့် နိုင်ငံရေးစနစ်တွင် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ် အောင်မြင်ရန်ပို၍အခွင့်အလမ်းသာသည်။ ပြောင်းပြန်ပြန်စဉ်းစားလျှင် ပို၍အာဏာပိုင်စနစ်များပြီး ထိန်းချုပ်မှုများသည့်စနစ်တွင် အစိုးရများကိုယ်၌က ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်အပေါ် တာဝန်ခံမှုအပိုင်း၌ ပို၍အားနည်းတတ်ကြသည်။ ဗဟိုချုပ်ကိုင်မှုတင်းကျပ်သည့်နိုင်ငံရေးစနစ်တွင် အဓိကကျသည့် ဆုံးဖြတ်ချက်ချမှတ်သူအဖြစ်ပါဝင်ခွင့်ရရန် အကန့်အသတ်ရှိနေခြင်းသည် လုပ်ဆောင်မည့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်၏ အဆုံးမရည်မှန်းချက်သို့ရောက်ရှိရန် အခက်အခဲများရှိနိုင်သည်။

### ၂။ သာတူညီမျှအခွင့်အလမ်းရပိုင်ခွင့်

အလုပ်အကိုင်နှင့်ပညာရေးရပိုင်ခွင့်ကဲ့သို့သော စီးပွားရေးနှင့်လူမှုရေးဆိုင်ရာကဏ္ဍတွင် အခွင့်အလမ်းမြင့်မြင့်မားမားရရှိထားသည့် အရည်အသွေးများတပ်ဆင်ပြီးလူထုသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်၏ အဆုံးမရည်မှန်းချက်အောင်မြင်ရန် အထောက်အပံ့ပြုပြီး ပိုမိုပူးပေါင်းဆောင်ရွက်တတ်ကြသည်။ စီးပွားရေးအရဖိနှိပ်ထားပြီး လူမှုရေးကဏ္ဍများတွင်အကန့်အသတ်ရှိနေသောလူထုမှာမူ ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်အတွက် စည်းရုံးလှုံ့ဆော်ခြင်းနှင့်အရေးယူဆောင်ရွက်ရာတွင် အားနည်းတတ်သည်။ စစ်အာဏာရှင်အုပ်ချုပ်မှုလက်အောက်ကဲ့သို့သော သို့မဟုတ် ညှဉ်းပမ်းနှိပ်စက်ခံရရန်အခြိမ်းခြောက်ခံထားရသည့် အချို့သောအခြေအနေအောက်တွင် ရောက်ရှိနေသောလူထုမှာမူ ပါဝင်ဆောင်ရွက်ရန် ကြောက်ရွံ့နေတတ်သည်။

### ၃။ သတင်းမီဒီယာလွတ်လပ်ခွင့်

သတင်းမီဒီယာသည် လူထု၏စိတ်ပါဝင်စားမှုရရှိရန်နှင့် လူထုအားစည်းရုံးလှုံ့ဆော်ရန် အရေးပါသောကဏ္ဍတွင်ပါဝင်သည်။ သတင်းမီဒီယာသည် လူမှုရေးနှင့်နိုင်ငံရေးအခန်းကဏ္ဍများတွင် ပွင့်လင်းမြင်သာမှုတစုံတရာ အတိုင်းအတာအထိရှိစေရန် သေချာစေသည်။ သတင်းမီဒီယာသည် အပြောင်းအလဲတစုံတရာအတွက် ထိရောက်သည့်တွန်းအားဖြစ်စေသည့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်း၏ အရေးပါသည့်လက်နက်ကိရိယာတခုဖြစ်သည်။ သတင်းမီဒီယာ၏အခန်းကဏ္ဍသည် ကန့်သတ်ထိန်းချုပ်ခံရပါက ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းမှ ဖြန့်ဝေလိုသည့်အချက်အလက်များနှင့်အကြောင်းအရာများသည် မလွဲမသွေကန့်သတ်ခံရမည်ဖြစ်သည်။ ထို့ထက်ပို၍ သတင်းမီဒီယာသည် ဆင်ဆာပြုလုပ်ခြင်းခံရပါက လူထုအားတစိတ်တဒေသထိခိုက်နိုင်သည့် မူဝါဒရေးရာများနှင့်ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းစဉ်များကိုလည်းကောင်း တင်ပြခွင့်မရှိနိုင်တော့ပေ။

### ၄။ ယဉ်ကျေးမှုနှင့်လူမှုရေးအဆောက်အအုံ

အချို့သောယဉ်ကျေးမှုနှင့်လူမှုရေးအုပ်စုများသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်၏ပန်းတိုင်နှင့် နည်းဗျူဟာများအပေါ်အခြားသောအုပ်စုများထက် ပို၍ခံနိုင်ရည်ရှိသည်။ ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်အားလုပ်ဆောင်ခြင်း၏ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာသဘောသဘာဝများနှင့်ပတ်သက်၍ ကောင်းစွာနားလည်သဘောပေါက်ရန် အရေးကြီးသည်။ အချို့သောဖြစ်စဉ်များတွင် ဆုံးဖြတ်ချက်တစုံတခုသည် နိုင်ငံရေးနှင့်လူမှုရေးအခန်းကဏ္ဍအရလက်ခံနိုင်ဘွယ်မရှိဘဲ ၎င်း၏နည်းဗျူဟာသည် လက်ရှိစည်းရုံးလှုံ့ဆော်နေသည့်အကြောင်းအရာအား တိုက်ရိုက်အန္တရာယ်ဖြစ်စေနိုင်သည်ဟုယူဆပါက ဆုံးဖြတ်ချက်ချမှတ်သူများနှင့်တိုက်ရိုက်ရင်ဆိုင်တွေ့ဆုံဖြေရှင်းကြသည်။

ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်၏သဘောသဘာဝနှင့်ဆက်စပ်နေသည့် လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဆောက်အအုံများအပေါ် အပြည့်အဝလက်ခံစဉ်းစားခြင်းဖြင့် မလိုလားအပ်သည့်ပြဿနာစဉ်များကိုရှောင်ရှားနိုင်မည်ဖြစ်သည်။

### ၅။ အချိန်ကာလအတိုင်းအတာနှင့် လက်ရှိဖြစ်ရပ်များ

ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်တခု အောင်မြင်ခြင်းနှင့် ဆုံးရှုံးခြင်း သို့မဟုတ် မဟာဗျူဟာသည် အကောင်အထည်ဖော်မည့် အချိန်ကာလအတိုင်းအတာပေါ်တွင်များစွာတည်မှီသည်။ ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်ကို ညှိနှိုင်းဆောင်ရွက်ခြင်းမပြုမှီ သေခြာသည့်အခွင့်အလမ်းများနှင့် မသင့်တော်သည့်ကာလအပိုင်းအခြား စသည်တို့ကို ကောင်းစွာလက်ခံစဉ်းစားရန် အရေးကြီးသည်။ ဥပမာအားဖြင့် ရွေးကောက်ပွဲကာလ၊ အပြည်ပြည်ဆိုင်ရာမူဝါဒရေးရာဆိုင်ရာအစည်းအဝေးများ၊ ဥပဒေရေးဆွဲခြင်းဆိုင်ရာလှုပ်ရှားမှုကာလများသည် တိကျသည့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်တခုခုအတွက် အထူးတင်ပြဆောင်ရွက်ရန်သင့်တော်သည့် နေရာဌာနအချိန်ကာလများဖြစ်နေတတ်သည်။

# အခန်း–(၈)

## စည်းရုံးရမည့်ပရိသတ်အားစဉ်းစားရွေးချယ်ခြင်း

**ရည်ရွယ်ချက်များ**

- စည်းရုံးရမည့် အရေးပေါ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား စဉ်းစားရွေးချယ်ရန်၊
- ရွေးချယ်ထားသည့် စည်းရုံးရမည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်ပတ်သက်၍အမျိုးအစားခွဲခြားခြင်းနှင့် ဦးစားပေးအဆင့်သတ်မှတ်ရန်၊
- ပုံမှန်အားဖြင့်အဓိကကျသည့် စည်းရုံးရမည့် အရေးပေါ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအပေါ် ခွဲခြမ်းစိတ်ဖျာသုံးသပ်ရန်၊

### မည်သူများသည် စည်းရုံးရမည့်ပရိသတ်ဖြစ်ပါသနည်း

ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ဆောင်ချက်တခုတွင် ပေးအပ်မည့်သတင်းအချက်အလက်များအား လက်ခံကြားနာမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အမျိုးမျိုးရှိနိုင်သည်။ အချို့ကြားနာမည့်အဖွဲ့အစည်းများသည် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ဆောင်ချက်၏ရည်မှန်းချက်ပန်းတိုင် အောင်မြင်ရန်အခြားသူများထက် ပိုမိုတွန်းအားပေးဆောင်ရွက်နိုင်ကြသည်။ အချို့ကြားနာသူများသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ဆောင်ချက်၏ရည်မှန်းချက်ပန်းတိုင်ဆိုင်ရာ ရလာဒ်ကောင်းများအတွက် ဖြည့်ဆည်းဆောင်ရွက်နိုင်ကြသည်။ တခါတရံစည်းရုံးရမည့်အစုအဖွဲ့တခုခုသည် စဉ်းစားရွေးချယ်ထားသည့် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ဆောင်ချက်တခုအတွက် အဓိကကျသည့်အနေအထားတွင်ရှိနေတတ်သည်။ ဥပမာအားဖြင့် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာ

လုပ်ဆောင်ချက်တခု မူဝါဒရေးရာအပြောင်းအလဲအတွက် တွန်းအားပေးရန်ဖြစ်သည်ဆိုပါက အဓိကထားစည်းရုံးရမည့်သူမှာ အဓိကကျသည့်ဆုံးဖြတ်ချက်ချမှတ်သူများဖြစ်ရမည်။ အချို့အခြေအနေများတွင် ချဉ်းကပ်စည်းရုံးရန်ရွေးချယ်ထားသူများသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ဆောင်ချက်၏ရည်မှန်းချက်ပန်းတိုင်ကို ဆန့်ကျင်ဖက်ပြုကောင်းပြုနိုင်သည်။ သို့ဖြစ်၍ ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ဆောင်ချက်အတွက် ဖြစ်နိုင်ချေလက်ခံကြားနာမည့်သူများအားလုံးအား ရွေးချယ်သုံးသပ်ပြီး မည်ကဲ့သို့သော ပရိသတ်များကိုဦးစားပေးရွေးချယ်ရမည်ကို ခွဲခြမ်းစိတ်ဖျာသုံးသပ်ရန်အရေးကြီးသည်။ ဤအဆင့်တွင်အဓိကကျသောအချက်မှာ မည်သူကရည်ရွယ်ချက်ပြီးမြောက်အောင်ကူညီမည်၊ မည်သူကအဟန့်အတားပြုနိုင်သည် စသည်ဖြင့်စဉ်းစားဆုံးဖြတ်ရန်ဖြစ်သည်။

## စည်းရုံးရန်ဖြစ်နိုင်ချေရှိသောပရိသတ်များ (လက်ခံကြားနာမည့်သူများ)

ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ဆောင်ချက်တခုအားစီမံချက်ချမှတ်ဆောင်ရွက်ရာတွင် ဖြစ်နိုင်ချေလက်ခံကြားနာမည့်သူများ အများအပြားရှိနိုင်သည်။ ၎င်းတို့အနက်မှ အောက်ပါလက်ခံကြားနာသူများသည် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာအစီအစဉ်တွင်တိုက်ရိုက်တွန်းအားဖြစ်စေနိုင်သည့် အနေအထားတွင်ရှိသည်။

- ဆုံးဖြတ်ချက်ချမှတ်သူများ၊
- မူဝါဒရေးရာဆိုင်ရာအကြံပေးသူများ၊
- အစိုးရကိုယ်စားလှယ်များနှင့်အရာရှိများ၊
- နိုင်ငံရေးခေါင်းဆောင်များ၊
- ဘာသာရေးခေါင်းဆောင်များနှင့် လူထုအဖွဲ့အစည်းများ၊
- လူထုအဖွဲ့အစည်းများနှင့်ဒေသဆိုင်ရာခေါင်းဆောင်များ၊
- အလှူရှင်များ၊
- သတင်းထောက်များ၊
- အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊
- ကုန်သွယ်ရေးနှင့်အလုပ်သမားအဖွဲ့အစည်းများ၊
- လူမှုအဖွဲ့အစည်းအုပ်စုများ၊
- ကော်ပိုရေးရှင်းကြီးများ၊
- အထွေထွေလူထု၊
- ပညာရှင်များနှင့်တက္ကသိုလ်၊ ကောလိပ်များ၊
- အထူးကျွမ်းကျင်ပညာရှင်များနှင့်ကွင်းဆင်းကျွမ်းကျင်ပညာရှင်များ၊
- စီးပွားရေးလုပ်ငန်းရှင်အစုအဖွဲ့များ၊
- သတင်းမီဒီယာများ၊
- အပြည်ပြည်ဆိုင်ရာလူသားခြင်းစာနာသောအဖွဲ့အစည်းများ၊
- အပြည်ပြည်ဆိုင်ရာ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းများ၊
- အမျိုးသမီးအစည်းအရုံးများ၊
- ကုလသမဂ္ဂအေဂျင်စီများ၊
- ငွေကြေးရံပုံငွေအဖွဲ့အစည်းများနှင့်
- စည်းရုံးရမည့်ပရိသတ်ခွဲခြမ်းစိတ်ဖျာသုံးသပ်ရေးအုပ်စုများ တို့ဖြစ်ကြသည်။

## စည်းရုံးရမည့်ပရိသတ်အားခွဲခြမ်းစိတ်ဖျာခြင်း

စည်းရုံးရမည့်ပရိသတ်များသည်ကွဲပြားခြားနားမှုများရှိနိုင်သည်။ ဦးစားပေးမှုအဆင့်၊ ရှုဒေါင့်အမြင်နှင့် စိတ်ဝင်စားမှုအပိုင်းတွင် အဓိကအားဖြင့်ခြားနားမှုရှိနိုင်ခြင်းဖြစ်သည်။ သာမန်စည်းရုံးရမည့်ပရိသတ်များနှင့် သင့်တော်သည့် မည်သို့သောသဘောတူညီချက်မျိုးရရှိအောင်တည်ဆောက်မည်၊ မည်သူ့ကိုအဓိကထားချဉ်းကပ်ရမည် စသည်ဖြင့်စဉ်းစားရွေးချယ်ရန်လိုအပ်သကဲ့သို့ အဓိကထားစည်းရုံးမည့်သူများ၏ လူပုဂ္ဂိုလ်ဆိုင်ရာ၊ လူမှုရေး၊ စီးပွားရေးနှင့်နိုင်ငံရေးဆိုင်ရာအချက်အလက်များကိုသိရှိနားလည်ထားရန်လည်း အရေးကြီးသည်။

စည်းရုံးရမည့်ပရိသတ်၏ လှုပ်ရှားမှုနှင့်ပတ်သက်၍တိတိကျကျဆင်ခြင်သုံးသပ်ရန် အဘယ်ကြောင့်အရေးကြီးသနည်း၊ တဦးတယောက်ချင်းစီ၏ အဓိကအရေးပါသောအကြောင်းကိစ္စများနှင့် စိတ်ပါဝင်စားမှုအပေါ် ၎င်းတို့၏ပုံမှန်အလေ့အထများနှင့်ယှဉ်တွဲနေသည့်အမူအကျင့်များက လမ်းပြနေသောကြောင့်ဖြစ်သည်။ တဦးချင်းစီ၏ဘာသာရေး၊ လူမှုစီးပွားရေး အဆင့်အတန်း၊ ထူးချွန်သည့်ပညာရပ်များ၊ အလုပ်အကိုင်နှင့်နိုင်ငံရေးအရပါဝင်မှု စသည့်ကဏ္ဍများ၏အမူအကျင့်များနှင့် အလေ့အထများအား လေ့လာနိုင်ရန်အကဲဖြတ်နိုင်သည့် စံနမူနာပြုကိန်းများရှိရမည်ဖြစ်သည်။ လက်ခံကြားနာမည့်ပရိသတ်၏ သဘောထားတွေးခေါ်ပုံနှင့် စိတ်ပါဝင်စားမှုကို ခွဲခြမ်းစိတ်ဖျာသုံးသပ်ခြင်းဖြင့် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ငန်းစဉ်အား အထိရောက်ဆုံးစည်းရုံးရမည့်ပရိသတ်အတွက် စနစ်တကျပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဆုံးစည်းရုံးရမည့်ပရိသတ်နှင့်ပတ်သက်၍ ခွဲခြမ်းစိတ်ဖျာနိုင်ရန်အတွက် နောက်ဆက်တွဲအချပ်ပို-(၂)တွင်ဖော်ပြပါရှိသည့် ဆုံးစည်းရုံးရမည့်ပရိသတ်ဆန်းစစ်ခြင်းဆိုင်ရာအလုပ်ဇယားပုံစံတွင်ကြည့်ပါ။

ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ဆောင်ချက်တခုအားစီမံချက်ချမှတ်ဆောင်ရွက်ရာတွင် လက်ခံကြားနာမည့်သူများနှင့်ပတ်သက်၍ သတင်းအချက်အလက်များရရှိစေနိုင်သည့် နည်းနာနိဿယများအဖြစ်အောက်ပါလုပ်ဆောင်ချက်များကို ပြုလုပ်ရန်အကြံပြုလိုပါသည်။

### ၁။ လူထုနှင့်စကားပြောပါ

တဦးချင်းအနေနှင့်နီးစပ်မှုရှိသည်ဖြစ်စေ စည်းရုံးရမည့်ပရိသတ်အတွင်းတွင်ပါဝင်သည်ဖြစ်စေ လူထုများထံချဉ်းကပ်၍စကားပြောပါ။ ဆုံးစည်းရုံးရမည့်သူများပြုလုပ်သည့်အစည်းအဝေး သို့မဟုတ် အစီရင်ခံတင်ပြမည့်အခမ်းအနားများသို့တက်ရောက်နားထောင်ပါ။ အခြားသောစည်းရုံးလှုံ့ဆော်သူများထံမှ အချက်အလက်များရနိုင်သမျှစုဆောင်းပါ။

### ၂။ စာရွက်စာတမ်းအထောက်အထားများလေ့လာစုဆောင်းပါ

မိမိချဉ်းကပ်မည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တဦးချင်းကရေးထားသည့် သို့မဟုတ် ၎င်းတို့အကြောင်းရေးထားသည့် အရေးပါသောစာရွက်စာတမ်းအထောက်အထားများကို လေ့လာစုဆောင်းပါ။

### ၃။ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပါ

အုပ်စုလိုက်ဖြစ်စေ၊ ပုဂ္ဂိုလ်တဦးချင်းကိုဖြစ်စေ တွေ့ဆုံမေးမြန်းပါ၊ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် ခေါင်းဆောင်များအားတွေ့ဆုံမေးမြန်းမှုသည်လည်း အထောက်အကူဖြစ်စေတတ်ပါသည်။

### ၄။ ပဏာမလေ့လာဆန်းစစ်မှုများပြုလုပ်ပါ

အုပ်စုအလိုက် ပဏာမလေ့လာဆန်းစစ်မှုများပြုလုပ်ပါ၊ ရရှိလာသောအထောက်အထားများအပေါ် ခြုံငုံသုံးသပ်၍ ပိုမိုအားကောင်းသည့် လက်ခံကြားနာမည့်ပရိသတ်အကြောင်းလေ့လာပါ။ အခြားအဖွဲ့အစည်းများမှ အလားတူဆောင်ရွက်ခဲ့မှုများအပေါ်လေ့လာပါ။

### ၅။ အဓိကထားချဉ်းကပ်ရမည့်အုပ်စုများကိုစည်းရုံးပါ

အုပ်စုလိုက်ဆိုင်ရာတာဝန်ရှိမှုများ၊ အမြင်သဘောထားများ၊ သမရိုးကျအကြောင်းချင်းရာများနှင့် ခံယူချက်သဘောထားများအပေါ်စဉ်းစားသုံးသပ်နိုင်ရန် အဓိကထားချဉ်းကပ်ရမည့်အုပ်စုများကို စည်းရုံးပါ။

## အဓိကစည်းရုံးရမည့်အုပ်စုများကိုစဉ်းစားဆုံးဖြတ်ခြင်း

ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ဆောင်မှုအတွက် ဖြစ်နိုင်ချေရှိသော စည်းရုံးရမည့်အုပ်စုများကို သရုပ်ခွဲစဉ်းစားရွေးချယ်အပြီးတွင် မည်သူ့ကို ဤစည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက်အတိအကျ အာရုံစူးစိုက်လုပ်ဆောင်မည်ဆိုသည်ကိုရွေးချယ်ဆုံးဖြတ်ရန်အရေးကြီးသည်။ ဤလုပ်ငန်းစဉ်အတွက်တခုထက်ပိုသော ချဉ်းကပ်ရမည့် အုပ်စုများကိုတွေ့နိုင်သည် သို့ရာတွင် အဆိုပါအုပ်စုများသည် မည်သူများဖြစ်သနည်း၊ ၎င်းတို့အနေဖြင့်ဤ ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ငန်းတွင် မည်သို့အားဖြည့်ဆောင်ရွက်နိုင်သနည်း စသည့်အချက်များကို ရှင်းရှင်းလင်းလင်းသိထားရန်လိုအပ်သည်။

ဖြစ်ရပ်အများစုတွင် စည်းရုံးရမည့်အုပ်စု (၂)စု ရှိနိုင်သည်၊ အခြေခံစည်းရုံးရမည့်အုပ်စုနှင့် ဒုတိယအဆင့်စည်းရုံးရမည့်အုပ်စုများဖြစ်သည်။ အခြေခံစည်းရုံးရမည့်အုပ်စုတွင် တွန်းအားဖြစ်စေနိုင်သည့်အချက်အလက်များ၊ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများနှင့်အာဏာပိုင်အဖွဲ့အစည်းများ စုပေါင်းပါဝင်ပြီး ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်အား အောင်မြင်မှုပန်းတိုင်ထံသို့တွန်းပို့ပေးနိုင်သည့် အင်အားစုများဖြစ်သည်။ ၎င်းအုပ်စုသည် အဓိကထားချဉ်းကပ်ရမည့်အုပ်စုဖြစ်သည်။

ဒုတိယအဆင့် ချဉ်းကပ်စည်းရုံးရမည့်အုပ်စုသည် ဖိအားပေးနိုင်သူများဖြင့်စုဖွဲ့ထားသည့် အဖွဲ့ဖြစ်သည်။ ၎င်းတို့သည် ချဉ်းကပ်စည်းရုံးမှုအတွက် အဓိကချဉ်းကပ်သင့်သည့် အုပ်စုမဟုတ်သော်လည်း အခြေခံကြားနာသူအုပ်စုများကို အဓိပ္ပါယ်ရှိသည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် အင်အားရှိပြီး တွန်းအားပေးနိုင်သဖြင့် ချဉ်းကပ်စည်းရုံးရန်လိုအပ်သောအုပ်စုများဖြစ်သည်။

ဤအခြေခံနှင့်ဒုတိယအဆင့်အုပ်စုများနှင့်အတူ ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းစဉ်၏ရည်မှန်းချက်ပန်းတိုင်အတွက် မဟာမိတ်များ၊ ကြားနေအုပ်စုများနှင့် ဆန့်ကျင်ဖက်အုပ်စုများလည်း ရှိနိုင်သည်။ သို့ဖြစ်၍လက်ခံကြားနာသူများအား အောက်ပါအတိုင်းအုပ်စုခွဲသုံးသပ်ရန်အရေးကြီးသည်။

#### မဟာမိတ်အုပ်စုများ

မဟာမိတ်အုပ်စုများသည် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းစဉ်၏ရည်မှန်းချက်ပန်းတိုင်၏ တစိတ်တဒေသ သို့မဟုတ် တခုလုံးကို ထောက်ခံသောအဖွဲ့များဖြစ်သည်။ ၎င်းတို့ထံမှ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အပံ့များရရှိနိုင်သည်။ တိုက်ရိုက်ထောက်ပံ့သူများ၏ လုပ်ငန်းစဉ်များနှင့်ပမာဏအထောက်အပံ့များနှင့်ပတ်သက်၍လည်းကောင်း၊ သွယ်ဝိုက်ထောက်ပံ့သူအုပ်စုများအား အနုစ်သာရရှိသည့် အရေးယူဆောင်ရွက်မှုမျိုးဖြင့် ကူညီထောက်ပံ့လာစေရန်လည်းကောင်း တွန်းအားပေးရန်အရေးကြီးသည်။

#### ကြားနေအုပ်စုများ

ကြားနေအုပ်စုများသည် မိမိတို့ဆောင်ရွက်မည့် ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အားပေးကူညီမှုမပြုသကဲ့သို့ ဆန့်ကျင်မှုလဲမပြုပေ။ ထိုသို့ဖြစ်ရခြင်းသည် ဦးတည်ဆောင်ရွက်မည့်ချဉ်းကပ်စည်းရုံးရေးအကြောင်းအရာနှင့်ပတ်သက်၍ ၎င်းတို့အနေဖြင့်လုံလောက်သောသတင်းအချက်အလက်မရသောကြောင့်ဖြစ်နိုင်သကဲ့သို့ ချဉ်းကပ်စည်းရုံးသည့်အကြောင်းအရာသည် ၎င်းတို့ပုဂ္ဂိုလ်ရေးအရစိတ်ပါဝင်စားလာစေရန်မဆွဲဆောင်နိုင်သောကြောင့်လည်းဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေကြားနေအုပ်စုများသည် မဟာမိတ် သို့မဟုတ် ဆန့်ကျင်ဖက်အုပ်စုများဖြစ်သွားနိုင်သည့် အရံအင်အားစုများဖြစ်ပါသည်။ ကြားနေအုပ်စုများ၊ အထူးသဖြင့် အဓိကဆုံးဖြတ်ချက်ချမှတ်သူများအား ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းများတွင်ပူးပေါင်းပါဝင်လာစေရန် ဦးတည်စည်းရုံးခြင်းအားဖြင့် အကျိုးရလာဒ်များရရှိနိုင်ပါသည်။

**ဆန့်ကျင်ဖက်အုပ်စုများ**

ဆန့်ကျင်ဖက်အုပ်စုများသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်၏ အဓိကရည်မှန်းချက်များအား အဟန့်အတားပြုသူများဖြစ်သည်။ ၎င်းတို့အားအချေအတင်ဆွေးနွေးမှုများပြုလုပ်၍ မဟာမိတ်အဖြစ်ဘက်ပြောင်းလာစေရန် သို့မဟုတ် ထိုအဆင့်သို့မရောက်သည့်တိုင် မိမိတို့၏လုပ်ငန်းသဘောတရားများနှင့်ရင်းနှီးကျွမ်းဝင်မှုရှိလာစေရန် ဆွဲဆောင်သိမ်းသွင်းရန်လိုအပ်သည်။ မိမိတို့လုပ်ငန်းစဉ်များအား ခုခံဆန့်ကျင်နေသူများအား မည်သည့်အကြောင်းကြောင့်ဆန့်ကျင်နေကြောင်းသိရှိအောင်ဖော်ထုတ်ရန်လည်းအရေးကြီးသည် သို့မှသာ ဖြစ်နိုင်ချေတိုက်ခိုက်မှုများကို ကာကွယ်နိုင်မည့်အပြင် ထုတ်ပြန်လာသောငြင်းခုံချက်များအတွက် ခုခံချေပချက်များကို ကြိုတင်ပြင်ဆင်ထားနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့်သတိပြုရန်အရေးကြီးသည့်အချက်မှာ ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်၏ရည်မှန်းချက်တခုသည် ဆန့်ကျင်ဖက်အုပ်စုများနှင့် ကြားနေအုပ်စုများအား ကူညီထောက်ပံ့သူများဖြစ်လာအောင် ပြောင်းလဲပေးနိုင်သည်ဟူသည့်အချက်ဖြစ်သည်။

# အခန်း–(၉)

# သတင်းအချက်အလက်များတည်ဆောက်ခြင်း

**ရည်ရွယ်ချက်များ**

- လက်တွေ့ကျသည့်လုပ်ငန်းစဉ်များချမှတ်နိုင်ရန်နှင့် ရှင်းလင်းတိကျသည့်သတင်းအချက်အလက်များတည်ဆောက်ရန်၊
- အဓိကဦးတည်ထားသည့် လက်ခံကြားနာသူအုပ်စုများသို့ သတင်းအချက်အလက်များမည်သို့ပေးပို့နိုင်သည်ကိုလေ့လာရန်၊

## သတင်းအချက်အလက်များ၏အရေးပါမှု

တိကျဖြောင့်မှန်၍ဆွဲဆောင်နိုင်မှုရှိသည့်သတင်းအချက်အလက်များသည် အကျိုးသက်ရောက်မှုရှိသည့် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်အတွက် စည်းရုံးလှုံ့ဆော်နိုင်ရန်အဓိကကျသောအခန်းကဏ္ဍမှပါဝင်ပါသည်။ သတင်းအချက်အလက်များသည် စည်းရုံးရေးလုပ်ငန်းစဉ်၏အသက်သွေးကြောဖြစ်ပါသည်။ ၎င်းတို့သည် စည်းရုံးလှုံ့ဆော်မှု၏အဓိကကျသော အပိုင်းတို့အပေါ် ကြားနာမည့်ပရိသတ်၏အာရုံစူးစိုက်မှုကို အလျှင်အမြန်ရရှိစေနိုင်ပါသည်။ ကောင်းစွာစဉ်းစားပြင်ဆင်ထားသည့် သတင်းအချက်အလက်သည် လူထုအား စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင်ပါဝင်လာအောင် ဆွဲဆောင်နိုင်ပြီး မသေချာစွာပြင်ဆင်ထားသည့်သတင်းအချက်အလက်များသည် အရံအထောက်အပံ့အင်အားစုများကိုပင် ရှုပ်ထွေးစေပြီးအငြင်းပွားမှုများဖြစ်စေနိုင်ပါသည်။ သတင်းအချက်အလက်များသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်အတွက် အဓိကကျသည့်အစိတ်အပိုင်းတခုဖြစ်သည့်အားလျော်စွာ သတင်းအချက်အလက်များတွင်ထည့်သွင်းဖော်ပြမည့်အကြောင်းအရာများနှင့်ပတ်သက်၍ အာရုံစူးစိုက်စဉ်းစားခြင်း၊ အာရုံစူးစိုက်တည်ဆောက်ခြင်း၊ သရုပ်ခွဲခြင်းနှင့်စမ်းသပ်စစ်ဆေးခြင်းတို့ကို ဂရုစိုက်လုပ်ဆောင်ရမည်။ သတင်းအချက်အလက်များသည် အထောက်အပံ့ပြုသူများအတွက် မှီခိုအထောက်အထားပြုစရာဖြစ်ရမည်။

## ထည့်သွင်းဖော်ပြမည့်အကြောင်းအရာများပြုစုခြင်း

သတင်းအချက်အလက်များသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်အတွက် အကျဉ်းချုပ်တင်ပြသည့် နမူနာအချက်များဖြစ်ရမည်။ ၎င်းသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်နှင့်သက်ဆိုင်သည့်အကြောင်းအရာအား အထူးပြုဖော်ပြခြင်း၊ လုပ်ငန်း

စဉ်၏ ပန်းတိုင်နှင့်လုပ်ရှားမှုအစီအစဉ်များအား ဖော်ပြသည့်အကျဉ်းချုပ်အစီအစဉ်များဖြစ်သည်။ ကြားနာသည့်လူထုများအား အထူးချမှတ်ထားသည့်အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဆန်းသစ်အမြင်များရရှိရန်နှင့် တွန်းအားတစုံတရာဖြစ်စေရန် ရည်ရွယ်သည်။

အောက်ပါအချက်များသည် ချဉ်းကပ်စည်းရုံးခြင်းလုပ်ငန်းစဉ်၏ အရေးပါသောသတင်းအချက်အလက်များတွင် ပါဝင်ရမည့်အခန်းကဏ္ဍများနှင့်ပတ်သက်၍ စဉ်းစားနိုင်ရန်ဖော်ပြထားသောအချက်များဖြစ်သည်။

- တတ်နိုင်သမျှရိုးစင်းစွာရေးပါ၊ မရှုပ်ထွေးပါစေနှင့် ဝိရောဓိဖြစ်စေမည့်အသုံးအနှုန်းများကိုရှောင်ပါ၊ လက်တွေ့ကျပြီး အသုံးတဲ့၍ လှုပ်ရှားမှုကိုတွန်းအားပေးသည့် ဘာသာစကားများကိုသုံးပါ။
- ခိုင်မာ၍ထိရောက်သည့်အချက်အလက်များနှင့်အထောက်အထားများအား ပံ့ပိုးခြင်းဖြင့် လက်ရှိတင်ပြလျက်ရှိသည့်အကြောင်းအရာအပေါ် လက်ခံကြားနာသူပရိသတ်ကိုယ်တိုင်က တရားမျှတမှုအား ရှာဖွေဖော်ထုတ်နိုင်ရန်ဆောင်ရွက်ပါ။
- လက်တွေ့ဘဝဖြစ်ရပ်များနှင့်အကိုးအကားများတင်ပြ၍ လူသားများနှင့်ပတ်သက်သည့်ကဏ္ဍအား ထုတ်ဖော်တင်ပြပါ။
- လက်ခံကြားနာသူပရိသတ်က မည်သို့ပံ့ပိုးကူညီရမည်ကို နားလည်ရန် အရေးယူဆောင်ရွက်မှုနည်းလမ်းများအားချပြရန် သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု၏ ရည်မှန်းချက်ပန်းတိုင်နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းတင်ပြရန်။
- ပြဿနာရပ်များအား ကိုင်တွယ်ဖြေရှင်းမည့်အဖြေများနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းထည့်သွင်းဖော်ပြရန်။
- သတင်းအချက်အလက်များအား မှတ်မိလွယ်စေရန် ကဗျာရေးစပ်၍လည်းကောင်း၊ အပြောင်အပျက်ဟာသကွက်များဖြည့်စွက်၍လည်းကောင်း၊ ထူးခြားဝိသေသလက္ခဏာများဖြည့်စွက်၍လည်းကောင်း၊ လူကြိုက်များသည့်အကြောင်းအချက်များပံ့ပိုး၍လည်းကောင်း တန်ဆာဆင်ပါ။
- သတင်းအချက်အလက်များခိုင်မာ၍ အင်အားရှိရန် ထုတ်ပြန်ကြေငြာချက်များနှင့်ယှဉ်တွဲဖော်ပြရန်၊ သတင်းအချက်အလက်များသည် လက်ခံကြားနာသူပရိသတ်၏ အာရုံစူးစိုက်မှုရရှိရန်သက်သက်မဟုတ်ဘဲ လူထုအနေဖြင့်အပြောင်းအလဲအတွက် ဖိအားတစုံတရာကိုဖော်ထုတ်နိုင်ရန် ဖန်တီးနိုင်လောက်သည့် အထောက်အပံ့လည်းဖြစ်ရမည်။

## သတင်းအချက်အလက်များထဲမှ ပဏာမတင်ပြမှု

စည်းရုံးလှုံ့ဆော်ရန်ဦးတည်၍ အထူးရွေးချယ်ထားသည့် ကြားနာမည့်ပရိသတ်အားဆွဲဆောင်နိုင်ရန် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အခြေခံအချက်အလက်များပံ့ပိုးခြင်းသည် သတင်းအချက်အလက်များထဲမှပဏာမတင်ပြမှုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စည်းရုံးလှုံ့ဆော်ရန်ဦးတည်၍ အထူးရွေးချယ်ထားသည့် ကြားနာမည့်ပရိသတ်နှင့်ပတ် သက်၍ သတင်းအချက်အလက်များသည် အံဝင်ခွင်ကျဖြစ်စေရန်၊ လှုပ်ရှားမှုနှင့်ဦးစားပေးမှုအခြေအနေအပေါ် အပြည့်အဝဆန်းစစ်ထားရန် လိုအပ်သောကြောင့်ဖြစ်သည်။ အောက်ပါအချက်များသည် ကြားနာမည့်ပရိသတ်သို့ အချက်အလက်များအားပဏာမတင်ပြမှုနှင့်ပတ်သက်၍ မှတ်သားဖွယ်အချက်များအားစုစည်းတင်ပြထားခြင်းဖြစ်သည်။

- သတင်းအချက်အလက်များအား အထူးရွေးချယ်ထားသည့် ကြားနာမည့်ပရိသတ်၏ စိတ်ပါဝင်စားမှုနှင့် ဦးစားပေးမှုအနေအထားများကို ဖော်ထုတ်နိုင်ရန် ကောင်းစွာပြင်ဆင်ပါ။
- ကြားနာမည့်ပရိသတ်၏ စာနာမှုကိုရရှိစေနိုင်သည့် တကယ့်ဘဝဥပမာများအား ရှာဖွေထည့်သွင်းဖော်ပြပါ။
- သတင်းအချက်အလက်များအား ကြားနာမည့်ပရိသတ်ထံပေးပို့ရန် အများယုံကြည်အားထားပြီး အဆိုပါအဖွဲ့များအားတွန်းအားပေးနိုင်သည့် နည်းဗျူဟာကျွမ်းကျင်သူအားရွေးချယ်ရန်။

- စည်းရုံးလှုံ့ဆော်ရန်ဦးတည်သည့် ပရိသတ်အနေဖြင့် မိမိစည်းရုံးလှုံ့ဆော်သည့် အရေးကိစ္စအားအထူးစိတ်ဝင်စားလာစေသည့် နည်းနာများကို အတတ်နိုင်ဆုံးစဉ်းစားအသုံးပြုပါ။
- သင့်တော်သည့်လှုပ်ရှားမှုများကို ရှာကြံဖော်ထုတ် လုပ်ဆောင်ပါ။
- လက်ခံကြားနာမည့်သူများ နားလည်သဘောပေါက်လွယ်သည့် ဘာသာစကားကိုအသုံးပြုပါ။

# အခန်း–(၁၀)

# မဟာဗျူဟာရွေးချယ်ချမှတ်ခြင်း

**ရည်ရွယ်ချက်များ**

- ဖြစ်နိုင်ချေရှိသည့် မဟာဗျူဟာများအား နားလည်သဘောပေါက်ရန်နှင့်ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ရန်၊
- ဆုံးဖြတ်ချက်ချမှတ်သူများအား ဖိအားပေးနိုင်သည့် နည်းလမ်းများကိုစဉ်းစားရွေးချယ်နိုင်ရန်၊
- ဖိအားပေးနိုင်သည့်အုပ်စုများ၏ စိတ်ဝင်စားမှုကိုလှုံ့ဆော်နိုင်သည့် နည်းလမ်းများရှာကြံရန်၊

## ချဉ်းကပ်စည်းရုံးမှုဆိုင်ရာမဟာဗျူဟာအား ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့်အစီအစဉ်တကျနေရာချခြင်း

ချဉ်းကပ်စည်းရုံးမှုဆိုင်ရာမဟာဗျူဟာအား အစီအစဉ်တကျနေရာမချမီ ယခင်ကဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အရေးကြီးသည်။ ထိရောက်သည့်မဟာဗျူဟာတခုသို့မဟုတ် မဟာဗျူဟာစုစည်းမှုသည် အဖွဲ့အစည်း၏စွမ်းဆောင်ရည်၊ ချဉ်းကပ်စည်းရုံးမည့်ကဏ္ဍ၏ သဘောသဘာဝနှင့်ပတ်ဝန်းကျင်အနေအထားနှင့် လက်ခံကြားနာသူပရိသတ်အားလုံး၏ ပြည့်စုံကောင်းမွန်မှုအပေါ်မူတည်သည်။

မဟာဗျူဟာပုံဖော်မှုအသွင်သဏ္ဍာန်သည် သက်ဆိုင်ရာအဖွဲ့အစည်းမှရရှိနိုင်သည့်အရင်းအမြစ်များအား မှန်မှန်ကန်ကန်စီမံခန့်ခွဲမှု၊ ချဉ်းကပ်စည်းရုံးမည့်ကဏ္ဍ၏ ပတ်ဝန်းကျင်အနေအထားနှင့်သဟဇာတဖြစ်မှုနှင့် ပဏာမသတင်းအချက်အလက်များအား လက်ခံကြားနာမည့်ပရိသတ်အားဆွဲဆောင်နိုင်အောင် ပေးပို့မှုအနေအထားများကို စဉ်းစားသုံးသပ်၍ရေးဆွဲချမှတ်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် အချို့သောအခြေအနေ သို့မဟုတ် လက်ခံကြားနာသူအုပ်စုအား ချဉ်းကပ်စည်းရုံးရာတွင် ပုံနှိပ်သတင်းကဏ္ဍအထိရောက်ဆုံးဆက်သွယ်ရေးစနစ်ဖြစ်နိုင်သော်လည်း အချို့သောအခြေအနေနှင့်အဖွဲ့များမှာမူ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုများ၊ လူထုစုစည်းဟောပြောမှုများက ပိုထိရောက်သည့်သဘောမျိုးဖြစ်သည်။ ထို့အပြင် သတင်းအချက်အလက် ပေးပို့မည့်သူအားရွေးချယ်ရာတွင် ယခင်ဆွေးနွေးခဲ့သောအကြောင်းအရာများအပေါ်လည်း ပြန်လည်သုံးသပ်ရန်လိုအပ်မည်ဖြစ်သည်။ အချို့ဖြစ်ရပ်များတွင်ခေါင်းဆောင်များ သို့မဟုတ် အကြီးအကဲများသည် သမရိုးကျသတင်းအချက်အလက်များကို အထောက်အပံ့ဖြစ်စေသည့် အကောင်းဆုံးစုဆောင်းဖြည့်ဆည်းပေးသူများဖြစ်တတ်ကြသည်။ အချို့အခြေအနေများတွင်မူ အထိခိုက်ခံလူမှုအဖွဲ့အစည်း၏အဖွဲ့ဝင်များက အကောင်းဆုံးဖြစ်နေတတ်သည်။

သမရိုးကျစည်းရုံးလှုံ့ဆော်မှုဖြစ်စဉ်တခုတွင် ထိရောက်ပြီးလက်တွေ့ကျသည့် ဖြစ်နိုင်ချေမဟာဗျူဟာအမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရာတွင် အောက်ပါမေးခွန်းများသည် အထောက်အပံ့ဖြစ်နိုင်ပါသည်။

- အဓိကထားစည်းရုံးမည့် ပရိသတ်အတွက် မည်ကဲ့သို့သောဆက်သွယ်ရေးပုံစံဖြင့် သတင်းအချက်အလက်များကို ပြင်ဆင်ပေးပို့မည်နည်း၊ မည်သည့်အကြောင်းအရာများကို ၎င်းတို့ဖတ်ကြပါသနည်း၊ မည်သည့်အကြောင်းအရာများကို ၎င်းတို့နားထောင်ကြပါသနည်း၊ မည်သို့သောလှုပ်ရှားမှုများတွင် ၎င်းတို့ပါဝင်တတ်ကြပါသနည်း။

- ကြားနာမည့်ပရိသတ်သည် ဆက်သွယ်ဆောင်ရွက်ရန်အတွက် မည်သို့သောအဆင့်အနေအထားတွင်ရှိပါသနည်း၊ ပုံနှိပ်သတင်းထုတ်ပြန်ချက်များအား အလွယ်တကူရရှိနိုင်ပါသလား၊ တီဗွီ၊ ရေဒီယို၊ တယ်လီဖုန်းနှင့်ကွန်ပြူတာများ ထားရှိနိုင်သည့် အနေအထားရှိပါသလား။
- ဖြစ်နိုင်ချေရှိသည့်ဆက်သွယ်ရေးစနစ်အတွက် မည်သို့သောအရည်အချင်းများလိုအပ်ပါသနည်း၊ ပုံမှန်ဆက်သွယ်ရေးနည်းလမ်းများတွင် သတင်းအချက်အလက်များအားပေးပို့ရန် မည်သို့သောဖြစ်စဉ်များလိုအပ်ပါသနည်း။
- မည်သူများကသတင်းအချက်အလက်များကို ဖြန့်ချီရမည်နည်း၊ ဖြန့်ချီမည့်သတင်းအချက်အလက်များနှင့်ပတ်သက်၍ ၎င်းတို့အနေဖြင့် ပြောရေးဆိုခွင့်ရှိသူအဖြစ်တာဝန်ယူရန်စိတ်ပါဝင်စားပါသလား၊ ၎င်းတို့အားရရှိနိုင်ပါသလား။
- ရွေးချယ်ထားသည့် မဟာဗျူဟာအတွက်ပေးဆပ်ရမည့်အချက်များသည် မည်သည့်အချက်များဖြစ်ပါသနည်း၊ ကြိုတင်မျှော်မှန်းသည့် အကျိုးရလာဒ်များသည် ကြိုးပမ်းအားထုတ်ရမှုများ၊ သုံးစွဲလိုက်ရသည့်အရင်းအမြစ်များနှင့်ကာမိပါသလား။
- ရွေးချယ်သည့် မဟာဗျူဟာသည် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းစဉ်တခုလုံး၏ မျှော်မှန်းချက်နှင့်ကာလရှည်ရည်ရွယ်ချက်များကို တိုးတက်အောင်မြင်စေနိုင်ပါသလား၊ ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းစဉ်တခုလုံး၏ပန်းတိုင်သို့ရောက်ရှိရန် ဤမဟာဗျူဟာများကမည်သို့ တိုးတက်အောင်မြင်အောင်ဆောင်ရွက်နိုင်ပါသနည်း။
- ရွေးချယ်ထားသည့် မဟာဗျူဟာအားအကောင်အထည်ဖော်ရာတွင် မည်သည့်အချက်များသည် စွန့်စားရမည့်အချက်များဖြစ်ပါသနည်း၊ အတိုက်အခံအဖွဲ့များသည် မည်သည့်အဆင့်အနေအထားတွင်ရှိပါသနည်း၊ စည်းရုံးလှုံ့ဆော်မှုအား ဆန့်ကျင်နေသည့်အုပ်စုများအား လျော့နည်းသွားအောင်၊ အခြေအနေများကိုလက်ခံလာအောင်ဆောင်ရွက်နိုင်သည့်နည်းလမ်းများရှိပါသလား။

ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ရှားမှုအား အစီအစဉ်ချမှတ်ဆောင်ရွက်ရာတွင် သင့်တော်သည့်မဟာဗျူဟာသည် တခုတည်းမရှိနိုင်ပါ၊ အပြောင်းအလဲဖြစ်ရန်အတွက် လှုပ်ရှားဆောင်ရွက်နိုင်သည့်အစီအစဉ် အမျိုးမျိုးရှိနိုင်ပါသည်။ အများစုသောစည်းရုံးလှုံ့ဆော်မှုအစီအစဉ်များသည် နည်းနာတခုတည်း၊ သတင်းအချက်အလက်ပေးပို့တဖွဲ့တည်း စသည်ဖြင့်ကန့်သတ်မထားပါ။ စင်စစ်တွင် စည်းရုံးလှုံ့ဆော်မှုအစီအစဉ်သည် အဓိကထား၍စည်းရုံးရမည့်ပရိသတ်များထံရောက်ရှိရန် စုပေါင်းချမှတ်ထားသည့် မဟာဗျူဟာများအား အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။ ဖြစ်နိုင်ချေရှိသောအခြားနည်းလမ်းများအားလုံးကိုရွေးချယ်ဖော်ပြရန်အခက်အခဲရှိလျှင် အသင့်တော်ဆုံးမဟာဗျူဟာကို ချမှတ်ဆောင်ရွက်ပါ။

## ချဉ်းကပ်စည်းရုံးမှုဆိုင်ရာမဟာဗျူဟာများ

ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုံ့ဆော်မှုတခု လုပ်ဆောင်ခြင်းမှအကျိုးရလာဒ်ရခြင်းသည် လှုံ့ဆော်မှုဖြစ်စဉ်၏လှုပ်ရှားမှုနှင့်ရည်မှန်းချက်ပန်းတိုင်တိုးတက်အောင်မြင်စေရန် အခြေခံကျသောနည်းနာအချို့အား စဉ်ဆက်မပြတ်အသုံးပြုခြင်းကြောင့်ဖြစ်သည်။ အဆိုပါအခြေခံနည်းနာများတွင် အများဆုံးအသုံးပြုသည့်နည်းနာများမှာ ဆုံးဖြတ်ချက်ချသူများအားဖိအားပေးခြင်း (ဥပမာ–အစိုးရအရာရှိများ၊ ဥပဒေပြုသူများစသည်ဖြင့်) နှင့် သတင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

## ဆုံးဖြတ်ချက်ချမှတ်သူများအားဖိအားပေးခြင်း

အခန်း–(၈)တွင် အသေးစိတ်ဆွေးနွေးခဲ့သကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်သူများသည် အခြေခံအကျဆုံးစည်းရုံးရမည့်သူများတွင်ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော်လည်းကောင်းတို့သည် အခွင့်အာဏာရှိသောသူများဖြစ်ပြီး လှုံ့ဆော်မှုတခုလုံးအောင်မြင်ရန်စွမ်းဆောင်နိုင်သည့် အရည်အသွေးနှင့်ပြည့်စုံသောကြောင့်ဖြစ်သည်။ ၎င်းတို့သည် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုံ့ဆော်မှုဖြစ်စဉ်များတွင် ပုံမှန်အားဖြင့်အာရုံစူးစိုက်မှုခံကြရသူများဖြစ်သည်။

အဓိကကျသည့်ဆုံးဖြတ်ချက်ချမှတ်သူများအား အထူးဖော်ပြခြင်းနှင့်၎င်းတို့၏ စိတ်ပါဝင်စားမှုနှင့်ဦးစားပေးအစီအစဉ်များအားခွဲခြမ်းစိတ်ဖြာအပြီးတွင် လှုံ့ဆော်မှု၏ရည်မှန်းချက်များအောင်မြင်စေရန်အတွက် လုပ်ဆောင်မည့်သူများအား မည်သို့

တွန်းအားပေးမည်၊ ရည်ရွယ်ချက်ပြီးမြောက်စေမည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်ရမည်။ အောက်တွင်ဖော်ပြထားသောအချက်များသည် ဆုံးဖြတ်ချက်ချမှတ်သူများအား ဖိအားပေးရာတွင်အထောက်အကူဖြစ်စေသည့် နည်းလမ်းများဖြစ်ပါသည်။

**၁။ အစည်းအဝေး**

ဆုံးဖြတ်ချက်ချမှတ်သူများနှင့် ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံဆွေးနွေးခြင်းသည် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ရှားမှုအား အထောက်အပံ့ပြုရန် အမြဲလိုလိုထိရောက်သည့်နည်းနာဖြစ်သည်။ အစည်းအဝေးနေ့ရက်အချိန်သတ်မှတ်နိုင်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်သည့်ပုဂ္ဂိုလ်များထံ စာရေးသား၍လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ လူဂ္ဂိုလ်တစုံတယောက်မှတဆင့်လည်းကောင်းဆက်သွယ်ဆောင်ရွက်နိုင်သည်။ မိမိမည်သူဖြစ်သည်၊ မည်သည့်အဖွဲ့ကိုကိုယ်စားပြုသည်၊ ဆွေးနွေးတင်ပြမည့်အချက်များ၏ အရေးကြီးပုံနှင့် အဘယ်ကြောင့်တွေ့ဆုံဆွေးနွေးရန်ချိန်းရသည့်အကြောင်းကို မိတ်ဆက်ရန်မမေ့ပါနှင့်။

အကြောင်းမလှစွာပင် အဆင့်မြင့်အစိုးရအရာရှိကြီးများအဖြစ်တာဝန်ယူထားကြသည့် ဆုံးဖြတ်ချက်ချသူများနှင့် အခြားတိတိကျကျသတ်မှတ်ထားသည့် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် လုံလုံခြုံခြုံတွေ့ဆုံခွင့်ရရန်အလွန်ခက်ခဲသည်။ ဆုံးဖြတ်ချက်ချသူများနှင့်တွေ့ဆုံခွင့်ရရန်အခွင့်အရေးမှာ ကြုံတောင့်ကြုံခဲဖြစ်သည်။ သို့ဖြစ်၍ရတောင့်ရခဲအချိန်လေးအတွက် ကောင်းစွာကြိုတင်ပြင်ဆင်မှုပြုလုပ်ထားရန်လိုအပ်သည်။

အောက်ပါအချက်များသည် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် ပုဂ္ဂိုလ်ရေးအရတွေ့ဆုံဆွေးနွေးခြင်း ပြုလုပ်ရာတွင်ဆောင်ထားရမည့်အချက်များဖြစ်သည်။

- ဆုံးဖြတ်ချက်ချမှတ်သူများထံတွင်ချန်ထားရမည့် ရုပ်ဝတ္ထုပစ္စည်းများကို ကြိုတင်ပြင်ဆင်ပါ။အဆိုပါရုပ်ဝတ္ထုပစ္စည်းများသည် မိမိတို့စည်းရုံလှုံ့ဆော်နေသည့် အကြောင်းရင်းကိစ္စ၏ရည်မှန်းချက်အား အကဉ်းချုပ်၍ရှင်းလင်းစွာပြောပြနိုင်ပါလိမ့်မည်၊ ဆုံးဖြတ်ချက်ချမှတ်သူများက အရေးယူဆောင်ရွက်ရန် အကြံပြုတိုက်တွန်းချက်များလဲပါရှိပါစေ၊ ဤရုပ်ဝတ္ထုပစ္စည်းများသည် ၎င်းတို့စိတ်ပါဝင်စားမှုရှိရန်နှင့် စိတ်ခံစားမှုကိုနှိုးဆွနိုင်စွမ်းရှိရနန်ပြင်ဆင်ပါ၊ တတ်နိုင်သမျှအကျဉ်းချုပ်ဖြစ်ပါစေ၊ စာမျက်နှာအလွန်များပြားခြင်းသည် အကြောင်းအရာများထပ်မှုဖြစ်စေနိုင်သည့်အပြင် ၎င်းတို့သေခြာဖတ်ရန်အခွင့်အရေးများကို ယုတ်လျော့စေပါသည်။
- ၎င်းတို့အနေဖြင့် ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှု၏ရည်မှန်းချက်များပြည့်မီအောင် အဘယ်ကြောင့်ထောက်ပံ့ကူညီရန်လိုအပ်ကြောင်းနှင့် ဆန့်ကျင်ဖက်အုပ်စုများ၏ အငြင်းပွားမှုများအား ပယ်ဖျက်သင့်ကြောင်း စသည့်အကြောင်းအရာများနှင့်ပတ်သက်၍ မေးမြန်းလာနိုင်ဘွယ်ရှိသည့်မေးခွန်းများအတွက် အဖြေကိုကြိုတင်ပြင်ဆင်ပါ။
- ဆုံးဖြတ်ချက်ချမှတ်သူများ၏စိတ်ဝင်စားမှုနှင့်ဦးစားပေးမှုကိုရရှိနိုင်ရန် တိုက်ရိုက်ပြောဆိုနိုင်သော သင့်တော်သည့်အစီရင်ခံတင်ပြမှုများပြုလုပ်ပါ၊ အစည်းအဝေးကာလအတွင်းမည်သည့် အရေးကြီးအကြောင်းအချက်များကိုမည်သူက ပြင်ဆင်တင်ပြမည်ကို ကြိုတင်ဆုံးဖြတ်ထားပါ၊ အစီရင်ခံတင်ပြမှုတွင် လူသားဆိုင်ရာရှုထောင့်ကိုအာရုံစူးစိုက်ဆောင်ရွက်ပါ၊ ပုဂ္ဂိုလ်ရေးအရထိခိုက်ခံစားရမှုများအတွက် ဖြစ်ရပ်မှန်ဇာတ်လမ်းများနှင့် ပုံအထောက်အထားများကိုတင်ပြပါ၊ ရေးသားတင်ပြချက်များတွင် အသေးစိတ်သုံးသပ်ပြထားသည့်ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ စာရင်းဇယားများကိုပူးတွဲတင်ပြပါ။
- ဆုံးဖြတ်ချက်ချမှတ်သူများအား ပြန်လှန်ဆွေးနွေးနိုင်သည့်အခွင့်အရေးပေးပြီး မေးခွန်းများမေးရန် တိုက်တွန်းပါ၊ ချဉ်းကပ်စည်းရုံးမှုဆိုင်ရာဖြစ်စဉ်တွင် အစည်းအဝေး၏ပုံစံသည် ဘက်တဘက်တည်းမှ သင်ခန်းစာပို့ချနေသည့်ပုံစံမျိုးမဖြစ်စေရပါ၊ ထို့ထက်ပို၍ ဆုံးဖြတ်ချက်ချမှတ်သူများ၏ အတွေးထဲတွင်အနက်ရှိုင်းဆုံးဝင်ရောက်သွားရန်နှင့် အကယ်၍ပိတ်ဆို့မှုအဟန့်အတားများရှိပါက ၎င်းတို့မှအရေးယူဆောင်ရွက်နိုင်ရန် တိုက်တွန်းနိုင်သည့်အရေးကြီးသော အခွင့်အခါကောင်းအဖြစ်သဘောပေါက်ပါ။
- လှုံ့ဆော်စည်းရုံးမှုတွင် ဆုံးဖြတ်ချက်ချမှတ်သူများပါဝင်ဆောင်ရွက်နိုင်သည့်အခန်းကဏ္ဍနှင့်ပတ်သက်၍ ဖြစ်နိုင်ချေရှိသောအဖြေများနှင့်အရေးယူဆောင်ရွက်မှုများအပေါ် အာရုံစူးစိုက်လုပ်ဆောင်ပါ၊ ယခင်ကာလများက ဆောင်ရွက်ခဲ့သော၊ မဆောင်ရွက်ဖြစ်ခဲ့သော ကိစ္စများအပေါ်ပြန်လည်အပြစ်ရှာစေဖန်ခြင်းမျိုးရှောင်ကြဉ်ပါ၊ ဝေဖန်တိုက်ခိုက်မှုများ

သည် ရန်လိုသည့်သဘောဆောင်သည့်ပုံစံဖြစ်သွားခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်သူများသည် လက်ရှိအထောက်အပံ့ပေးနေသည့်အနေအထားမှ ရုတ်သိမ်းသွားနိုင်ပါသည်။

- နောက်ဆက်တွဲစည်းဝေးများကို ပြုလုပ်ပါ၊ စည်းဝေးမှချမှတ်သည့် နောက်ဆက်တွဲလုပ်ငန်းစဉ်များလုပ်ဆောင်ဖြစ်ကြောင်းသေချာပါစေ၊ နောက်ဆက်တွဲလုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက်ချမှတ်သူများအတွက် ပေးနိုင်သည့်အချိန်၊ လက်ရှိအခြေအနေ၏တိုးတက်မှု၊ ၎င်းတို့အရေးယူဆောင်ရွက်ရန်သဘောတူထားသည့်အကြောင်းကိစ္စဆိုင်ရာ ထုတ်ပြန်ချက်များကိုကာမိအောင် ထုတ်နုတ်ပြုစုထားသည့် မှတ်စုများနှင့် သတင်းအချက်အလက်များကို အထောက်အပံ့ဖြစ်စေရန် လိုအပ်သည့် ရုပ်ဝတ္ထုပစ္စည်းများ စသည်ဖြင့်တတ်နိုင်သမျှပြည့်စုံအောင်စီစဉ်ပေးပါ။

## ၂။ ဖုန်းဆက်ခြင်း

ဆုံးဖြတ်ချက်ချမှတ်သူများနှင့်လူပုဂ္ဂိုလ်ခြင်းတွေ့ရန်မဖြစ်နိုင်လျှင် တယ်လီဖုန်းဆက်ခြင်းသည် အခြားဖြစ်နိုင်ခြေဆက်သွယ်မှုပုံစံဖြစ်ပါသည်၊ တယ်လီဖုန်းကွန်ဖရန့်လုပ်ခြင်းဖြင့် စည်းရုံးလှုံ့ဆော်နေသည့်ကိစ္စမှအရေးကြီးသည့်အချက်အချို့အား ဆုံးဖြတ်ချက်ချမှတ်သူများသိအောင် သို့မဟုတ် ဆက်စပ်တွေးကြည့်နိုင်အောင် ပေးပို့နိုင်သည့်အခွင့်အလမ်းရရှိနိုင်ပါသည်။ တယ်လီဖုန်းဆက်ခြင်းသည် နောက်ဆက်တွဲစာရွက်စာတမ်းများပေးပို့ရန်မဏ္ဍာမ ဆက်သွယ်မှုလည်းဖြစ်တတ်ပါသည်။

အကြောင်းအရာတော်တော်များများတွင် လူထု၏လိုအပ်မှုအား ဆုံးဖြတ်ချက်ချမှတ် သူများထံရောက်ရှိအောင် တယ်လီဖုန်းဖြင့် ထိရောက်သည့်လှုံ့ဆော်မှုပြုလုပ်နိုင်သည်ကိုလည်းတွေ့ရှိရပါသည်။ တယ်လီဖုန်းစည်းရုံးလှုံ့ဆော်မှုတွင် မိမိတို့အားအထောက်အပံ့ပြုနေသူများအား ဆုံးဖြတ်ချက်ချမှတ်သူများထံ ဖုန်းဆက်၍ဖိအားပေးစေပြီး စည်းရုံးလှုံ့ဆော်နေသည့်ကိစ္စများအား၎င်းတို့အနေဖြင့်အရေးယူဆောင်ရွက်ရန် တိုက်တွန်းနိုင်ပါသည်။

## ၃။ စာများနှင့် အီးမေးလ်များ

စာနှင့်အီးမေးလ်သည် ဆုံးဖြတ်ချက်ချမှတ်သူများ စည်းရုံးလှုံ့ဆော်နေသည့်ကိစ္စများနှင့်ပတ်သက်၍ ဖိအားပေးနိုင်သည့် အခြားသောနည်းလမ်းများဖြစ်သည်၊ စာနှင့်အီးမေးလ်များအား လူပေါင်းများစွာကလက်မှတ်ရေးထိုးပေးပို့ခြင်းဖြင့် အကြောင်းအရာတခုအပေါ်လူထုထောက်ပံ့သည့် အနေအထားကိုညွှန်ပြရာရောက်သည်။ ဤလူထုများစွာကထောက်ပံ့သောရေပန်းစားသည့်ကိစ္စရပ်သည် လူထုကိုယ်စားလှယ်အဖြစ်လူထုကရွေးချယ်တင်မြှောက်ခဲ့သော ဆုံးဖြတ်ချက်ချမှတ်သူများအဖို့ အရေးယူဆောင်ရွက်မှုကို မလုပ်မဖြစ်လုပ်ရမည့်အနေအထားသို့တွန်းပို့သွားနိုင်သည်။

စာနှင့်အီးမေးလ်များသည် အကျဉ်းချုပ်နှင့်ဆွဲဆောင်မှုရှိရန်လိုအပ်သည်၊ ၎င်းတွင်စည်းရုံးလှုံ့ဆော်သည့်ကိစ္စရပ်၏ရည်မှန်းချက်နှင့် ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် အဓိကထားအရေးယူဆောင်ရွက်ရန် တိုက်တွန်းသည့် ကဏ္ဍများကိုတိတိကျကျပါဝင်ရမည်၊ လူပုဂ္ဂိုလ်ဆိုင်ရာဇာတ်လမ်းများကိုထည့်သွင်းဖော်ပြခြင်းဖြင့် အထောက်အကူပြုရာရောက်နိုင်သည်၊ စာဖြန့်ဝေမှုလှုံ့ဆော်မှုဖြစ်စဉ်တွင်ပါဝင်မှုအားတိုးချဲ့ရန်အတွက် စာကြမ်းပြုစုမှုပုံစံကိုအကျဉ်းရုံး၍ လှုံ့ဆော်သည့်ကိစ္စအပေါ်အထောက်အပံ့ပြုသည့် လူထုပါဝင်မှုကိုတိုးချဲ့ခြင်းဖြင့်အကျိုးရလာဒ်ရရှိစေနိုင်သည်။

## ၄။ စည်းရုံးလှုံ့ဆော်ရေးသမားများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

အချို့စည်းရုံးလှုံ့ဆော်မှုဖြစ်စဉ်များတွင် စည်းရုံးလှုံ့ဆော်ရေးသမားများကိုစုစည်း၍လည်းကောင်း၊ အထူးစိတ်ဝင်စားသူအုပ်စုများကိုစုစည်း၍လည်းကောင်း ဆုံးဖြတ်ချက်ချမှတ်သူများကို တွန်းအားပေးနိုင်ကြသည်။ စည်းရုံးလှုံ့ဆော်ရေးသမားများသည် အထူးပြုကိစ္စရပ်များနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်သူများကို ဖိအားပေးနိုင်ရန်လုပ်ဆောင်သည့်အပိုင်းတွင်ကျွမ်းကျင်သူများဖြစ်ကြသည်၊ ၎င်းတို့သည်ယေဘူယျအားဖြင့် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် ကာလရှည်သိကျွမ်းသူများဖြစ်ကြပြီး ဆုံးဖြတ်ချက်ချမှတ်သူများ၏ တစုံတရာသောအတိုင်းအတာအထိလက်ခံမှုကို ရရှိထားသူများဖြစ်ကြသည့်အပြင် ၎င်းတို့သည် အထူးအဆင့်ရှိဆုံးဖြတ်ချက်ချမှတ်သူများနှင့်သက်ဆိုင်သည့် အကြောင်းအရာများနှင့်စိတ်ဝင်စားမှုများအား အကျွမ်းဝင်သူများဖြစ်ကြသည်။ အကယ်၍ စည်းရုံးလှုံ့ဆော်ရေးသမားများသည် ဤကဲ့သို့အလားတူပြဿနာမျိုးနှင့်နီးစပ်မှုရှိသူများဖြစ်ပါ

ကရင်းတို့နှင့်ပူးပေါင်းဆောင်ရွက်ရန်အရေးကြီးသည်၊ စည်းရုံးလှုံ့ဆော်ရေးသမားများသည် ဤကဲ့သို့အလားတူပြဿနာမျိုးနှင့် နီးစပ်မှုမရှိဟုဆိုသည့်တိုင် ၎င်းတို့ထံမှလေ့လာစရာများစွာကို ဆည်းပူးလေ့လာနိုင်ပါသေးသည်။

### ၅။ အကြောင်းအရာအနှစ်ချုပ်နှင့် အဓိကပြောရမည့်ကဏ္ဍ

အကြောင်းအရာအနှစ်ချုပ်နှင့် အဓိကပြောရမည့်ကဏ္ဍသည် ဆုံးဖြတ်ချက်ချမှတ်သူများအား စည်းရုံးလှုံ့ဆော်သည့် ကိစ္စနှင့်ပတ်သက်၍ အဓိကထားသည့်အကြောင်းအရာများ၊ အလေးအနက်ထားသည့်အကြောင်းအရာများအား အနှစ်ချုပ် ဖော်ပြနိုင်သည့် အသုံးဝင်သောကိရိယာတခုဖြစ်သည်။ အဓိကပြောရမည့်ကဏ္ဍသည် အလွန်တိုပြီး အကျဉ်းချုပ်ထား၍နား လည်လွယ်အောင် တင်ပြနိုင်ကာ ကျည်လက်နက်တခုပမာ ထိရောက်မှုရှိရမည်။ ၎င်းသည် ဆက်လက်အစီရင်ခံတင်ပြရန်ရှိ သည့် အကြောင်းအရာများအတွက် ပဏာမလမ်းညွှန်များသဖွယ်ဖြစ်နေရမည်၊ အကြောင်းအရာအနှစ်ချုပ်မှာမူ အနည်းငယ်ပို ရှည်လျားသင့်ပြီး ချဉ်းကပ်မည့်အကြောင်းအရာအပေါ်ခွဲခြမ်းစိတ်ဖြာသုံးသပ်ပြထားမှုများပါဝင်ရမည်။

### ၆။ ဥပဒေလမ်းကြောင်းအရလုပ်ဆောင်ခြင်း

တရားရုံးများသည် ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုများအတွက် လက်ခံဆောင်ရွက်ခြင်းနှင့် အရေးပေါ်တောင်းဆိုမှုများအ တွက် တာဝန်ယူဆောင်ရွက်ပေးနိုင်စွမ်းမရှိသော်လည်း ပြဿနာရပ်အပေါ်လူထု၏အာရုံစူးစိုက်မှုရရှိအောင်ဆောင်ရွက်နိုင်ပြီး သင့်တော်သည့်အပြောင်းအလဲအဆင့်သို့ရောက်ရှိသွားအောင် ဆောင်ကျဉ်းပေးနိုင်သည်။ တရားဥပဒေလမ်းကြောင်းကိုဖြစ်နိုင် ချေလုပ်ဆောင်ရန်အစီအစဉ်အနေဖြင့်ရှုမြင်ထားလျှင် အရည်အချင်းပြည့်ဝသည့်ရှေ့နေ သို့မဟုတ် ဥပဒေရေးတွင်ကျွမ်းကျင် သည့်အတိုင်ပင်ခံပုဂ္ဂိုလ်များ၏ အကူအညီကိုရယူနိုင်ရန်ပြင်ဆင်ထားရမည်။

### ၇။ တားမြစ်ကန့်ကွက်ခြင်း

ဆုံးဖြတ်ချက်ချမှတ်သူများအား ဖိအားပေးရန်အခြားနည်းလမ်းတခုမှာ လူထုအကူအညီဖြင့် တားမြစ်ကန့်ကွက်မှုများ ပြုလုပ်ခြင်းဖြစ်သည်။ တားမြစ်ကန့်ကွက်မှုများ ပြုလုပ်ခြင်း၏အခြေခံရည်ရွယ်ချက်သည် အဖြစ်အပျက်အပေါ်တွင် သတင်းမီဒီ ယာများမှတဆင့်လူထု၏အာရုံစူးစိုက်မှုရရှိစေရန်ဖြစ်သည်၊ သို့ဖြစ်၍ဤလုပ်ဆောင်မှုတွင် သတင်းမီဒီယာကဏ္ဍမှပါဝင်လာစေ ရန် ကြိုတင်ညှိနှိုင်းတိုင်ပင်မှုများပြုလုပ်ထားရှိရန်လိုသည်။ နောက်ဆက်တွဲလုပ်ငန်းများအတွက် သတင်းမီဒီယာများတွင် တား မြစ်ကန့်ကွက်ခြင်းဆိုင်ရာကိစ္စနှင့်ပတ်သက်၍ သတင်းအချက်အလက်များအသေးစိတ်ရှိရန်လည်း အရေးကြီးသည်။

တားမြစ်ကန့်ကွက်ခြင်းသည် ပုံစံအမျိုးမျိုးဖြင့်ဖြစ်ပေါ်လာနိုင်သည်၊ လူထုဆန္ဒဖော်ထုတ်မှုများ၊ ချီတက်ဆန္ဒပြမှုများနှင့် သပိတ်မှောက်မှုများဖြစ်သည်။ ဤပုံစံအားနောက်ဆုံးဆောင်ရွက်ရန်နည်းလမ်းအဖြစ်ထားရှိရမည်၊ ဤဆောင်ရွက်မှုပုံစံသည် ဆုံးဖြတ်ချက်ချမှတ်သူများ၏ သဘောထားများဆန့်ကျင်ဖက်အဖြစ်ပြောင်းလဲသွားနိုင်သောကြောင့်ဖြစ်သည်။ ထို့ထက်ပို၍တား မြစ်ကန့်ကွက်ခြင်းသည် စည်းမဲ့ကမ်းမဲ့ပုံစံသို့လည်း ပြောင်းလဲသွားနိုင်ပြီး သတင်းမီဒီယာများ၏ ဆန့်ကျင်ဖက်အမြင်များကိုဖြစ် ပေါ်စေနိုင်သည့်အပြင် ပါဝင်လှုပ်ရှားသူများအဖမ်းခံရခြင်းဖြင့် လုပ်ငန်းစဉ်၏ဂုဏ်သိက္ခာနှင့်အရှိန်အဝါကို ထိခိုက်စေနိုင်သည်။

## သတင်းမီဒီယာများအားအသုံးချခြင်း

ဆုံးဖြတ်ချက်ချမှတ်သူများအား တိုက်ရိုက်တွန်းအားပေးရာတွင် သတင်းမီဒီယာများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် မည်သည့်ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းစဉ်အတွက်မဆို လိုအပ်သည့်လုပ်ဆောင်မှုတရပ်ဖြစ်သည်။ သတင်းမီဒီယာလူမှုအ သိုင်းအဝိုင်းတိုင်းတွင် သြဇာကြီးသည့် အင်အားစုတရပ်ဖြစ်သည်၊ သတင်းမီဒီယာသည် ကမ္ဘာနှင့်၎င်း၏ပုံရိပ်အပေါ် လူများ၏ အမြင်ကိုပင် ပြောင်းလဲစေနိုင်သည်၊ အဘယ်ကြောင့်ဆိုသော် မီဒီယာသည် ပိုမိုကျယ်ပြန့်သည့် ပရိသတ်ထံရောက်ရှိနိုင်သော ကြောင့်ဖြစ်သည်၊ မီဒီယာသည် လူထု၏စိတ်ပါဝင်စားမှုတိုးတက်လာအောင်ဆောင်ရွက်ရာတွင်အရေးပါသည့် အခန်းကဏ္ဍတွင် ပါရှိသည်၊ အထောက်အပံ့ဖြစ်စေသည့်အပြင် ဆုံးဖြတ်ချက်ချမှတ်သူများကိုလည်း တွန်းအားပေးနိုင်သည်။ သတင်းမီဒီယာမည်

သို့မည်ပုံအလုပ်လုပ်သည်ကိုနားလည်ရန်နှင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းလျှင်မြန်စွာတိုးတက်လာစေရန် သတင်းမီဒီယာအား မည်သို့အသုံးချရမည်ကို နားလည်သဘောပေါက်ရန်လိုအပ်သည်။

သတင်းမီဒီယာကဏ္ဍနှင့်အလုပ်လုပ်ဆောင်ရာတွင် သတင်းဂျာနယ်သမားများ၊ သတင်းထောက်များနှင့်ဆက်ဆံရေး ကောင်းမွန်ရန်အရေးကြီးသည်။ ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ အကြောင်းအရာအား တာဝန်ခံပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်မှုရှိသည့် အဖွဲ့အစည်းအသစ်များ၊ အယ်ဒီတာများနှင့် သတင်းဂျာနယ်သမားများအားရှာဖွေဖော်ထုတ်နိုင် လျှင်အကျိုးရှိမည်ဖြစ်သည်။ သတင်းမီဒီယာအားအဆက်အသွယ်ပြုလုပ်နိုင်ရန်အတွက် အလားတူလုပ်ငန်းမျိုးဆောင်ရွက်နေ သည့်အခြားအဖွဲ့အစည်းများ၏ မီဒီယာအဆက်အသွယ်များကိုမျှဝေရန်အကူအညီတောင်းပါ သို့မဟုတ် အဓိကသတင်းဌာန များသို့တိုက်ရိုက်ဆက်သွယ်၍ ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုအကြောင်းအရာနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ရန်စိတ်ဝင်စား သောသတင်းဂျာနယ်သမားများ၏အဆက်အသွယ်ကို တောင်းယူပါ။ သတင်းမီဒီယာနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် သတင်း ဌာနမှ အလုပ်သမားမျာသက်သက်ကိုသာမက စည်းရုံးလှုံ့ဆော်မည့်ကိစ္စရပ်နှင့်ပတ်သက်သည့် အကြောင်းအရာတစိတ်တ ဒေသ၏ ဇာတ်လမ်းများတွင်ပါဝင်သရုပ်ဆောင်နေသည့် သတင်းမီဒီယာသမားများကိုပါ ချဉ်းကပ်စည်းရုံးပါ။

စည်းရုံးလှုံ့ဆော်ရေးသမားများသည် ၎င်းတို့၏နေ့စဉ်လုပ်ငန်းဘဝတွင် စိန်ခေါ်မှုများဖြင့် မကြာခဏတွေ့ကြုံရသကဲ့သို့ သတင်းသမားများသည်လည်း၎င်းတို့၏လုပ်ငန်းတွင် လွတ်လပ်မှုအားအကန့်အသတ်ဖြင့်ရှိနေသည့် စိန်ခေါ်မှုများအားကြုံတွေ့ နေရပေသည်။ သတင်းအချက်အလက်များအား ပိတ်ပင်မှုများနှင့်ဆင်ဆာဖြတ်တောက်မှုများသည် သတင်းလွတ်လပ်စွာစီးဆင်း မှုကိုအဟန့်အတားဖြစ်စေပြီး အရေးပါသည့်သတင်းအချက်အလက်များကိုနှောင့်နှေးစေသည်။ အချို့နိုင်ငံများတွင် အစိုးရင်ခံ ထုတ်ပြန်နိုင်သည့်ခေါင်းစဉ်များကို အစိုးရကိုယ်၌ကတင်းတင်းကျပ်ကျပ်ထိန်းချုပ်ထားသည်၊ သတင်းပုံနှိပ်လုပ်ငန်းကို ကော်ပိုရေး ရှင်းကြီးများကပိုင်ဆိုင်ခြင်းသည် ရွေးချယ်ထားသည့်အကြောင်းအရာနှင့်ပတ်သက်၍ ကြော်ငြာထုတ်လုပ်ခွင့်အတွက် အခက်အ ခဲဖြစ်စေသည်။ ကော်ပိုရေးရှင်းကြီးများသည် ၎င်းတို့၏ လုပ်ငန်းများအတွက် စီးပွားရေးအရအကျိုးမဖြစ်ထွန်းသည့် အကြောင်း ကိစ္စများအားကန့်သတ်ပိတ်ပင်ထားပြီး သတင်းအချက်အလက်များအား ၎င်းတို့စိတ်ဝင်စားသည့်ကဏ္ဍအပေါ် ဖြည့်ဆည်းပေး ရန်ထိန်းချုပ်ထားတတ်ကြသည်။ သတင်းသမားများ၏အကန့်အသတ်နှင့်ရှိနေမှုကို နားလည်လက်ခံပြီး အလဟဿကျိုးပမ်းမှု မဖြစ်စေရန် အဆိုပါကိစ္စအားစိတ်ထဲတွင်သာထားပါ။

စည်းရုံးလှုံ့ဆော်မှုဆိုင်ရာလှုပ်ရှားမှုများနှင့် အကြောင်းအရာများအား သတင်းမီဒီယာတွင် လက်ခံကြေငြာခွင့်ရရန်မှာ အရေးကြီးပြီး သတင်းမီဒီယာလောက၏ အာရုံစူးစိုက်မှုခံရစေရန်အတွက် ကြိုတင်စီမံချက်ချမှတ်ရန်အရေးကြီးသည်။ လှုံ့ဆော်မှု ဆိုင်ရာအကြောင်းအရာအပေါ် သိမြင်စွမ်းတိုးတက်နိုင်စေသည့် အဖြစ်အပျက်တရပ်အားပြင်ဆင်နေချိန်တွင် ရှိသမျှသတင်းမီဒီ ယာကွန်ယက်များအား တတ်နိုင်သမျှအကြောင်းကြားပါ။ ဖိတ်ကြားမှုတွင် ပါဝင်သည့်အကြောင်းအရာများ၊ မည်သူများတက် ရောက်မည်၊ အဘယ်ကြောင့်ဤဖြစ်ရပ်သည် တန်ဖိုးထားဆောင်ရွက်ရန်အရေးပါသည် စသည်ဖြင့် အဆိုပါဖြစ်ရပ်နှင့်ပတ်သက် ၍ရှင်းပြပါ။ အဆိုပါဖြစ်ရပ်အား သတင်းမီဒီယာတွင်ပါဝင်ရန်သေချာပါစေ၊ ထို့နောက် လတ်တလောအများစိတ်ဝင်စားနေသော အဖြစ်အပျက်အဖြစ် သတင်းမီဒီယာလောကသို့ဆက်သွယ်အကြောင်းကြားပါ။

သတင်းမီဒီယာများတွင် ကြော်ငြာအဖြစ်ပါဝင်နိုင်စေရန် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပါ –

- အဓိကအချက်များအား အကျဉ်းချုပ်သဘောထားများ သို့မဟုတ် အသံသွင်းမှတ်တမ်းများအဖြစ်ပြင်ဆင်ထားပါ၊ အ ရေးကြီးသောအချက်များ အဓိကပါဝင်စေရန်သေချာအောင်လုပ်ပါ၊ နောက်ခံသမိုင်းကြောင်းအချက်များအား နောက်မှ ထပ်မံဖြန့်ချီပေးပါ။
- အရေးကိစ္စနှင့်ပတ်သက်၍ပြင်ဆင်ပါ၊ အဖွဲ့အစည်းအကြောင်းနောက်ထားပါ။
- ချဉ်းကပ်စည်းရုံးမှုဆိုင်ရာအကြောင်းအရာများနှင့်လက်ရှိဖြစ်ရပ်များဆက်စပ်ပေးပါ သို့မဟုတ် စာဖတ်သူများစိတ်ပါဝင် စားမည့်အကြောင်းအရာများကို ထည့်သွင်းဖော်ပြပါ။
- နာမည်ကျော်ကြားသူများ၊ ခေါင်းဆောင်များ၊ အများစိတ်ဝင်စားအောင်ပြောနိုင်သူများအား ပြောရေးဆိုခွင့်နေရာကို ပေးထားပါ။
- မိမိတို့ရုပ်ပုံများကိုထည့်သွင်းဖော်ပြရန်ဆန္ဒရှိသော အထိခိုက်ခံလူထု၏ကိုယ်စားလှယ်များနှင့်ဆက်သွယ်ရမည့် လိပ် စာများပေးထားပါ။

- ပုံနှိပ်စာမျက်နှာများအတွက် လူထုကိုနှိုးဆွနိုင်သည့် ပုံများကိုပံ့ပိုးပေးပါ။
- သတင်းထောက်များ၏အလုပ်မရှုပ်ရန်အတွက် သတင်းမီဒီယာတွင် အဆင်သင့်ထည့်သွင်းဖော်ပြနိုင်သည့်သတင်းများ ဖြစ်အောင်စီစဉ်ထားပေးပါ။
- လှုပ်ရှားမှုဖြစ်စဉ်ကိုယ်စားရွေးချယ်တာဝန်ပေးထားသည့် ပုဂ္ဂိုလ်များသာ ဖြစ်ရပ်၏အခြေအနေကို သတင်းမီဒီယာများ သို့ပြောပြရန်တာဝန်ပေးပါ၊ ဒီသို့ဆောင်ရွက်ရခြင်းသည် သတင်းအချက်အလက်များရှုပ်ထွေးမှုကိုတားဆီးရန်ဖြစ်ပြီး လှုပ်ရှားမှုဖြစ်စဉ်တခုအတွက် တဦးကိုသာတာဝန်ပေးပါ။

## သတင်းမီဒီယာချဉ်းကပ်စည်းရုံးမှုဆိုင်ရာနည်းနာများ

ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလုပ်ရှားမှုများတွင် ပေးပို့လိုသည့်သတင်းအချက်အလက်များအား အကူအညီပေးနိုင်သည့် သတင်းလောကအမျိုးမျိုးရှိပါသည်။ အချို့သည်သတင်းဌာနများသည် အခြားသောသတင်းဌာနများထက် လူအများ၏ယုံကြည် လက်ခံမှုပိုမိုရရှိပါသည်။ သတင်းမီဒီယာလောကတမျိုးစီ၏ တိုးတက်မှုနှင့်အားနည်းချက်များကိုကောင်းစွာနားလည်ခြင်းဖြင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက် မည်သည့်နည်းလမ်းသည် အကျိုးအများဆုံးဖြစ်ထွန်းနိုင်သည်ကို စဉ်းစားဆုံးဖြတ်ပါ။
အောက်တွင်သတင်းလောကပုံစံအမျိုးမျိုးအနက်အချို့ကို သာဓကအဖြစ်ဖော်ပြထားပါသည်။

### ၁။ သတင်းထုတ်ပြန်ကြေငြာချက်

သတင်းထုတ်ပြန်ကြေငြာချက်ထုတ်ပြန်ခြင်းသည် သတင်းမီဒီယာမှတဆင့် ဇာတ်လမ်းတခု သို့မဟုတ် တိုးတက်မှုတခု အား သတိပြုနိုင်ရန်တင်ပြလိုက်ခြင်းဖြစ်သည်၊ ထုတ်ပြန်ကြေငြာချက်သည် တမျက်နှာထက်မပိုသင့်ပေ၊ အခြားတိုးတက်ဖြစ်ပေါ် မှုနှင့်နောက်ခံသမိုင်းကြောင်းအခြေအနေများကို နောက်ပိုင်းတွင် ပို၍ကျယ်ပြန့်သည့် အကြောင်းအရာများနှင့်ပတ်သက်၍ဖော် ပြချိန်တွင် အသေးစိတ်တင်ပြနိုင်သည်။ ထို့နောက်သတင်းထုတ်ပြန်ကြေငြာချက်အား သတင်းဌာနများသို့ပေးပို့လိုက်ရမည်ဖြစ် သည်။ အဆိုပါကြေငြာချက်အားထုတ်ဝေဖြန့်ချီရန်စိတ်ဝင်စားသည့် သတင်းဌာနများအနေဖြင့် ပေးပို့လိုက်သည့်စာသား အတိုင်းသော်လည်းကောင်း၊ နောက်ခံအချက်အလက်များဖြည့်စွက်၍သော်လည်းကောင်း ဖြန့်ချီလိမ့်မည်ဖြစ်သည်။
သတင်းထုတ်ပြန်ကြေငြာချက်နှင့်ပတ်သက်၍ စနစ်ကျသောပုံစံများရှိပါသည်၊ ယေဘုယျအားဖြင့် သတင်းထုတ်ပြန် ကြေညာချက်အတွက် အောက်ပါအချက်အလက်များနှင့်ပြည့်စုံရန်လိုအပ်ပါသည်။

- ပေးထားသည့်ခေါင်းစဉ်သည် ထုတ်ပြန်ချက်တခုလုံး၏အနှစ်ချုပ်ကို စုစည်း၍အကျဉ်းချုပ်ဖော်ပြထားသည့် စကားလုံး များဖြင့်တန်ဆာဆင်ခြင်းဖြင့် အာရုံကိုသိမ်းကြုံးယူငင်နိုင်ရမည်။
- “ဘ” ၆ လုံးစနစ်ဖြစ်သည့်၊ “ဘယ်သူ၊ ဘာလဲ၊ ဘယ်မှာ၊ ဘာကြောင့်၊ ဘယ်အချိန်နှင့် ဘယ်လို” အခြေခံအချက်များ နှင့်ပြည့်စုံရမည်၊ အရေးကြီးဆုံးသတင်းကိုရှေ့တန်းတင်၍ အရေးသိပ်မကြီးသောသတင်းများဖြင့် တန်ဆာဆင်ရမည်။
- နောက်ဆက်တွဲသတင်းအချက်အလက်များကို ပေးပို့နိုင်သည့် အဓိကဆက်သွယ်ရမည့်သူအား ဖော်ပြထားပြီး ဖုန်း၊ ဖက်စ်၊ အီးမေးလ်စသည်ဖြင့် ဆက်သွယ်ရမည့် လိပ်စာအသေးစိတ်အားပေးအပ်ထားရမည်။
- ထုတ်ပြန်သည့်ရက်စွဲသည် သတင်းထုတ်ပြန်ကြေငြာချက်အား စတင်ဖြန့်ချီသည့်နေ့ဖြစ်သည်၊ ၎င်းကိုထုတ်ပြန်ချက်စာ မျက်နှာ၏ထိပ်တွင် ရှင်းရှင်းလင်းလင်းဖော်ပြထားရမည်၊ သတင်းထုတ်ပြန်ကြေငြာချက်အား အရေးပေါ်လည်းထုတ် ပြန်နိုင်သည်။ ထိုသို့ထုတ်ပြန်မှုမျိုးဖြစ်လျှင် “အရေးပေါ်ထုတ်ပြန်ကြေငြာချက်” ဟုရေးသားဖော်ပြထားရမည်။
- အထိခိုက်ခံလူထု၏အဖွဲ့ဝင်များ၊ လူထုလေးစားရှိသေသူများနှင့် ခေါင်းဆောင်များ၏ပြောစကားများကို ကိုးကားဖော် ပြနိုင်လျှင်လည်းကောင်းသည်၊ ကိုးကားချက်များကို ပထမနှင့်ဒုတိယစာပိုဒ် (၂)ခုအကြားတွင် ထည့်သွင်းဖော်ပြ နိုင်သည်။

## ၂။ သတင်းစာရှင်းလင်းပွဲ

သတင်းစာရှင်းလင်းပွဲများကို အစီရင်ခံစာထုတ်ပြန်ရန်၊ ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းအောင်မြင်မှုများထုတ်ပြန်ရန်ကဲ့သို့သောအရေးကြီးကြေငြာရန်ကိစ္စများ သို့မဟုတ် အခြေအနေဆိုးများမှတိုးတက်ကောင်းမွန်လာခြင်းစသည့် အရေးကြီးကိစ္စများကိုထုတ်ပြန်ကြေငြာရန် ခေါ်ယူလေ့ရှိသည်။

သတင်းစာရှင်းလင်းပွဲတရပ်ကိုခေါ်ယူနိုင်ရန်အတွက် ပြင်ဆင်မှုအဆင့်ဆင့်ကိုပြုလုပ်ရန်လိုအပ်သည်။ နေ့ရက်နှင့်နေရာသတ်မှတ်ခြင်း၊ သတင်းဌာနအသီးသီးအားရက်စောစောပိုင်းကပင် ကြိုတင်ဖိတ်ကြားမှုများပြုလုပ်ခြင်း၊ ဖြစ်နိုင်ပါက သတင်းစာရှင်းလင်းပွဲတွင်ဖြန့်ဝေနိုင်ရန် လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများကြိုတင်ပြင်ဆင်ထားခြင်း၊ စကားပြောမည့်သူများအားကြိုတင်စီစဉ်ထားခြင်းနှင့် စိတ်ဝင်စားစွာကြည့်ရှုနိုင်စေရန် အစီရင်ခံတင်ပြချက်များပြင်ဆင်ခြင်း၊ သတင်းစာရှင်းလင်းပွဲသည် အကုန်အကျရှိသော အစီအစဉ်တရပ်လည်းဖြစ်ပါသည်။

## ၃။ အယ်ဒီတာသို့ပေးစာ

သတင်းစာနှင့်မဂ္ဂဇင်းများတွင် အယ်ဒီတာထံသို့ပေးစာများသည် စာဖတ်သူများအနေဖြင့် ၎င်းသတင်းစာနှင့်မဂ္ဂဇင်းများတွင်ဖော်ပြထားသည့် အကြောင်းအရာများအပေါ် ဖတ်ရှု၍သဘောထားမှတ်ချက်ပေးရန်အခွင့်အလမ်းများ ရရှိနိုင်စေပါသည်၊ စာနယ်ဇင်းများတွင် စာများကိုအကန့်အသတ်ဖြင့်သာရွေးချယ်ဖော်ပြသည်ဖြစ်ရာ အယ်ဒီတာထံပေးစာသည် ပိုမိုကျယ်ပြန့်သည့်ပရိသတ်နှင့်ဆက်သွယ်ရန် ရိုးစင်းသည့်နမူနာသာဖြစ်ပါသည်။

စာနယ်ဇင်းအများစုတွင် အယ်ဒီတာထံပေးစာကဏ္ဍနှင့်ပတ်သက်၍ အထူးပြုလမ်းညွှန်ပုံစံများရှိပါသည်၊ အချို့မှာစာလုံးရေအကန့်အသတ်ဖြင့်သာခွင့်ပြုပါသည်၊ အများစုသောစာနယ်ဇင်းများသည် အယ်ဒီတာထံပေးစာများနှင့်ပတ်သက်၍ စာလုံးရေ (၂၀၀) အောက်ပေးစာများကိုသာ အလိုရှိကြပါသည်။ အဓိပ္ပါယ်မှာ စာသားသည်အကျဉ်းချုပ်ပြီးနားလည်လွယ်အောင်ရေးသားရမည်ဖြစ်ပါသည်။ စာနယ်ဇင်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်အခွင့်အလမ်းတိုးတက်စေရန် ပေးပို့စာများသည် စာနယ်ဇင်းများကထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်ညီညွတ်ရပါမည်၊ ပြီးခဲ့သည့်သတင်းဆောင်းပါးများအားပြန်ညွှန်းဆိုခြင်း သို့မဟုတ် လက်ရှိအခြေအနေများနှင့် ဆက်သွယ်ရန်အချက်အလက်များပါလျှင်လုံလောက်ပါသည်။

## ၄။ သဘောထားဖော်ပြချက်ဆောင်းပါးများ

အယ်ဒီတာထံပေးစာများအပြင် သတင်းစာများတွင် “လူထုအမြင်ကဏ္ဍ” များထည့်သွင်းဖော်ပြတတ်ပါသည်၊ ဤကဏ္ဍတွင်အဓိကရေးသူများသည် သတင်းဂျာနယ်သမားများမဟုတ်ဘဲ လူထုအသိုင်းအဝိုင်းမှ အဖွဲ့ဝင်များဖြစ်ပါသည်။

“လူထုအမြင်ကဏ္ဍ” သည် လူထုများနှင့်သက်ဆိုင်သည့် သို့မဟုတ် အငြင်းပွားနေကြရသည့် အကြောင်းအရာများနှင့်ပတ်သက်၍ လူထုများ၏အမြင်သဘောထားကို ပိုမိုကျယ်ပြန့်စွာဖော်ပြနိုင်ရန်အခွင့်အလမ်းများကိုဖန်တီးပေးပါသည်။ လူထုအမြင်သဘောထားများအား ထုတ်ဝေဖြန့်ချီရန်ကိစ္စသည် အယ်ဒီတာထံပေးပို့စာကိစ္စထက်ပိုမို ခက်ခဲပါသည်၊ စာနယ်ဇင်းများတွင်ဖော်ပြမှုအခွင့်အလမ်းရရှိနိုင်ရန် အကြောင်းအရာများသည် လက်ရှိအခြေအနေများနှင့်ဆက်စပ်မှုရှိနေရပါမည်။

## ၅။ ရေဒီယိုနှင့်တယ်လီဗေးရှင်းများတွင် ပါဝင်တင်ပြနိုင်ခွင့်

အချို့နိုင်ငံများတွင် သတင်းမီဒီယာများကိုတင်းတင်းကျပ်ကျပ်ထိန်းချုပ်ထားသည်ဖြစ်၍ တီဗွီနှင့်ရေဒီယိုအစီအစဉ်များတွင်တင်ပြရန်မဖြစ်နိုင်ပါ၊ အချို့နိုင်ငံများတွင်ဖြစ်နိုင်ခြေအလားအလာရှိပါသည်၊ မည်သို့ပင်ဖြစ်စေ တီဗွီနှင့်ရေဒီယိုအစီအစဉ်သည် အကျယ်ပြန့်ဆုံးသော လက်ခံကြားနာမည့်ပရိသတ်ထံရောက်ရန် အထိရောက်ဆုံးသတင်းမီဒီယာဖြစ်ပါသည်။

တီဗွီနှင့်ရေဒီယိုအစီအစဉ်တွင် တင်ပြနိုင်ရန် တင်ဆက်မည့်သူသည် မိမိကိုယ်မိမိအပြည့်အဝယုံကြည်မှုရှိရန်၊ ဇဟုသုတနှင့်ပြည့်စုံရန်နှင့်အတွေ့အကြုံရင့်ကျက်ရန်အလွန်လိုအပ်ပါသည်။ တီဗွီနှင့်ရေဒီယိုအစီအစဉ်တွင် တက်ဆက်နိုင်ရန်အတွက် အောက်ပါအချက်များနှင့်ပြည့်စုံရန်လိုပါမည်။

- အကြောင်းအရာတခုအပေးတွင်အာရုံစူးစိုက်၍ အဖန်ဖန်တင်ပြပါ၊ မူရင်းအဓိကအချက်မှလွဲချော်မသွားပါစေနှင့်၊
- အကြောင်းအရာနှင့်ဘာသာစကားကိုအရိုးစင်းဆုံးသုံးပါ၊ ရှုပ်ထွေး၍အငြင်းပွားနိုင်သည့်အသုံးအနှုံးများရှောင်ပါ၊ ဤကိစ္စအားဆောင်ရွက်နေသူများသာမက လူတိုင်းနားလည်စေသည့်ဘာသာစကားကို သုံးပါ။
- နှစ်လိုဖွယ်အမှုအရာထားပါ၊ စည်းရုံးလှုံ့ဆော်သည့်ကိစ္စနှင့် ပါဝင်သည့်အကြောင်းအရာများနှင့်ပတ်သက်၍မိမိ၏ ပြင်းပြင်းထန်ထန်ခံစားမှုကိုဖော်ပြပါ။
- သက်တောင့်သက်သာမရှိသော၊ ခက်ခဲသောမေးခွန်းများကို ဖြေဆိုနိုင်ရန်ကြိုတင်ပြင်ဆင်ထားပါ။
- ပင်ကိုယ်အသံဖြင့်ရှင်းလင်းပြတ်သားစွာပြောပါ၊ ဒေါသဖြစ်ခြင်းမှရှောင်ရှားပါ။
- တွေ့ဆုံမေးမြန်းသူနှင့် မျက်လုံးခြင်းတွေ့ဆုံမှုအကောင်းဆုံးအနေအထားတွင်ထားပါ။

**၆။ အင်တာနက်**

အင်တာနက်သည် ချဉ်းကပ်စည်းရုံးမှုလုပ်ငန်းစဉ်အား ကမ္ဘာလုံးအတိုင်းအတာဖြင့်ဆောင်ရွက်လာနိုင်စေသည့် ခေတ်ပြောင်းတော်လှန်ရေးတရပ်ဖြစ်သည်၊ အင်တာနက်သည် အချိန်၊ ငွေအကုန်အကျသက်သာသည်၊ သက်တောင့်သက်သာရှိပြီး တကမ္ဘာလုံးရှိပရိသတ်ထံ အလွယ်တကူရောက်ရှိနိုင်သည်။ သို့ရာတွင်ပရိသတ်သည်အကန့်အသတ်ဖြင့်ရှိနေပြီး လိုအပ်သည့်ရုပ်ဝတ္တုပစ္စည်းနှင့်နည်းပညာရှိရန်လိုအပ်သည်။ အင်တာနက်စာမျက်နှာတည်ဆောက်ခြင်းအပြင် Blogs စာမျက်နှာများ၊ ပုံနှင့်ဇာတ်လမ်းများတင်ခြင်းနှင့် အင်တာနက်စကားပြောခန်းတို့သည် ခေတ်နှင့်ယှဉ်၍တိုးတက်လာသော ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုဆိုင်ရာနည်းလမ်းများဖြစ်လာနေကြသည်။ ထို့ထက်ပို၍အကြောင်းအရာအမျိုးမျိုးနှင့်ပတ်သက်၍တင်ထားသည့် စာမျက်နှာစာရင်းများသည် အလွယ်တကူဆက်သွယ်ဝင်ရောက်နိုင်သဖြင့် ပရိသတ်အလွှာအသီးသီး၏ စိတ်ဝင်စားမှုကိုလက်ခံရရှိနိုင်သည်။

**၇။ သတင်းစာစောင်များ**

သတင်းစာစောင်များသည် ချဉ်းကပ်စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ရှားမှုများ၊ အဖြစ်အပျက်များ၊ အကြောင်းအရာများနှင့် ပတ်သက်၍နောက်ဆုံးအခြေအနေအကျဉ်းချုပ်ကို ဖော်ပြပေးနိုင်သည်။ အချို့သတင်းစာစောင်များသည် အခြားစာစောင်များထက်ပို၍ဈေးကြီးကြသည်၊ သတင်းစာစောင်အများစုသည် နောက်ပိုင်းတွင် အင်တာနက်သုံးစနစ်များဖြင့်ဖြန့်ချီလာကြသည်။ သို့ရာတွင်အချို့စာစောင်များကိုမူ ပုံနှိပ်ရော လျှပ်စစ်ကဏ္ဍာဖြန့်ချီမှု (၂)မျိုးစလုံးရနိုင်သည်။ သတင်းစာစောင်များသည် အချိန်ကာလတခုအတွင်း လူအစုအဝေးတခုနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ရန်ကောင်းသည့် အနေအထားကိုဆက်လက်ထိန်းသိမ်းထားသင့်သည်။

**၈။ ပိုစတာများ၊ စတစ်ကာ၊ ပင်အပ်များနှင့် အဝတ်အစားဒီဇိုင်းများ**

ပိုစတာများ၊ စတစ်ကာ၊ ပင်အပ်များနှင့် အဝတ်အစားဒီဇိုင်းများသည် စည်းရုံးလုပ်ရှားမှုအားမြင်သာအောင်ပြုမူနိုင်သည့် ပစ္စည်းကိရိယာများဖြစ်သည်။ ဤပစ္စည်းများဖြင့် သတင်းအချက်အလက်များမှတ်မိလွယ်စေရန် ဒီဇိုင်းပုံစံအမျိုးမျိုးကို အကောင်းဆုံးပြုလုပ်နိုင်သည်။ ဘာသာစကားအမျိုးမျိုးအသုံးပြုသော သို့မဟုတ် စာပေတတ်မြောက်မှုအဆင့်နိမ့်ကျသော ပရိတ်သတ်အတွက် စာများကိုအသုံးပြုခြင်းထက် ပုံများဖြင့်ကိုယ်စားပြုဖော်ပြနိုင်သည်။ စာလုံးများအစား ရုပ်ပုံများကိုအသုံးပြုရသည်ဖြစ်၍ ရုပ်ပုံများသည် ပေးလိုသည့်သတင်းအချက်အလက်များကို ရှင်းရှင်းလင်းလင်းနှင့်မြင်သာအောင် ပြင်ဆင်ထားရှိရန်လိုပါသည်။

**၃။ အခြားရွေးချယ်စရာသတင်းမီဒီယာများ**

မိမိစည်းရုံးလိုသည့်ပရိသတ်ထံပေးပို့လိုသည့်အချက်အလက်များ ရောက်ရှိအောင်ဆက်သွယ်ဆောင်ရွက်နိုင်သည့် နည်းလမ်းများစွာရှိပါသည်၊ ချဉ်းကပ်စည်းရုံးမှုဆိုင်ရာလှုပ်ရှားမှုနှင့်ပတ်သက်၍ ပို၍တီထွင်ဖန်တီးလုပ်ကိုင်နိုင်လေ ပို၍များသော လူထုပရိသတ်ထံရောက်လေဖြစ်ပါသည်။ ပုံမှန်အားဖြင့် စာတတ်မြောက်မှုနှုန်းနည်းပါးသော သို့မဟုတ် ဘာသာစကားစုံ ပြောဆိုသော လူထုပရိသတ်အတွက် အခြားမီဒီယာနည်းလမ်းများဖြင့်ရွေးချယ်ချဉ်းကပ်ခြင်းသည် ပို၍ထိရောက်နိုင်ပါသည်။ ဥပမာအားဖြင့် ကာတွန်းရုပ်ပြစာအုပ်များ၊ လမ်းဘေးစင်တင်ပြဇာတ်များနှင့် တေးသီချင်းများသီကုံးစပ်ဆိုမှုများဖြင့် လူထုအား ပညာပေးခြင်းနှင့် စိတ်ဓါတ်မြှင့်တင်ပေးခြင်းဖြင့် စည်းရုံးနိုင်ပါသည်။ ဤကဲ့သို့သောနည်းလမ်းများဖြင့်လုပ်ဆောင်ရာတွင် တွေ့ရှိနိုင်သည့် အခက်အခဲတရပ်မှာ တဖက်တွင်ဖျော်ဖြေတင်ဆက်ခြင်းပြုလုပ်နေသကဲ့သို့ အခြားတဖက်တွင် မိမိပေးလိုသည့် အချက်အလက်အား ရှင်းရှင်းလင်းလင်းဖြင့်မြင်သာအောင်တင်ပြပေးကြောင်း သေချာစေရန်ဖြစ်ပါသည်။

# အခန်း–(၁၁)

# ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလုပ်ဆောင်မှုအားပြန်လည်သုံးသပ်ခြင်း

**ရည်ရွယ်ချက်များ**

- ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှုအား ကာလအပိုင်းအခြားဖြင့် ပြန်လည်သုံးသပ်နိုင်ရန်၊
- မဟာဗျူဟာနှင့်လှုပ်ရှားမှုတည်ဆောက်ပုံအား သင့်တော်သလို ပြောင်းလဲအသုံးပြုနိုင်ရန်၊

## ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှုအားပြန်လည်သုံးသပ်မှုဖြစ်စဉ်

အဖွဲ့အစည်း၏အရည်အသွေးကိုအားကောင်းလာစေရန်နှင့် ချဉ်းကပ်လှုပ်ရှားမှု၏ရည်မှန်းချက်များအား တိုးတက်ကောင်းမွန်လာစေရန် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှုနှင့်ပတ်သက်၍ အမြဲတစေပြန်လည်သုံးသပ်ရန်နှင့် ပုံစံဆန်းသစ်တီထွင်နေရန်လိုအပ်သည်။ ဤအကဲဖြတ်မှု၏ရည်ရွယ်ချက်မှာ ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှု မည်ကဲ့သို့အောင်မြင်သည်၊ မည်သည့်အားနည်းချက်များကိုကြုံတွေ့ခဲ့ရသည် စသည်ဖြင့် လေ့လာသုံးသပ်၍ အနာဂတ်တွင်ပို၍ကောင်းမွန်သောမဟာဗျူဟာတရပ်ကို ပုံစံတကျချမှတ်အကောင်အထည်ဖော်နိုင်ရန်ဖြစ်သည်။

ဤအဆင့်သည် အချိန်ကာလတခုအတွင်း စီစစ်ရွေးချယ်ထားသည့် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှုတရပ်ပြီးဆုံးအောင်ဆောင်ရွက်ပြီးချိန်တွင် ဆောင်ရွက်ရမည်ဖြစ်သည်။ အဓိကဆောင်ရွက်ရမည့်အချက်မှာ လှုပ်ရှားမှု၏ကာလရှည်မျှော်မှန်းချက်များ သို့မဟုတ် ပို၍ကျယ်ပြန့်သော ချဉ်းကပ်စည်းရုံးမှုအကြောင်းအရာနှင့်ပတ်သက်ပြီး စဉ်းစားသုံးသပ်ရန်ဖြစ်သည်။ လုပ်ငန်းအခက်အခဲများကိုထပ်ခါတလဲလဲရှာဖွေဖော်ထုတ်ရန်နှင့် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှု၏ ရည်မှန်းချက်များအပေါ် ပြန်လည်သုံးသပ်တင်ပြနိုင်ရန်အတွက် ပြင်ပမှအတိုင်ပင်ခံများကိုငှားရမ်းအသုံးပြုခြင်းသည် ပို၍အကျိုးသက်ရောက်မှုရှိနိုင်သည်။

ပြန်လည်သုံးသပ်မှုသည် ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှု၏ အဆင့်စီတိုင်းအားပြုလုပ်ရန်လိုအပ်ပြီး အားနည်းချက်နှင့်အားသာချက်များကို ဖော်ထုတ်ရမည်။ အရေးကြီးသည့်အချက်မှာ ချဉ်းကပ်စည်းရုံးခြင်းဆိုင်ရာလှုပ်ရှားမှု၏ ရည်မှန်းချက်များသည် အဘယ်ကြောင့်အောင်မြင်သည် သို့မဟုတ် အောင်မြင်မှုမရသည်ကို ရှင်းရှင်းလင်းလင်းဖော်ထုတ်တင်ပြရန်ဖြစ်သည်။ အခြားအရေးကြီးသည့်အချက်မှာ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းသည် ဆန့်ကျင်ဖက်ရလာဒ်အခြေအနေများကိုသာ တဖက်သတ်သုံးသပ်သည်မဟုတ်ဘဲ အောင်မြင်မှုနှင့်အားသာချက်များကိုလည်း ထင်သာမြင်သာအောင်တင်ပြပေးခြင်းဖြစ်သည်။ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာလုပ်ငန်းအတွက် ပုံစံချမှတ်နိုင်ရန် နောက်ဆက်တွဲ–(၃)၊ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းပုံစံတွင်ကြည့်ပါ။

နောက်ဆက်တွဲ-(၁)။ ။ အငြေမျှားအားခွဲခြမ်းစိတ်ဖျာခြင်းဆိုင်ရာ လုပ်ငန်းပုံစံချပ်

**ရွေးချယ်သည့်ပြဿနာ၊ ။**

**အဆိုပြုဖြေရှင်းချက်၊ ။**

| | |
|---|---|
| အဆိုပြုဖြေရှင်းချက်သည် ပြဿနာအားမည်ကဲ့သို့ ဖြေရှင်းနိုင်ပါမည်လဲ၊ | |
| ရည်မှန်းချက်သည် လူထုအားအရေးယူဆောင်ရွက်မှုများပြုလုပ်ရန်စည်းရုံးနိုင်ပါသလား၊ | |
| ရည်မှန်းချက် ပြည့်မှီအောင်ဆောင်ရွက်ရမည့် အချိန်ကာလသည် မည်မျှဖြစ်ပါသလဲ၊ | |
| ဤဖြေရှင်းချက်မှ မည်သူများက အကျိုးကျေးဇူးရရှိနိုင်ပါသလဲ | |
| ပူးပေါင်းဆောင်ရွက်မှုအုပ်စုဖွဲ့ရန် ရည်မှန်းချက်က မည်သို့အထောက်အကူပြုနိုင်ပါသလဲ၊ | |
| မည်သည့်သတင်းအချက်အလက်များ အားနည်းနေပါသလဲ၊ | |

နောက်ဆက်တွဲ-(၂)။      ။ ချဉ်းကပ်စည်းရုံးမည့်ပရိသတ်အကဲဖြတ် လုပ်ငန်းပုံစံချပ်

**ချဉ်းကပ်စည်းရုံးမှုဆိုင်ရာ ရည်ရွယ်ချက်၊      ၊**

| | | |
|---|---|---|
| ချဉ်းကပ်စည်းရုံးမည့်ပရိသတ် | | |
| အကြောင်းအရာနှင့် ရည်ရွယ်ချက်များ အပေါ် ချဉ်းကပ်စည်းရုံးမည့်ပရိသတ် ၏ အကြားအမြင်ဗဟုသုတ | | |
| အကြောင်းအရာနှင့် ရည်ရွယ်ချက်များ အပေါ် ချဉ်းကပ်စည်းရုံးမည့်ပရိသတ် ၏ ပွင့်လင်းမှု | | |
| ချဉ်းကပ်စည်းရုံးမည့်ပရိသတ်၏ အကြောင်းအရာအပေါ် ဦးစားပေးမှု | | |
| ချဉ်းကပ်စည်းရုံးမည့်ပရိသတ်အား အုပ်စုခွဲခြားခြင်း၊ (မဟာမိတ်၊ ကြားနေ၊ အတိုက်အခံ) | | |
| ချဉ်းကပ်စည်းရုံးမည့်ပရိသတ်နှင့်ပတ်သက်၍ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည့် သုတေသနပြုမှုများ၊ | | |

SARA သင်တန်းလက်စွဲမှ ကောက်နုတ်တင်ပြသည်။

နောက်ဆက်တွဲ-(၃)။ ။ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းပုံစံချပ်

| **အဆင့်** | **စံညွှန်း** | **ကြိုးပမ်းဆောင်ရွက်မှုမည်သို့အောင်မြင်နိုင်မည်လဲ** | **ကြိုးပမ်းဆောင်ရွက်မှုမည်သို့ဆုံးရှုံးနိုင်သလဲ** | **ဘယ်တိုးတက်မှုတွေဆောင်ကျဉ်းနိုင်ခဲ့သလဲ** |
|---|---|---|---|---|
| အဆင့်-(၁) ပြဿနာအားသရုပ်ခွဲခြင်း | ပြဿနာအားပုံဖော်ခြင်း၊ | | | |
| | ပြဿနာအားဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ | | | |
| | ပြဿနာအားခွဲခြမ်းစိတ်ဖျာခြင်း၊ | | | |
| အဆင့်-(၂) ရည်မှန်းချက်အားသရုပ်ခွဲခြင်း | ရည်မှန်းချက်အား ပုံဖော်ခြင်း၊ | | | |
| | ရည်မှန်းချက်အား ခွဲခြမ်းစိတ်ဖျာခြင်း၊ | | | |
| | ရည်မှန်းချက်အား လက်တွေ့ ကျကျပုံစံချခြင်း၊ | | | |
| အဆင့်-(၃) အားအင်မြှင့်တင်ပေးခြင်းနှင့်ပူးပေါင်းဆောင်ရွက်မှုတည်ဆောက်ခြင်း | ပူးပေါင်းပါဝင်မှုတိုးမြင့်လာစေခြင်း၊ | | | |
| | ပေါ်များးစုံလင်မှုအား တိုးမြှင့်ပေးခြင်း၊ | | | |
| | ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖွဲ့စည်းခြင်း | | | |
| | ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အားစီမံခန့်ခွဲခြင်း၊ | | | |
| အဆင့်-(၄) မိမိကိုယ်ကို အကဲဖြတ်ခြင်း | အားနည်းချက်၊ အားသာချက်များကို ပုံဖော်ခြင်း၊ | | | |
| | အပြောင်းအလဲအတွက် ဦးတည်ဆောင်ရွက်ခြင်း၊ | | | |
| | အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ | | | |
| အဆင့်-(၅) ပါဝင်သည့်အခန်းများအပေါ်ခွဲခြမ်းစိတ်ဖျာခြင်း | ပတ်ဝန်းကျင်အခြေအနေအား ပုံဖော်ခြင်း၊ | | | |
| အဆင့်-(၆) စည်းရုံးမည့်ပရိသတ်အားစဉ်းစားသုံးသပ်ခြင်း | စည်းရုံးမည့်ပရိသတ်အားသရုပ်ခွဲခြင်း၊ | | | |
| | စည်းရုံးမည့်ပရိသတ်အားခွဲခြမ်းစိတ်ဖျာခြင်း၊ | | | |
| | စည်းရုံးမည့်ပရိသတ်အား ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ | | | |
| အဆင့်-(၇) သတင်းအချက်အလက်အားတည်ဆောက်ခြင်း | ပါဝင်သောအချက်များ တည်ဆောက်ခြင်း၊ | | | |
| | စည်းရုံးမည့်ပရိသတ်အားပဏာမသတင်းအချက်အလက်များတင်ပြခြင်း၊ | | | |
| အဆင့်-(၈) | ဖြစ်နိုင်ချေမဟာဗျူဟာများသုံးသပ်ခြင်း၊ | | | |
| | ဆုံးဖြတ်ချက်ချမှတ်သူများအား ဖိအားပေးခြင်း၊ | | | |
| | သတင်းမီဒီယာများအားအသုံးချခြင်း၊ | | | |
| | မဟာဗျူဟာများအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ | | | |

## နောက်ဆက်တွဲပတ်ရန်မှတ်ရန်


- Just associates မှ ၂၀၀၂-ခုထုတ်၊ *A new weave of Power, People and Politics: The Action Guide for Advocacy and Citizen*.
- Centre for Development and Population Activities မှ ၁၉၉၉-ခု၊ နိုဝင်ဘာလ (၁) ရက် နေ့ထုတ်၊ *Advocacy: Building Skills for NGO Leaders.*
- Advcacy Institute ၏ အင်တာနက်စာမျက်နှာ၊ www.advocacy.org (၂၀၀၆-ခု၊ နိုဝင်ဘာ လ (၆) ရက်နေ့တွင်နောက်ဆုံးတက်ရောက်ကြည့်ရှုခဲ့သည်)။
- International Planned Parenthood Federation မှ ၁၉၉၅-ခုထုတ်၊ *Advocacy Guide.*
- Bobo, K., J. Kendall နှင့် S. Max တို့ ၁၉၉၁-ခုတွင် ရေးသားခဲ့သည့် *Organizing for Social Change: A Manual for Activist in the 1990s.*
- Institute for Development Research မှ ၁၉၉၂-ခုထုတ် IDR အစီရင်ခံစာ၊ အတွဲ-(၉)၊ အမှတ်-(၂) မှ Covey, J ၏ *A Note on NGOand Policy Influence.*
- Institute for Development Research မှ ၁၉၉၄-ခုထုတ် IDR အစီရင်ခံစာ၊ အတွဲ-(၁၁)၊ အမှတ်-(၈) မှ Covey, J ၏ *Accountability and Effectiveness of NGO Policy Alliance.*
- Institute for Development Research မှ ၁၉၉၇-ခုထုတ်၊ Covey, J နှင့် V. Miller တို့၏ *Avocacy Sourcebook: Frameworks for Planning, Action and Reflection.*
- Society for Participatory Research in Aisa, Institute for Development Research မှ ၁၉၉၁-ခုထုတ်၊ *Holding Together: Collaborations and Partnerships in Real World.*
- Washington Office of Latin America မှ ၂၀၀၁-ခုထုတ်၊ *Manual for Facilitators of Advocacy Training Sessions.*
- Institute for Development Research မှ ၁၉၉၄-ခုထုတ် IDR အစီရင်ခံစာ၊ အတွဲ-(၁၁)၊ အမှတ်-(၅) မှ Miller, V ၏ *NGO and Grassroots Policy Influence: What is Success?*
- POLICY Project မှ ၁၉၉၉-ခုထုတ်၊ *Networking for Policy Change: An Advocacy Training Manual.*
- Midwest Academy မှ ၁၉၉၁-ခုထုတ်၊ *Organizing for Social Change.*
- Academy for Educatinal Development, SARA Project မှ ၁၉၉၅-ခုထုတ်၊ Porter, Robert W., ၏ *Knowledge Utilization and the Process of PolicyFormalation: Toward a Framework for Africa.*
- Jioner Associate, Inc., မှ ၁၉၉၈-ခုထုတ်၊ Scholtes, P., ၏ *The Team Handbook: How to Use Teams to Improve Quality.*
- Academy for Educatinal Development, SARA Project မှ ၁၉၉၇-ခုထုတ်၊ Sharma, Ritu R., ၏ *An Introduction to Advocacy: Training, Support for Analysis and Research in Africa.*
- Youth ALIVE! မှ ၂၀၀၂-ခု၊ ဇူလိုင်လထုတ်၊ *Teens on Target: Advocacy Manual.*
- Advcacy Institute ၏ ၁၉၉၀-ပြည့်နှစ်ထုတ်၊ *The Elements of a Successful Campaign.*
- Inter Action မှ ၁၉၉၅-ခုထုတ်၊ VeneKlasen နှင့် Lisa တို့၏ *Policy Players: A Power Map for Advocacy Planning.*
- Sage Publication, Inc., မှ ၁၉၉၉-ခုထုတ်၊ Wallack, L. et al ၏ *News for Change: An Advocates's Guide to Working with the Media.*